မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၇၁)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၂၀ရက်၊ ဗုဒ္ဓဟူးနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆစ်ဒနီဆိပ်ကမ်းပတ်ဝန်းကျင် သာယာလှပမှု သင်္ဘောဖြင့်လှည့်လည်ကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သြစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီမြို့ ဆိပ်ကမ်းပတ်ဝန်းကျင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၉

သြစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် မတ် ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဆစ်ဒနီမြို့ဆိပ်ကမ်းသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဆစ်ဒနီဆိပ်ကမ်းပတ်ဝန်းကျင်ရှိ SYDNEY Habour၊ Opera House (အမျိုးသားကဇာတ်ရုံ)၊ Rose Bay၊ Shark Island (ငါးမန်းကျွန်း)၊ National Park (အမျိုးသားသဘာဝဥယျာဉ်)၊ Sand Stone (သဲကျောက်တောင်)၊ Taronga Zoo နှင့် Garden Island တို့ကို MV Commissioner 2 သင်္ဘောဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဆစ်ဒနီမြို့ရှိ အစိုးရအိမ်တော်သို့ရောက်ရှိရာ နယူးဆောက်သ်ဝေးပြည်နယ်ဘုရင်ခံ H.E. Professor Marie Bashir က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ဘုရင်ခံနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နယူးဆောက်သ်ဝေးပြည်နယ်ဘုရင်ခံ H.E. Professor Marie Bashir တို့သည် အစိုးရအိမ်တော် သီးသန့်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှု စခန်းသစ်ထပ်မံဖွင့်လှစ်မည်

နေပြည်တော် မတ် ၁၉

မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရန်အတွက် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံများနှင့်လည်း အပြန်အလှန် ကုန်သွယ်မှုတိုးတက် မြင့်မားလာစေရန်အတွက် ထိုင်းနိုင်ငံနှင့် နယ်စပ်ဖြစ်သော ဘုရားသုံးဆူမြို့နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးရန် စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်ကုန်သွယ်မှုတိုးတက်လာစေဖို့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ကြိုးစားနေပါတယ်။ အခုဆိုရင် ထိုင်းနိုင်ငံနဲ့ အပြန်အလှန် ကုန်သွယ်နိုင်ဖို့ ဘုရားသုံးဆူ နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်လှစ်ပေးဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဒီလိုတိုးချဲ့ဖွင့်လှစ်နိုင်လာတာနဲ့အမျှ အပြန်အလှန် ကုန်စည်စီးဆင်းမှုနဲ့ ခရီးသွားလာရေးအတွက်လည်း အဆင်ပြေချောမွေ့လာမှာဖြစ်ပါတယ်" ဟု ၄င်းက ပြောကြားသည်။

သတင်း- ဝေယံဦး

ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ရာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပြန်လည်ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည်။ ဘုရားသုံးဆူ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်နိုင်ပါက မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ နယ်စပ်ကုန်သွယ်ရေးစခန်း ခြောက်ခုမြောက်ဖြစ်လာမည် ဖြစ်သည်။ ငါးခုမြောက် နယ်စပ်ကုန်သွယ်ရေးစခန်းမှာ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မောတောင် နယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည်။

လောလောဆယ်တွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်တို့တွင်ရှိနေပြီး အပြန်အလှန် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုစခန်း စုစုပေါင်း ၁၂ ခု ဖွင့်လှစ်ထားပြီးဖြစ်သည်။

လက်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ တရုတ်နိုင်ငံနှင့် လေးခု၊ ထိုင်းနိုင်ငံနှင့် လေးခု၊ အိန္ဒိယနိုင်ငံနှင့် နှစ်ခု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်ခု တို့ဖြစ်သည်။ ယင်းတို့အနက် မြန်မာနှင့်ထိုင်း အပြန်အလှန် ကုန်သွယ်ပမာဏမှာ ၂၀၁၂ခုနှစ်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၇၆ ဘီလီယံခန့်အထိ ရှိခဲ့သည်။ **(မြန်မာ့အလင်း)**

ယနေ့မာတိကာ

အင်ဒိုနီးရှားလေကြောင်းလိုင်း လေယာဉ်အသစ် ၂၃၄ စင်း ဝယ်ယူ

➤ စာမျက်နှာ-၄

မြန်မာ့ရိုးရာဒေါင်းလန်းလုပ်ငန်း ပျောက်ကွယ်လုဖြစ်နေ

➤ စာမျက်နှာ-၁၃

တိုက်စစ်မှူးနေမာ ဥရောပသို့ရောက်နိုင်

➤ စာမျက်နှာ-၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူငယ်နှင့်ယဉ်ကျေးမှုသင်တန်း

မိဘများက ယခုကဲ့သို့ နွေရာသီကျောင်းပိတ်ပြီဆိုလျှင် မိမိတို့သားသမီးများ အသိပညာဗဟုသုတအမျိုးမျိုး တိုးပွားစေရေးအတွက် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စသည်ဖြင့် သင်တန်းအမျိုးမျိုးသို့ ပို့တတ်ကြပါသည်။ မည်သည့်သင်တန်း တက်ရောက်သည်ဖြစ်စေ အကျိုးမယုတ်ပါ။ အကျိုးရှိပါသည်။

သို့သော် ဘာသာတရား ကိုင်းရှိုင်းရေးအလုပ်သည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ အခြေခံဘာသာရေးအသိ ကြွယ်ဝမှသာလျှင် ယဉ်ကျေးမှုအသိလည်းရှိပါမည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ယဉ်ကျေးမှုအသိများ တိုးပွားအောင် လေ့လာသင်ယူကြရပါသည်။ ယဉ်ကျေးမှုအသိအမြင်ရှိပါမှလည်း ဘဝတစ်လျှောက်လုံး လောကဝတ်အကြောင်းကို ကောင်းစွာသိနိုင်ပေသည်။ ဘဝတွင် နေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်ရန် အရေးကြီးပါသည်။ လောကဝတ်အကြောင်းကို ကောင်းစွာသိရေးအတွက် ယဉ်ကျေးမှုသင်တန်းက အထောက်အပံ့များစွာ ဖြစ်စေနိုင်ပါသည်။

ရှေးအခါက ယခုကဲ့သို့ အတန်းကျောင်းများ မပေါ်များသေးပါ။ ဘုန်းကြီးကျောင်းများကိုသာ အဓိကအားထားပညာသင်ကြားရလေ့ရှိသည်။ အထူးသဖြင့် ကျေးလက်တောရွာများတွင် ဘုန်းကြီးကျောင်းပညာရေးဖြင့်သာ ပြီးခဲ့ကြရသည်။ သို့သော် ထိုခေတ်က ဘုန်းကြီးကျောင်းထွက်များကို အထင်သေး၍မရပါ။ ကူးသန်းရောင်းဝယ်မှုအတွက်လိုအပ်သော ဂဏန်းသင်္ချာအတွက် အချက် အလွန်ကျွမ်းကျင်ကြသည့်အပြင် မင်္ဂလသုတ်၊ ပရိတ်ကြီး ၁၁ သုတ်၊ ၁၀ စောင်တွဲ အစရှိသဖြင့် ဘာသာရေးစာပေများကိုလည်း သင်ယူခဲ့ကြရသည်။ ထိုခေတ်က ဘုန်းကြီးကျောင်းမှ ထွက်လျှင် အတန်းစာများကို တတ်မြောက်ပြီးဖြစ်သည့်အပြင် ဘာသာရေးစာပေများကိုလည်း အထိုက်အလျောက်သင်ယူပြီးဖြစ်သည်။ ထို့ကြောင့်လည်း လောကဝတ်အကြောင်းကို ကောင်းစွာ ဆောင်ရွက်နိုင်ကြပါသည်။

ယနေ့ခေတ်တွင်မူ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို နွေရာသီကျောင်းပိတ်ရက်များတွင် သင်ယူကြလေ့ရှိပါသည်။ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့ရှိ ဘုန်းတော်ကြီးများက ယဉ်ကျေးမှုသင်တန်းများဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိသည်။ ငယ်စဉ်အခါတွင် ဘာသာရေးအသိစိတ်ဓာတ် ကိန်းအောင်ရန် အထူးအရေးကြီးသည်။ ထို့ကြောင့် ဆရာတော်အရှင်ဇနကာဘိဝံသက-

"အိုးမဖုတ်ခင် အိုးလုပ်စဉ်ဝယ်
အိုးတွင်နှိပ်ခတ် တံဆိပ်မှတ်ကား
မပြတ်မဆဲ အိုးပင်ကွဲလည်း
အမြဲတစေ တည်ရှိနေသို့
အထွေထွေသား ကလေးများ၌
ဘုရားတံဆိပ် ဘာသာစိတ်ကို
ခတ်နှိပ်နိုင်မှ သက်ဆုံးကျအောင်
ဗုဒ္ဓဝါဒီ စွဲ၍တည်မည်
ကိုယ်စီခတ်နှိပ်စေသတည်း"ဟူ၍ လူငယ်များအား အသိပေးဆုံးမထားပါသည်။ အိုးလုပ်သည့်အခါ အိုးကို မီးမဖုတ်မီ တံဆိပ်များခတ်နှိပ်ကြရသကဲ့သို့ လူငယ်လူရွယ်ကလေးများသည်လည်း လူ့လောကကြီးတွင် မကျင်လည်မီဘဝကပင် ဘာသာရေးအသိစိတ်ဓာတ်များ ရှင်သန်နေအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့သားသမီးများ လိမ္မာရေးခြားတိုးပွားစေရေးအတွက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများသို့ ပို့ဆောင်သင်ကြားစေအပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဟော်မုန်းရောဂါ အသိပညာများ ပိုမိုပြန့်ပွားလာရေး အလေးထားစီစဉ်ဆောင်ရွက်ပေး

နေပြည်တော် မတ် ၁၉

ယခုကျင်းပမည့် ညီလာခံတွင် NCDs များဖြစ်သည့် ဆီးချို၊ သွေးချိုရောဂါ၊ အဝလွန်ခြင်း၊ သွေးတွင်းအဆီများခြင်း၊ ပီကျူထရီရောဂါများ၊ မျိုးပွားခြင်းဆိုင်ရာဟော်မုန်းများနှင့် ပတ်သက်သည့်ရောဂါများ၊ အရိုးပါးခြင်း၊ အရိုးပွခြင်း၊ လည်ပင်းကြီးဟော်မုန်းများနှင့်ပတ်သက်သည့် ရောဂါများအကြောင်း ဟောပြောပို့ချမည်ဟု သိရကြောင်း၊ ပြည်တွင်းပြည်ပ အထူးကုဆရာဝန်ကြီးများ၊ ပညာရှင်များက ၎င်းရောဂါများနှင့်ပတ်သက်သည့် နောက်ဆုံးပေါ်တွေ့ရှိချက်များနှင့် ကမ္ဘာ့နိုင်ငံများမှ လက်ရှိလိုက်နာကျင့်သုံးနေသည့် ကုထုံးများအကြောင်းကို ဟောပြောဆွေးနွေးကြမည်ဟုလည်း သိရကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတကာပညာရှင်များနှင့် ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံရင်း အတွေ့အကြုံများ ဖလှယ်နိုင်ကြမည်ဖြစ်ကြောင်း။

ပညာရှင်များ၏ အကြံညာဏ်များဖြင့် မိမိတို့၏ ဆေးရုံများတွင် အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ခန်းနှင့် ရောဂါထိန်းချုပ် ကုသခန်းများကို ဆောက်လုပ်ထားရှိသွားကြရမည် ဖြစ်ကြောင်း၊ ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နောင်ငါးနှစ်၊ ၁၀ နှစ်အတွက် စဉ်းစားပြီး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူအကြီးအကဲများ၊ ဆရာကြီး ဆရာမကြီးများက အကောင်အထည်ဖော်ပေးသွားကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မတ် ၁၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ခန်းမ၌ ကျင်းပသည့် 4th Annual Conference of the Myanmar Society of Endicrinology & Metabolism ညီလာခံဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဟော်မုန်းရောဂါများနှင့်ပတ်သက်သည့် အသိပညာများ ပိုမိုပြန့်ပွားလာရေးနှင့် အထူးကုဆရာဝန်များ ပိုမိုမွေးထုတ်ပေးနိုင်ရေးများကို အလေးထား စီစဉ်ဆောင်ရွက်ပေးနေကြောင်း၊ MSEM အဖွဲ့၏ တိုးတက်အောင်မြင်မှုများကို မြန်မာနိုင်ငံ ဆေးလောက၏ တိုးတက်အောင်မြင်မှုများဟု မှတ်ယူနိုင်ကြောင်း၊ ညီလာခံသို့ တက်ရောက်လာကြသူများ ချစ်ခင်ရင်းနှီးစွာ ဆွေးနွေးတိုင်ပင်ညှိနှိုင်းကြပြီး ဆေးလောကအတွက် အကျိုးရှိစေမည့် ရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ကြပါစေကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမပြင်ပတွင် ပြသထားသော ဆေးနှင့် ဆေးပစ္စည်းကိရိယာ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခါနွေဆန်းစ တပေါင်းလ

* မြူတွေဆိုင်းလို့ မှိုင်းညို့ဝေ
မိန်လ တပေါင်းနွေ၊
တောင်ခြေတောတန်း လျှိုမြောင်စမ်း
ဥဩ သံချိုလွှမ်း။

* ထနောင်းတန်းက မြရည်ဖြာ
စိမ်းစို အေးရိပ်သာ၊
နားခိုဖို့ရာ လာသမျှ
ချမ်းမြေ့ကြည်နူးရ။

* အင်ကြင်းပန်းက ရိုးတံနီ
ဖူးပွင့် ခါတော်မီ၊
ရွှေသရဖီ ဝေစီလန်း
တပေါင်း ခါနွေဆန်း။

ရေနံ့သာမောင်ကျော်ညွန့်

ဟော်ကီအသင်းသားများအတွက် ဝတ်စုံလှူ

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပဏာမရွေးချယ်ထားသော အမျိုးသားဟော်ကီ၊ အမျိုးသမီးဟော်ကီ အသင်းသားများ အသုံးပြုမည့် ပစ္စည်းများလှူဒါန်းသည့် အခမ်းအနားကို မတ် ၁၇ ရက်က သိမ်ဖြူ မြက်ခင်းတုဟော်ကီကွင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးထင်ဇော်ဝင်းနှင့် အမှုဆောင်များ၊ အလှူရှင် Gulf Group of Companies ဥက္ကဋ္ဌ ဦးကိုကိုလတ်နှင့် မိသားစုများ တက်ရောက်ကြသည်။

အလှူရှင်က လှူဒါန်းရခြင်းအကြောင်းပြောကြားပြီးနောက် အားကစားသမားတစ်ဦးစီအတွက် အင်္ကျီ၊ ဘောင်းဘီ၊ ခြေစွပ်၊ ခြင်းကပ်၊ လမ်းလျှောက်ဖိနပ်နှစ်ရန်၊ ပြိုင်ပွဲဝင်ဖိနပ်တစ်ရန်စီ ပေးအပ်လှူဒါန်းသည်။ ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌက အလှူရှင်အား ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

(အပေါ်ပုံ) သန်းဆွေ(ပန်းဘဲတန်း)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

ဂုဏဝိသိဋ္ဌပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၉

နိုင်ငံတော်က"ကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မွန်ပြည်နယ် မုဒုံမြို့ ဗုဒ္ဓအေးရိပ်သာ တေဇစက္ကိဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တမဏိဇောတသီရိအား မုဒုံမြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းဝင်မိသားစုတို့က ထပ်ဆင့်ဂုဏဝိသိဋ္ဌ ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်ရှိ မုဒုံမြို့နယ်အသင်း(ရန်ကုန်)၏ လောကဝိဒူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြည်ညိုပူဇော်ကြပါရန် ဖိတ်ကြားသည်။

(ကိုချစ်)

ရန် ကုန် တိုင်း ဒေ သ ကြီး ကွန် ပျူ တာ အ သင်း များ မှ စီ စဉ် ကျင်း ပ သော
Yangon ICT Fair 2013
၂၀၁၃ - ခုနှစ်၊ မတ်လ (၂၂)ရက်နေ့ မှ (၂၄)ရက်နေ့အထိ။
တပ်မတော်ခန်းမ ၊ ဦးဝိစာရလမ်း ၊ ရန်ကုန်မြို့
MCPA Yangon
MCIA Yangon

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ အတိုက်အခံ လစ်ဘရယ်ပါတီခေါင်းဆောင်နှင့်တွေ့ဆုံ

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၈ ရက် ညနေပိုင်းတွင် ကင်ဘာရာမြို့တော်ရှိ ပါလီမန်အဆောက်အအုံ Senate Alcove ၌ ပစိဖိတ်ကျွန်းနိုင်ငံများရေးရာဆိုင်ရာ ပါလီမန်အတွင်းဝန်နှင့် နိုင်ငံခြားရေးရာဆိုင်ရာ ပါလီမန်အတွင်းဝန် လွှတ်တော်အမတ် Honourable Richard Marles MP က တည်ခင်းဧည့်ခံသည့် နေ့လယ်ခင်းလက်ဖက်ရည်သောက် ဧည့်ခံပွဲသို့ တက်ရောက်ပြီး Honourable Richard Marles MP နှင့် ဩစတြေးလျ ပညာသင်ဆုရရှိသော မြန်မာပညာသင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပါလီမန်အဆောက်အအုံအခန်း (MG-63) ၌ အတိုက်အခံလစ်ဘရယ် ပါတီခေါင်းဆောင် Honourable Tony Abbott MP နှင့် တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကင်ဘာရာမြို့တော်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာခဲ့ကြရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ ဆစ်ဒနီမြို့သို့ ရောက်ရှိကြပြီး ခေတ္တတည်းခိုမည့် INTERCONTINENTAL သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အတိုက်အခံ လစ်ဘရယ် ပါတီခေါင်းဆောင် **Honourable Tony Abbott MP** နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေး စစ်ဆေး

ရန်ကုန် မတ် ၁၉

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၊ မြို့ပြ/ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် မတ် ၁၇ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်သို့ ရောက်ရှိပြီး ညောင်ရွှေမြို့နယ် တိလောကျေးရွာရှိ တက်ချောင် ကြက်သားပေါက်မွေးမြူရေးလုပ်ငန်း၊ ရွှေညောင်မြို့နယ် နမ့်ကွတ်ရပ်ကွက်ရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်း၊ အေးသာယာစက်မှုဇုန်ရှိ အစာစပ်စက်ရုံနှင့် ကြက်ဥ တင်ပို့ထုတ်လုပ်ရောင်းချမှု လုပ်ငန်းများကိုကြည့်ရှု၍ စွမ်းဆောင်ရည်ဆုရွေးချယ်ရေးအဖွဲ့၏ စံသတ်မှတ်ချက်များ၊ အမှတ်ပေးဇယားများနှင့်အညီ အမှတ်ပေးရွေးချယ်ထားမှုအခြေအနေများကို စစ်ဆေးသည်။

အဆိုပါ ဥစားကြက်မွေးမြူရေး လုပ်ငန်းနှင့် ကြက်သားပေါက်ဖြန့်ဖြူးရေးလုပ်ငန်း၊ အစာစပ်လုပ်ငန်းနှင့် ကြက်ဥထုတ်လုပ်ရေးလုပ်ငန်းများသည် နှစ်ပေါင်း ၂၀ ခန့်ကတည်းက စတင်တည်ထောင်လုပ်ကိုင်ခဲ့သော လုပ်ငန်းကြီးတစ်ခုဖြစ်ပြီး ယခုအခါ ကြက်ကောင်ရေ သုံးသိန်းခန့် မွေးမြူထားရှိသည်။ တစ်ရက်လျှင် ခြံမှထွက်ရှိသော ကြက်ဥများနှင့် ပြင်ပမှဝယ်ယူရရှိသော ကြက်ဥအလုံးရေ လေးသိန်းခန့်ကို ဒေသအတွင်းသို့ ဖြန့်ဖြူးရောင်းချရာမှ ဖူလုံပိုလျှံလာသည့်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။ ထို့အပြင် ဇီဝလုံခြုံမှုဖြင့် မွေးမြူထားသည့် ကြက်သားပေါက်များ၊ အရည်အသွေးမြင့် ဥထွက်နှုန်းကောင်းစေသောကြက်စာနှင့် ဆေးဝါးများကိုလည်း ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ထမုန်ကုန်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ ကောင်းထက်စံ နို့စားနွားမွေးမြူရေးနှင့်နို့ချက်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖရီရှန်နို့စားနွားမွေးမြူထားရှိမှု၊ နွားနို့ထုတ်လုပ်မှု၊ နို့ဆီချက်လုပ်မှုနှင့် နေပီယာမြက်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ကောင်းထက်စံ နို့စားနွားမွေးမြူရေးနှင့် နို့ချက်လုပ်ငန်းကို ၁၉၉၁ ခုနှစ်က နွားသုံးကောင်ဖြင့် စတင်မွေးမြူခဲ့ပြီး ယခုအခါ ၃၅၅ ကောင်အနက် နို့ပေးသော နွား ၁၀၈ ကောင်မှ တစ်ရက်လျှင် နွားနို့ပိဿာ ၆၁၀ ခန့် ရရှိနေပြီဖြစ်သည်။ ခြံမှထွက်ရှိသောနွားနို့များနှင့် ပြင်ပမှဝယ်ယူရရှိသောနွားနို့များကို နို့ဆီချက်လုပ်လျက်ရှိရာ တစ်နေ့လျှင် နို့ဆီ ၁၀၈၀ ပိဿာကို ထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် မျိုးမြှင့်တင်ခြင်း (မေထုန်မဲ့ သားစပ်ခြင်း)လုပ်ငန်းကိုလည်း မွေးမြူရေးနှင့် ကုသရေးဌာန၊ FAO တို့မှ တင်သွင်းသော ဂျာမနီနိုင်ငံမှ မေထုန်မဲ့မျိုးချောင်းများနှင့် မျိုးချောင်းထားအိုးတို့ကို အသုံးပြုကာ မျိုးမြှင့်တင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုရလျက်ရှိသည်။

အမှာစကားပြောကြား

ဒုတိယဝန်ကြီးသည် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေးအတွက် မြို့ပြ/ ကျေးရွာအဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ရခြင်းမှာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ခုအပါအဝင်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍနှင့်မွေးမြူရေးကဏ္ဍများတိုးတက်ဖွံ့ဖြိုးလာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ယှဉ်ပြိုင်ခြင်းဖြင့် တောင်သူ၊ လုပ်ငန်းရှင်များ၏ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ယှဉ်ပြိုင်ခြင်းဖြင့် အပြိုင်အဆိုင်တိုးတက်လာအောင် အားပေးမြှင့်တင်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်လာစေရန်၊ ပေါင်းစည်းလယ်ယာစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများစိတ်ပါဝင်စားလာပြီး ဆောင်ရွက်နိုင်ရေး စေ့ဆော်မှုများဖြစ်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါဆုများ ချီးမြှင့်သွားနိုင်ရန် စနစ်တကျ စိစစ်ရွေးချယ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေးအတွက် မြို့ပြ/ ကျေးရွာအဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်း

အင်ဒိုနီးရှားလေကြောင်းလိုင်း လေယာဉ်အသစ် ၂၃၄ စင်းဝယ်ယူ

ပါရီ မတ် ၁၉

အင်ဒိုနီးရှားနိုင်ငံမှ Lion Air လေကြောင်းလိုင်းသည် ပြင်သစ်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အဲဘတ်စ်မှ လေယာဉ်များကို အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈၂ဘီလီယံတန်ဖိုးရှိ လေယာဉ် ၂၃၄ စင်းကို ဝယ်ယူမည်ဖြစ်ဖြစ်ရာ အဲဘတ်စ်လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီမှ အများဆုံးလေယာဉ်ဝယ်ယူမှုပင်ဖြစ်ကြောင်း ပြင်သစ်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက မတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ လေယာဉ်များမှာ အေ ၃၂၀ အမျိုးအစားလေယာဉ် ၁၀၉ စင်း၊ အေ ၃၂၁အမျိုးအစား လေယာဉ် ၆၅စင်းနှင့်အေ ၃၂၀ စီအီးအိုအမျိုးအစား လေယာဉ်အစင်း ၆၀ တို့ဖြစ်သည်။ ယင်းလေယာဉ်များဝယ်ယူမှုကို ပြင်သစ်နိုင်ငံမှ အဲဘတ်စ်ကုမ္ပဏီနှင့် အင်ဒိုနီးရှားမှ Lion Air လေကြောင်းလိုင်းတို့ သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသည်။ Lion Air လေကြောင်းလိုင်းသည် အာရှတွင် တစ်ဟုန်ထိုးအောင်မြင်လာသည့်လေကြောင်းလိုင်းတစ်လိုင်းဖြစ်ပြီး ဒေသတွင်းနှင့်ပြည်တွင်းလေကြောင်းခရီးစဉ် များစွာကို တိုးချဲ့ပျံသန်းပြေးဆွဲပေးနေသော လေကြောင်းလိုင်းဖြစ်လာသည်။ **(ဆင်ဟွာ)**

တင်မောင်လွင် – စုစည်းသည်

ကမ္ဘာ့ အကြီးဆုံးဆိုလာဓာတ်အားစက်ရုံယူအေအီး၌ဖွင့်လှစ်

ဒူဘိုင်း မတ် ၁၉

အဘူဒါဘီမြို့ ပလပ်မြေနေရာတွင် မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်သော Shams 1 အမည်ရှိ ကမ္ဘာ့အကြီးဆုံး ဆိုလာဓာတ်အားပေးစက်ရုံကို အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)သမ္မတ ရှိတ်ခါလီဖာဘင်စာယက်က မတ် ၁၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

စတုရန်းကီလိုမီတာ ၂ ဒသမ ၅ မြေဧရိယာကျယ်အဝန်း၌ အမေရိကန်ဒေါ်လာသန်း ၆၀၀ အကုန်ကျခံရင်းနှီးထားသော အဆိုပါလုပ်ငန်းသည် နောက်ဆုံးပေါ် လှိုင်းခွက် နည်းပညာနှင့်ကိရိယာများ ထည့်သွင်းထားပြီး ဓာတ်အားစုဆောင်းသည့် လှိုင်းခွက်အောက်ခံပြား ၇၆၈ ခု အပေါ် ဆိုလာပြား ၂၅၈၀၀၀ ကျော် ခင်းကျင်းထားမှုကြောင့် နေအိမ်ပေါင်း ၂၀၀၀၀ အထိ လျှပ်စစ်ဓာတ်အားများ ပေးပို့နိုင်စွမ်းရှိသည်။

အနာဂတ်စွမ်းအင်ဖူလုံမှုအတွက် ရှေ့သို့တစ်ဆင့်မြှင့်တင်ပြီး နိုင်ငံ၏ စီးပွားရေးလုပ်ငန်း အမျိုးမျိုးပြောင်းလဲထုတ်လုပ်မှုတွင် အဓိကသမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် Shams 1ဆိုလာဓာတ်အားပေးစက်ရုံကို သမ္မတက ချီးကျူးခဲ့ပြီး အဓိကစွမ်းအင်ထုတ်လုပ်သူအဖြစ် ၎င်း၏နေရာကို ထိန်းသိမ်းရန် ယူအေအီးနိုင်ငံက ကတိကဝတ်ပြု လုပ်ဆောင်မှုသည် ယင်းဓာတ်အားပေးစက်ရုံက အထင်အရှားဖြစ်စေခဲ့ကြောင်း သမ္မတကပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဘရာဇီးနိုင်ငံ ပက်ထရိုပိုလီမြို့ ဝန်းကျင်တွင် မိုးသည်းထန်ပြီး မြေပြိုမှုဖြစ်ပွား

ရီယိုဒီဂျနေးရိုး မတ် ၁၉

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၏မြောက်ဘက် တောင်ထူထပ်သောဒေသတစ်ခုတွင် မိုးများသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားရာ အနည်းဆုံး ၁၃ ဦးသေဆုံးခဲ့ကြောင်း မတ် ၁၈ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ မြေပြိုမှုများသည် ရီယိုဒီဂျနေးရိုးမြို့မြောက်ဘက် မိုင် ၄၀ ခန့်အကွာရှိ ပတ်ထရိုပိုလီမြို့တွင်ဖြစ်ပွားပြီး မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် မြို့လယ်ရေလွှမ်းကာ မြစ်တစ်စင်း၏ ကမ်းပါးများကျိုးပွဲသွားရာမှ ထိုသို့မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**ယင်းမြေပြိုမှုကြောင့် သေဆုံးသူများတွင် ကလေးတစ်ဦးနှင့်အရေးပေါ် အလုပ်သမားနှစ်ဦးတို့ ပါဝင်ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

သတိပေးချက်များကို အလေးမထားဘဲနေသည့် အဆိုပါဘေးအန္တရာယ်ဧရိယာများအတွင်း နေထိုင်သူများကို ရွှေ့ပြောင်းရန် ပိုမိုအရေးကြီးသော စီမံဆောင်ရွက်မှုများလိုအပ်လိမ့်မည်ဖြစ်ကြောင်း ဘရာဇီးသမ္မတဒယ်လ်မာရော့ဆပ်ဖ်က ပြောကြားသည်။ မိမိတို့၏ ကြိုတင်ကာကွယ်မှုစနစ်ဖြင့် ပြည်သူများကို သတိပေးထားကြောင်း အစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့ ခေါင်းဆောင်အစည်းအဝေးတစ်ခုပြီးနောက် ရောမမြို့တွင် သူမက ဘရာဇီးမီဒီယာများကို ပြောကြားခဲ့သည်။

ဘရာဇီးအမျိုးသားတပ်ဖွဲ့၏ အရေးပေါ်တာဝန်ထမ်းဆောင်ရေး အဖွဲ့တစ်ဖွဲ့ကိုဒေသဆိုင်ရာအာဏာပိုင်များအားကူညီရန် ယင်းဒေသသို့ ပို့ဆောင်ပေးခဲ့သည်။ နေရာဒေသအချို့တို့တွင် မိုးရွာသွန်းမှုမှာ ၂၄ နာရီအတွင်း မီလီမီတာ ၃၀၀အထိရှိခဲ့ကြောင်း၊အနည်းဆုံး လူ ၅၀ တို့၏နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဒေသအာဏာပိုင်များ၏ ပြောကြားချက်အရသိရသည်။ **(ဘီဘီစီ)**



တရုတ်သမ္မတသစ် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ရုရှားနိုင်ငံသို့ သွားရောက်မည်

မော်စကို မတ် ၁၉

တရုတ်သမ္မတသစ် ရှီကျင့်ဖျင် **(အပေါ်ပုံ)**သည် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် နိုင်ငံရေး၊ စီးပွားရေးကိစ္စရပ်များ ဆွေးနွေးရန်အတွက် ယခုသီတင်းပတ်တွင် ချစ်ကြည်ရေးခရီးအဖြစ် လာရောက်မည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်က ပြောကြားသည်။

ရှီကျင့်ဖျင်သည် သမ္မတအဖြစ် ၎င်း၏ပထမဆုံး ပြည်ပချစ်ကြည်ရေးခရီးစဉ်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်မတ်၂၁ ရက်တွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်က မတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

၎င်းတို့မဟာမိတ်နှစ်နိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း နှစ်နှစ်ကြာဆူပူအုံကြွမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းအင်ကဏ္ဍများ အပါအဝင် နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု၏ အဓိကကိစ္စများကို ဆွေးနွေးသွားမည်ဟု မျှော်လင့်ထားကြောင်း အဆိုပါနန်းတော်က ဆက်လက်ပြောကြားသည်။ နှစ်နိုင်ငံခေါင်းဆောင်တို့သည် ၂၀၁၀ ခုနှစ်က ပထမဆုံးအကြိမ် တွေ့ဆုံခဲ့သည်။ ထိုအချိန်က ရှီသည် ဒုတိယသမ္မတဖြစ်ပြီး နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆွေးနွေးမှုများအတွက် ရုရှားသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

နိုင်ဂျီးရီးယားနိုင်ငံ ကာနိုမြို့တွင် ပေါက်ကွဲမှုများဖြစ်ပွား

ကာနို မတ် ၁၉

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာနိုမြို့ရှိ ဘတ်စ်ကားရပ်နားရာနေရာတစ်ခုတွင် ပေါက်ကွဲမှုငါးကြိမ် ဖြစ်ပွားမှုကြောင့် အနည်းဆုံး ၂၅ ဦး သေဆုံးခဲ့ကြောင်း မတ် ၁၉ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ပေါက်ကွဲမှုများသည် နိုင်ဂျီးရီးယားမြောက်ပိုင်း ကာနိုမြို့ ဆာဘွန်ဂါရီဧရိယာအတွင်းရှိ ဘတ်စ်ကားရပ်နားရာ နေရာတစ်ခုတွင် မတ် ၁၈ ရက် ညနေက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းပေါက်ကွဲမှုများကြောင့် ဘတ်စ်ကားအချို့ ပျက်စီးခဲ့ကြောင်း၊ ပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် နိုင်ဂျီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဧရိယာကို ဝိုင်းရံပိတ်ဆို့ထားခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ဖြစ်ပွားသည့်နေရာတွင် ဘတ်စ်ကားအချို့မီးလောင်နေသည်ကို မြင်တွေ့ခဲ့ရကြောင်း၊ ဘတ်စ်ကားတစ်စီးသည် ပေါက်ကွဲမှုများဖြစ်ပွားချိန်တွင် ယင်းနေရာမှထွက်ခွာရန် ခရီးသည်အပြည့် တင်ဆောင်ထားကြောင်း အမည်မဖော်လိုသူ ကယ်ဆယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုများအတွက် မည်သည့်အုပ်စုကမျှ ၎င်းတို့၏ လက်ချက်ဖြစ်သည်ကို ဝန်ခံပြောကြားခြင်းမရှိခဲ့ချေ။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် နေပြည်တော်ကောင်စီနယ်မြေရှိ သစ်တောလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၉

သစ်တောကဏ္ဍသည် နိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုသည့် အဓိကမဏ္ဍိုင်တစ်ရပ်ဖြစ်သည့်အပြင် ရေမြေ၊ ရာသီဥတုနှင့်သဘာဝ ဝန်းကျင် တည်တံ့ညီညွတ်မျှတစေရေး၊ ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ် တည်တံ့ရေးတို့အတွက် အရေးပါပြီး သစ်တောကဏ္ဍ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးကို ဖော်ဆောင်ခြင်းဖြင့် သားစဉ်မြေးဆက် ရေရှည်အကျိုးကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

သစ်တောများသည် အသစ်ပြန်လည်ဖြစ်ထွန်းနိုင်သော သယံဇာတအရင်းအမြစ်များဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် နိုင်ငံစိမ်းလန်းစိုပြည်ရေးနှင့် ပတ်ဝန်းကျင် အခြေအနေကောင်းများ ဖြစ်ထွန်းစေရန်တို့အတွက် သစ်တောစိုက်ခင်းများကို နှစ်စဉ်နိုင်ငံတော်မှ ဘဏ္ဍာငွေအကုန်အကျခံ၍ တည်ထောင်လျက်ရှိသည်။ ၂၀၁၃ ခုနှစ် မိုးရာသီတွင် သစ်တောဦးစီးဌာန အနေဖြင့် စီးပွားရေးစိုက်ခင်း ၁၃၃၂၅ ဧက၊ ရေဝေရေလဲစိုက်ခင်း ၅၇၅ ဧက၊ ကျေးရွာသုံးစိုက်ခင်း ဧက ၁၁၀၀ တည်ထောင်စိုက်ပျိုးရန် စီမံထားရှိပြီးဖြစ်သည်။ သစ်တောမူဝါဒနှင့် သစ်တောဥပဒေပါ အခြေခံမူများနှင့်အညီ အနာဂတ် မျိုးဆက်သစ်တို့အတွက် ရေ၊ မြေ၊ ရာသီဥတုညီညွတ်မျှတသည့် ပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖော်ဆောင်ပေးရန် နိုင်ငံတော်က သစ်တောစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးလျက်ရှိသကဲ့သို့ နိုင်ငံသားလုပ်ငန်းရှင်များအားလည်း ပုဂ္ဂလိကစိုက်ခင်းတည်ထောင်စိုက်ပျိုးရန် စည်းရုံး ဆောင်ရွက်လျက်ရှိသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် နေပြည်တော် လယ်ဝေးမြို့နယ် ပလွေးကြိုးဝိုင်းအကွက် အမှတ်(၇၈)ရှိ ၂၀၁၂-၂၀၁၃ ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်း ဧက ၂၀၀ ၏ ရှင်သန်အောင်မြင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများ၊ လာမည့် မိုးရာသီတွင် စိုက်ပျိုးမည့် ၂၀၁၃-၂၀၁၄ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၂၀၀ ၏ မြေပြုပြင်ခြင်း လုပ်ငန်းဖြစ်သည့် တောင်ယာခုတ်ခြင်း လုပ်ငန်းနှင့်ပျိုးထောင်ပြီးစီးမှု အခြေအနေ၊ မိုးစွေအမှတ်(၅) သုတေသနစခန်း စသည်တို့ကို မတ် ၁၆ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဓါတ်ပုံ)**

မိုးစွေအမှတ်(၅) သုတေသနစခန်းသည် ပဲခူးရိုးမကို အခြေပြု၍ သဘာဝတောများ တည်ဆောက်ပုံနှင့် သစ်မျိုးများပါဝင်မှု၊ သဘာဝတောမျိုးဆက်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးသည့် နည်းစနစ်များ၊ သစ်မျိုးကောင်း မျိုးသန့်နှင့် ဝါးမျိုးစိတ်များ အစရှိသည်တို့ကို လေ့လာနိုင်ရန်အတွက် တည်ထောင်ထားရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဒုတိယဝန်ကြီးက ၂၀၁၂-၂၀၁၃ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၂၀၀ ၏ စိုက်ခင်းစခန်းတွင် ဝန်ထမ်းများအား သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကို ပြည်သူတို့ထည့်ဝင်သည့် အခွန်ဘဏ္ဍာမှ ကျခံသုံးစွဲလျက်ရှိသည့်အတွက် လုပ်ငန်းအပေါ် စိတ်စေတနာကောင်းဖြင့် အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် အချိန်ဇယား စနစ်တကျရေးဆွဲ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ သက်ကြီးစိုက်ခင်းများ ရှင်သန်ကြီးထွားစေရေးအတွက် အလေးထားဆောင်ရွက်ရန်၊ တည်ထောင်ပြီးသော သစ်တောစိုက်ခင်းများသည် နိုင်ငံတော်၏ ရေရှည်ရင်းနှီးမြှုပ်နှံမှုများဖြစ်၍ အလေးထား ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားမှုတွင် ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့မှုကြောင့် လျှောက်ထားရမည့် လျှောက်လွှာပုံစံများနှင့် ပတ်သက်၍ အများသိစေရန် သတင်းထုတ်ပြန်

နေပြည်တော် မတ် ၁၉

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက မတ် ၁၉ ရက်တွင် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာ၌ အချိန်ကုန်၊ ငွေကုန်သက်သာမှုများရရှိစေရန်နှင့် စနစ်ကျနမှုရှိစေရန်အတွက် ဖြေလျှော့မှုများပြုလုပ်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်မှုတွင် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားရာ၌ မြန်မာနိုင်ငံကူးလက်မှတ် လျှောက်လွှာပုံစံများနှင့်ပတ်သက်၍ ယခင်က ဖြည့်စွက်လျှောက်ထားရသည့် လျှောက်လွှာပုံစံ(၁၄)ရွက်ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ ယင်း(၁၄)ရွက်မှာ ကိုယ်ရေးမှတ်တမ်းထိန်းသိမ်းရန်ပုံစံ(၂-စုံ) (၂)ရွက် (လေးမျက်နှာ)၊ ကွန်ပျူတာလျှောက်လွှာပုံစံ(၅-စုံ) (၅)ရွက်၊ အလည်လျှောက်လွှာပုံစံ(အပြာရောင်) (၁)ရွက်၊ ကိုယ်တိုင်ရေး လျှောက်လွှာပုံစံ (၂)ရွက်၊ ပညာရေးကင်းရှင်းကြောင်း ကိုယ်တိုင်ခံဝန် (၂)ရွက်၊ ပြစ်မှုကင်းရှင်းကြောင်း ကိုယ်တိုင်ခံဝန် (၂)ရွက် စုစုပေါင်း(၁၄) ရွက်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားမှုတွင် ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့မှုကြောင့် လျှောက်လွှာပုံစံတွင်(၅)ရွက် ဖြည့်သွင်းလျှောက်ထားရမည်ဖြစ်ကြောင်း ဖော်ပြခဲ့သော်လည်း ထပ်မံဖြေလျှော့၍ (၃)ရွက်တည်းသာ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်သည်။ ယင်း(၃)ရွက်မှာ ကိုယ်ရေးမှတ်တမ်း ထိန်းသိမ်းရန် ပုံစံ(၂-စုံ) (၂)ရွက် (လေးမျက်နှာ)၊ ကွန်ပျူတာလျှောက်လွှာပုံစံ (၁-စုံ) (၁)ရွက် စုစုပေါင်း(၃)ရွက်ဖြစ်သည်။

အဆိုပါမြန်မာနိုင်ငံကူးလက်မှတ်လျှောက်လွှာပုံစံ(၃)ရွက်ကိုလည်း လျှောက်ထားသူများကိုယ်တိုင် ဆောင်ရွက်နိုင်ရန်အတွက် ရိုးရှင်းလွယ်ကူသောစနစ်များဖြင့် စာရွက်စာတမ်းများကြောင့် ကြန့်ကြာခြင်းမဖြစ်စေရန် စီမံထားရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေကျေးရွာများတွင် ဆောင်ရွက်ပေးရန်ရှိသည့် လုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၉

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီက ဖွဲ့စည်းတာဝန် ပေးအပ်ထားသော အဖွဲ့များသည် စီမံကိန်းနယ်မြေ၏ ကျေးရွာများသို့ သွားရောက်၍ အဖွဲ့ငယ်များဖြင့် မြေယာများစိစစ်တိုင်းတာခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်နိုင်ရေး ညှိနှိုင်းခြင်း၊ အလုပ်အကိုင် ရရှိရေးနှင့် ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်ပေးရန်ရှိသည်များကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့အနေဖြင့် မတ် ၁၈ ရက်တွင် ဖောင်းကတာ၊ ရွာရှည်၊ တုံ၊ တောင်ပလူ ကျေးရွာအုပ်စုများမှ တောင်သူ ၉၆ ဦးအား မြေယာလျော်ကြေးငွေကျပ် ၂၈၄၉ သိန်းကျော် ထပ်မံပေးအပ်ခဲ့သဖြင့် မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ၃ ရက်အတွင်း စုစုပေါင်းတောင်သူ ၂၅၉ ဦးအား မြေယာလျော်ကြေးငွေကျပ် ၈၄၄၇ သိန်းကျော် ပေးအပ်ခဲ့သည်။ မြေယာလျော်ကြေးငွေပေးအပ်ရာ၌ ဒေသခံတောင်သူများမှ တင်ပြသော မြေယာလျော်ကြေး ကန့်ကွက်လွှာ(၁၄)စောင်ကို လက်ခံရရှိပြီး သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့မှ မှတ်တမ်းတင် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

မြေယာလျော်ကြေး ကန့်ကွက်လွှာများမှာ ကိုယ်စားထုတ်ယူမှုကို ကန့်ကွက်ခြင်း၊ အမွေဆိုင်ဖြစ်၍ ကန့်ကွက်ခြင်း၊ မြေယာပြန်လည်တိုင်းတာပေးရန် ကန့်ကွက်ခြင်းနှင့် လျော်ကြေးနှုန်းထားများ သတ်မှတ်ရာတွင် မြေအမျိုးအစား ကွဲလွဲချက်များရှိသဖြင့် ကန့်ကွက်ခြင်းတို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၉

(၆၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအထိမ်းအမှတ်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အကြိုပြင်ဆင်သည့်အနေဖြင့် ရန်ကုန် မြင်းစီးအသင်းကကြီးမှူး၍ မြင်းစီးအားကစားပြိုင်ပွဲကို မတ် ၂၇ ရက် နံနက် ၇ နာရီခွဲမှစတင်၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရန်ကုန် မြင်းစီးအသင်း၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာမြင်းစီးအားကစားပြိုင်ပွဲ၊ ပြည်တွင်းမြင်းစီးအားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်ရရှိခဲ့ကြသော မြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမားများနှင့် မျိုးဆက်သစ်မြင်းစီးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြေကွက်အမြန်ရောင်းရန်ရှိသည်
- V.I.P ကွက် (ဝန်ထမ်းကြီးကွက်)
- 40' x 60' (၂ ကွက်တွဲလျက်)
- ရွှေအင်းဝ (၁၈၈) ဂိတ်အစ
- မင်လယ် BE စက်ရုံရှေ့
- ဒေါ်မွှားရှင်လမ်း၊ ရွှေပြည်သာမြို့။

ဆက်သွယ်ရန် ၀၉-၇၃၀၂၃၇၃၇

လပြည့်
09-50-37438
532200

ဆောင်းပါးနှင့်ကြော်ငြာ

ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့

ဒေါက်တာ မိုလာ

နေ့ထူးနေ့ရက်များသည် လူမျိုးတိုင်း၊ နိုင်ငံတိုင်း၊ ကမ္ဘာနှင့်အဝန်း သတ်မှတ်ရက်များရှိပါသည်။ကမ္ဘာနှင့် ယှဉ်၍ပြောမည်ဆိုလျှင် ဧပြီလ ၄ရက်နေ့သည် ကမ္ဘာ့ကျန်းမာရေးနေ့၊ ဖေဖော်ဝါရီလ ၄ ရက်သည် ကမ္ဘာ့ကင်ဆာနေ့ စသည်ဖြင့် ရောဂါအမျိုးအစားအလိုက် တစ်နှစ်ပတ်လုံး သူ့ရက်နှင့်သူရှိပါသည်။

မတ် ၂၀ ရက်သည် ကမ္ဘာ့သွားနှင့်ခံတွင်းအဖွဲ့ချုပ်မှ ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ထားပါသည်။ လူတိုင်းမှာသွားရှိသည်။ သွားရှိသူတိုင်း သွားကောင်းရမည်ဟူသောခံယူချက်ဖြင့် သတ်မှတ်လိုက်ခြင်း ဖြစ်ပြီး ရည်ရွယ်ချက်မှာသွားနှင့်ခံတွင်းနှင့်ပတ်သက်၍ အမျိုးသားရေးလှုပ်ရှားမှုအဖြစ်အပျက်များ အကောင်အထည်ဖော်ရန်နှင့် သွားနှင့်ခံတွင်းကျန်းမာရေး၏အရေးကြီးမှု၊ အသုံးဝင်မှုနှင့်ခန္ဓာကိုယ်ကျန်းမာရေးနှင့် ဆက်နွယ်မှု နောက်ဆက်တွဲများကို အလေးပြုသတိထားလာစေရန်ရည်ရွယ်သည်။ ယခုနှစ် ကမ္ဘာ့ဆောင်ပုဒ်သည် (Healthy teeth for a healthy life)သွားကျန်းမာ လူကျန်းမာဟူ၍ဖြစ်သည်။ သွားသည် ပါးစပ်အတွင်း သီးသန့်အစိတ်အပိုင်းဖြစ်သော်လည်း သွားမျက်နှာပြင်တွင်ရှိနေသော ဗက်တီးရီးယားများမှ တစ်ဆင့် သွေးလည်ပတ်မှုစနစ်တွင်းဝင်ရောက်၍ ခန္ဓာကိုယ်တွင်း အရေးကြီးသော အစိတ်အပိုင်းများနှင့်ဆက်နွယ်လာပါပြီ။ မြန်မာနိုင်ငံ၏ ဆောင်ပုဒ်သည် (Save the smile Myanmar) ပြုံးပန်းဝေဆာ-ပြည်မြန်မာဟူ၍ဖြစ်သည်။ မြန်မာလူမျိုးတို့၏ အပြုံးနောက်ကွယ်မှ နွေးထွေးသောကြိုဆိုမှုနှင့် သွားကျန်းမာ၊ သွားလှသူများသာ ပြုံးနိုင်ရယ်နိုင်ပေသည်။

ပါးစပ်တွင်းသွားများသည် ၉၀ရာခိုင်နှုန်းခန့် နေရာယူထားသည်။ သွားရှိ၍သာ မျက်နှာ၏အလှအပ၊ ဥပမိရုပ်တို့ကို ပြည့်စုံပြေပြစ်ချောမောစေသည်။ သွားကြောင့်စားချင်သော၊အာသီသရှိသော အစာများကို စိတ်တိုင်းကျစားနိုင်ကြသည်။ သွားအနေအထားမှန်၍ ပြောဆိုရသော ဘာသာစကား အဓိပ္ပာယ်ပီသရသည်။ သွား၏ဖွဲ့စည်းပုံတွင် မေးရိုးတွင်းသွားမြဲမြံစေရန် သွားဖုံးနှင့်သွားမြစ်ဝန်းပတ်မြှေးလွှာတို့ဖြင့် တွယ်ဆက်ထားသည်။ ပထမဆုံး သွားဘက်ဆိုင်ရာ ခန္ဓာဗေဒပညာရှင် အရစ်စတိုတယ်က သွားအများဆုံးရှိသောသူသည် အသက်ကြာရှည်စွာ နေနိုင်သူဟု ဖော်ပြခဲ့ဖူးပါသည်။ ပါးစပ်ထဲတွင် သွားပိုးစားရောဂါနှင့်သွားဖုံးရောင်ရောဂါသည် အဖြစ်အများဆုံးဖြစ်သည်။ သွားဖုံးသည် သွားကိုဝန်းရံထားသည်။ သွားမျက်နှာပြင်တွင် သွားသန့်စင်မှုမရှိ၍ ဗက်တီးရီးယားများက ပတ်လည်ဝန်းရံလာပါသည်။ ထိုမှတစ်ဆင့် သွားဖုံးရောင်ရောဂါကိုရစေသည်။ သွားဖုံးရောင်ပါက နီမြန်းနေခြင်း၊ ဖောင်းကြွနေခြင်း၊ ထိလျှင်သွေးထွက်ခြင်းလက္ခဏာကို မြင်တွေ့ရနိုင်သည်။ သွားဖုံးရောင်လာသောအခါ သွားဖုံးသည် သွားမျက်နှာပြင်သို့ တွယ်ကပ်မနေတော့ပါ။ ဟ လာသည်။ ဗက်တီးရီးယားပိုးများအဖြစ်တောက်လျှောက်ဆင်းလာ၍ သွားဖုံး၊ သွားမြစ်ဝန်းပတ်မြှေးလွှာနှင့် မေးရိုးတို့ကိုဖျက်ဆီးပစ်ပါသည်။ ဗက်တီးရီးယားများသည် သွေးထဲမှတစ်ဆင့် ခန္ဓာကိုယ်သွေးလှည့်ပတ်လမ်းကြောင်းအတိုင်း အင်္ဂါအစိတ်အပိုင်းများစွာ ရောက်ရှိကုန်သည်။ သွားတည်ရှိ၍ ဖြစ်ပေါ်လာသော သွားဖုံးရောင်ရောဂါသည် ခန္ဓာကိုယ်ရောဂါများနှင့်ဆက်စပ်လာသည်။ သုတေသနစာတမ်းများ မြောက်မြားစွာထွက်ပေါ်လာခဲ့သည်။

အများအားဖြင့် သွားပိုးစားရောဂါကို ဂရုစိုက်ကုသကြသော်လည်း သွားဖုံးရောဂါကို လျစ်လျူရှုတတ်ကြပါသည်။ သွားဖုံးရောင်ရောဂါ၏ နောက်ဆက်တွဲဖြစ်သော သွားမြစ်ဝန်းပတ်မြှေးလွှာရောင်ရမ်းနာ(Periodontal disease) သည် မြန်ဆန်ပြင်းထန်သော နာတာရှည်ကူးစက်ရောဂါတစ်ခုဖြစ်သည်။ ယင်းရောဂါကြောင့်ပင် သွားပတ်လည်ရှိ ထောက်ပံ့သော တွယ်ဆက်တစ်သျှူးမှန်သမျှကို ပျက်စီးဆုံးရှုံးစေသည်။

လူတစ်ယောက်၏ ဘဝသက်တမ်းဆွဲဆန့်နိုင်ရေးအတွက် သွားကောင်းမွန်ကျန်းမာခြင်းသည်လည်း အရေးပါသော အခန်းကဏ္ဍဖြစ်လာပါပြီ။ သွားမြစ်ဝန်းပတ်မြှေးလွှာရောင်ရမ်းနာသည် သွားတစ်ချောင်းမှသည် သွားများစွာကို ဖြစ်ပွားနိုင်သည်။ လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ အသက်ကြီးလာသောအခါ၌ သွားမြစ်ဝန်းပတ်မြှေးလွှာရောင်ရမ်းနာ ရှိကြသူများဖြစ်သည်။ သွားမြစ်ဝန်းပတ်မြှေးလွှာ ရောင်ရမ်းနာကို ပါးစပ်ထဲတွင် သွားဖုံးရောင်ခြင်း၊ သွေးထွက်ခြင်း၊ ပါးစပ်နံခြင်း၊ သွားလှုပ်နေခြင်းတို့ မြင်တွေ့နေရနိုင်သည်။ ထူးခြားသည်မှာနာကျင်မှုမခံစားရခြင်းဖြစ်ပါသည်။ အနံ့သည် ဟိုက်ဒရိုဂျင်ဆာလဖိုဒ်(Hydrogen Sulfide) နှင့် မီသိုင်းမာကပ်ပတန် (Methyl Mercaptan) အနံ့ဖြစ်သည်။ ဘဲဥပုပ်နံ့နှင့်တူသည်။ ပါးစပ်အတွင်းအနံ့သိသာထင်ရှားသောသူများမှာ သွားဖုံးရောဂါဝေဒနာရှင်များ ဖြစ်ကြပါသည်။

ဖြစ်ပွားရသည့် အကြောင်းအရင်းသည်ကား ခံတွင်းသန့်စင်မှုမရှိသောအခါ ဗက်တီးရီးယားများ သွားမျက်နှာပြင်တွင် ပလပ် (Plaque) များ ဖွဲ့စည်းဖြစ်ပေါ်သည်။ ထိုမှတစ်ဆင့် အဆိပ်အတောက် (Toxin) များ ထွက်လာ၍ သွားဖုံးပျက်စီးရခြင်းဖြစ်သည်။ စားကြွင်းစားကျန်များ ဗက်တီးရီးယားများမရှိရအောင် နေ့စဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သွားတိုက်ပေးရန်နှင့် သွားတိုက်သောအခါ စနစ်မှန်အကျိုးရှိရှိ သွားတိုက်ပေးရန် လိုအပ်ပါသည်။ စနစ်မှန်ဆိုသည်မှာ သွားတိုက်နည်းမှန်ကို အသုံးပြုခြင်း၊ အကျိုးရှိရှိဆိုသည်မှာ သွားတိုက်သောအခါ သွားမျက်နှာပြင်အားလုံးသန့်စင်ပြီး အညစ်အကြေးများ လုံးဝဖယ်ထုတ်ပေးနိုင်ခြင်းပင် ဖြစ်သည်။ အမှန်စင်စစ်ကာကွယ်ကုသ၍ ရသော ရောဂါဖြစ်သည်။

သွားမြစ်ဝန်းပတ်မြှေးလွှာ ရောင်ရမ်းနာကြောင့် ခန္ဓာကိုယ်အတွင်းကျန်းမာရေးအတွက် အရေးကြီးသောအစိတ်အပိုင်းများဖြစ်သည့် နှလုံးတွင် နှလုံးရောင်ခြင်း၊ နှလုံးအမြှေးပါးရောင်ခြင်း၊ သွေးခဲခြင်း၊ နှလုံးဆို့ပျက်စီးခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများရခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုရောဂါ၊ အရိုးပွခြင်း၊ ကိုယ်ဝန်ဆောင်ပြီး နောက်ဆက်တွဲဖြစ်သော ကလေးဆောလျင်စွာမွေးခြင်း၊ ပေါင်ချိန်မပြည့်ခြင်း၊ ကင်ဆာရောဂါတို့ ဖြစ်ပွားလာနိုင်သည်။ သိပ္ပံပညာရှင်များတွေ့ရှိချက်များစွာရှိလာပါသည်။ C-Reactive Proteinသည် သွေးကြောကျဉ်းခြင်းဖြစ်စေနိုင်သော ပလပ် (Plaque) နှင့် ခဲခြင်း (clots) ဖြစ်ပေါ်စေပြီး ရောင်ရမ်းစေနိုင်သော အကြောင်းတရားသော့ချက်ပင်ဖြစ်သည်။

သွားမြစ်ဝန်းပတ်မြှေးလွှာ ရောင်ရမ်းနာအတွက် ကုသခြင်းမှာ အိမ်တွင်းကုသမှု(Home Care)၊ ဆေးဝါးကုသမှု (Therapeutic Care)၊ ဆေးရုံဆေးခန်းကုသမှု (Professional Care) နှင့် ပျောက်ကင်းနိုင်သည်။ အိမ်တွင်းကုသမှုတွင် စနစ်မှန်၊ အချိန်မှန်၊ ထိထိရောက်ရောက် စဉ်ဆက်မပြတ်စောင့်ကြည့်ပြီး ဂရုစိုက်၍ ခံတွင်းသန့်စင်မှု ပြုလုပ်ပေးခြင်းဖြစ်သည်။ ဆေးဝါးကုသမှုမှာ ပိုးသတ်ဆေးပါသော ပလုတ်ကျင်းဆေးရည် (Chlohexidine mouthwash) သုံးခြင်း၊ ပဋိဇီဝဆေးစားခြင်း လုပ်ရပါမည်။ ဆေးရုံ၊ ဆေးခန်းကုသမှုမှာ စဉ်ဆက်မပြတ်စစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်း၊ ခွဲစိတ်ခြင်းတို့ဖြင့် ပျောက်ကင်းနိုင်ပါသည်။ စိုးရိမ်ကြောင့်ကြစရာမရှိပါ။ ကုသ၍ ရရှိနိုင်သောကြောင့် ခြောက်လတစ်ကြိမ်သာ သွားနှင့်ခံတွင်း ပြသစစ်ဆေးပါဟု အကြံပြုလိုက်ရပါသည်။

ကျန်းမာသောခန္ဓာ ချမ်းသာသောစည်းစိမ်နဲ့
ကောင်းမွန်ကျန်းမာသွားပါမှ ပြီးပြည့်စုံဘဝရမှာမို့
သွားပိန်ကြောင့် ပါးပိန်
သွားမကောင်း စားမကောင်း
သွားချိုင့်လို့ ပါးချိုင့်ရာမှ
သွားမကောင်းလျှင် စားလို့ကောင်းအောင်ပြင်
သွားမရှိလျှင်တော့ သွားရှိအောင်လုပ်ပေါ့
ဝါးအားကောင်းကောင်း စားအားကောင်းကောင်းနဲ့
စိတ်ဘဝင် ပြုံးပျော်ရွှင်စွာ စားနိုင်ကာ
သွားကျန်းမာပြီး လူကျန်းမာတယ်
နှစ်ဆယ်မတ်လ နှစ်ထောင့်ဆယ့်သုံးဝယ်
ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အား
မှတ်မှတ်ရရ ဂရုပြုပေးနိုင်ကြပါစေသား.......။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများမပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသော ရေကစားမှုများမပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများမပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာ့ရိုးရာမဟာသင်္ကြန်သီချင်း၊ သံချပ်စာသားများ ကြိုတင်တင်ပြရန်

ရန်ကုန်တိုင်းဒေသကြီး ၁၃၇၄ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် သင်္ကြန်သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်း၏ စာသားများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ရေးဆပ်ကော်မတီသို့ ၂၂-၃-၂၀၁၃ ရက်နေ့ နောက်ဆုံးတင်ပြရန်နှင့် ကော်မတီ၏ခွင့်ပြုချက်ဖြင့်သာ သီချင်းစပ်ဆိုခြင်း၊ သံချပ်ထိုးခြင်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မဟာသင်္ကြန်သီချင်း၊ သံချပ်စိစစ်ရေးဆပ်ကော်မတီ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ➢ အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ➢ သရုပ်ပျက် ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ➢ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီး
အစိုးရအဖွဲ့



လွှတ်တော်ရေးရာကဏ္ဍ

❊ ပြည်သူ့လွှတ်တော်မှ

အလားတူ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းက **ပြည်ထောင်စုမဟာဓာတ်အားလိုင်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့ သွယ်တန်းဆောင်ရွက်နေသော မဟာဓာတ်အားလိုင်းများ၏ စီမံကိန်းများနှင့်ပတ်သက်၍ သိရှိလိုကြောင်း** မေးမြန်းခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆက်လက်ဆောင်ရွက်မည့် (၆၆) ကေဗွီ မြောက်ဦး-မင်းပြားဓာတ်အားလိုင်း မိုင်(၂၀)နှင့် ဓာတ်အားခွဲရုံ စီမံကိန်း၊ (၆၆)ကေဗွီ သံတွဲ-ကျိန္တလီ ဓာတ်အားလိုင်း မိုင်(၄၀)နှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ (၆၆)ကေဗွီ ကျိန္တလီ-ဂွ ဓာတ်အားလိုင်း (၄၄)မိုင်နှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ပြီးစီးပါက ကျိန္တလီ၊ ဂွ၊ မင်းပြားမြို့များနှင့်ဆက်စပ်ကျေးရွာဒေသများသို့ လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက **မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားနေသော ယာဉ်မတော်တဆ ထိခိုက်မှု အပါအဝင် အခြား မတော်တဆဖြစ်ပွားမှုများကြောင့်လည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့်လည်းကောင်း ရရှိသည့် ထိခိုက်ဒဏ်ရာရလူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့် ပြဋ္ဌာန်းချက်များ မရှိသေးပါက လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ဆောလျင်စွာ ထုတ်ပြန်ပေးရေးအတွက် တိုက်တွန်းကြောင်း**ဖြင့် အရေးကြီး အဆိုတစ်ရပ်အဖြစ် တင်သွင်းရာတွင် မိမိယခုတင်ပြမည့် အဆိုနှင့် အလားတူသော ယာဉ်မတော်တဆမှု မေးခွန်းကို ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွတ်ဦးကလည်း မေးမြန်းခဲ့ပြီးဖြစ်ပါကြောင်း။

ယခုအချိန်အခါတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ချမှတ်ထားသော ဈေးကွက်စီးပွားရေးစနစ်အရ မော်တော်ယာဉ်မျိုးစုံကို လွတ်လပ်စွာ ဝယ်ယူတင်သွင်းခွင့်ပြုထားပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာအရ မော်တော်ယာဉ်အစီးရေသည် သုံးသန်းနှစ်သိန်းကျော်ဖြစ်ပြီး၊ မော်တော်ယာဉ်သွားလာမှု များပြားလာနေကြောင်း တွေ့ရှိရပါကြောင်း၊ မော်တော်ယာဉ်အရေအတွက် တိုးပွားလာခြင်းနှင့်အတူ ယာဉ်မတော်တဆဖြစ်ပွားမှုများလည်း တိုးပွားလာနေပါကြောင်း၊ အထူးသဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်မတော်တဆမှုခင်းဖြစ်စဉ်များ လွန်စွာများပြားလာနေကြောင်း တွေ့ရှိရပါကြောင်း။

ရန်ကုန်-နေပြည်တော် အမြန်လမ်းတွင် နိုင်ငံခြားကြက်ခြေနီအသင်းမှ လူနာတင်ယာဉ်ကူညီပေးပြီး ဆက်သွယ်ရမည့် ဖုန်းအမှတ်ဖြင့် ဆက်သွယ်က မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှုများတွင် ဒဏ်ရာရရှိသည့်လူနာအား သွားရောက်ခေါ်ဆောင်၍ သက်ဆိုင်ရာ ရဲစခန်း၊ ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်လျက်ရှိကြောင်း သိရှိရပါကြောင်း၊ သို့သော် ယင်းသို့ဆက်သွယ်ရမည့် လမ်းကြောင်းနှင့် ဖုန်းအမှတ်ကို အများပြည်သူကျယ်ပြန့်စွာ မသိရှိနိုင်သေးသဖြင့် ကူညီဆောင်ရွက်နိုင်မှု အားနည်းနေကြောင်းလည်း သိရှိရပါကြောင်း။

မော်တော်ယာဉ် မတော်တဆဖြစ်စဉ်များတွင် ထိခိုက်ဒဏ်ရာရရှိသည့် လူနာအများအပြားရှိနေရာ အချို့လူနာများသည် နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်ဆေးဝါးကုသမှုမပြုနိုင်သောကြောင့် မသေဆုံးသင့်ဘဲ သေဆုံးနေရကြောင်း ဝမ်းနည်းဖွယ်ရာ တွေ့ကြုံနေရပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းနည်းစနစ်(၅)မျိုးအနက်မှ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းမှာ အလွန်အရေးကြီးပါကြောင်း၊ ယာဉ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူများ

ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ကို အရေးပေါ်ကုသခြင်းနှင့် အချိန်မီ ဆေးရုံကို ပို့ဆောင်ဖို့အတွက်လည်း လွန်စွာအရေးကြီးပါကြောင်း၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်စုစုပေါင်းအင်အား ၁၅၀၀ ခန့်ရှိပြီး ယာဉ်အစီးရေ စုစုပေါင်းက သုံးသန်းနှစ်သိန်းကျော်၊ မြန်မာနိုင်ငံ၏ လူဦးရေက သန်း ၆၀ခန့်ဖြစ်၍ အချိုးကျမှုက ယာဉ်ထိန်းတစ်ဦး ယာဉ်အစီး ၂၅၀၀ခန့်နှင့် လူဦးရေ ၄၅၀၀၀ခန့် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်ကို သိရှိရပါကြောင်း။

မသေဆုံးသင့်ဘဲ သေဆုံးနေရကြောင်း လေ့လာဆန်းစစ်ရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အားနည်းပါးခြင်းနှင့် အခင်းဖြစ်နေရာသို့ အချိန်မီ မရောက်ရှိနိုင်ခြင်း၊ ရဲမှုခင်းဖြစ်သည့်အတွက် တာဝန်ရှိရဲတပ်ဖွဲ့အား အကြောင်းကြားပြီး ရဲတပ်ဖွဲ့ရောက်ရှိချိန်မှ အခင်းဖြစ်ပွားရာ အနေအထား မှတ်တမ်းတင်လုပ်ဆောင်ရခြင်း၊ လူနာ၏အခင်းဖြစ် အနေအထား မပျက်ယွင်းစေရန် စောင့်ဆိုင်းရခြင်း၊ ထိုသို့ မစောင့်ဆိုင်းဘဲ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်သော်လည်း ဆေးရုံ၊ ဆေးခန်းများမှ ပြည်သူ့ရဲတပ်ဖွဲ့၏ မှုခင်းဆေးစာမပါရှိသဖြင့် လုပ်ထုံး၊ လုပ်နည်းများအရ ချက်ချင်းဆေးကုသမှု မပြုလုပ်နိုင်ခြင်းစသည့် အကြောင်းအချက်များအရ ဒဏ်ရာရရှိသည့် လူနာများမှာ ဆေးကုသမှုနောက်ကျရသည့်အတွက် သေဆုံးကြရသည်ကိုလည်းတွေ့ရှိရပါကြောင်း။

ဖော်ပြပါ ယာဉ်တိုက်မှုအပြင် ဒုတိယအများဆုံး မတော်တဆမှုမှာ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပါကြောင်း၊ ၎င်းပြင် အရက်သောက်စားမှု လွန်ကဲခြင်းကြောင့်ဖြစ်ပွားသော နောက်ဆက်တွဲ မတော်တဆမှုများလည်း ဖြစ်ပွားလျက်ရှိပါကြောင်း။

မည်သို့သော မတော်တဆမှုများကြောင့် ဖြစ်စေကာမူ ထိခိုက်ဒဏ်ရာရ သေဆုံးသူများသည် မြန်မာနိုင်ငံသားများသာဖြစ်သောကြောင့် အချိန်မီ ဆေးရုံ၊ ဆေးခန်းများသို့ ရောက်ရှိကုသမှုခံယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရန်သည် နိုင်ငံသားများ၏ တာဝန်သာဖြစ်ပါကြောင်း။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် ကိုယ်စားလှယ်ဦးရဲထွတ်ဦး၏ မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ပြန်လည်ရှင်းလင်းခဲ့ရာတွင် ရဲတပ်ဖွဲ့ဝင်များအတွက် စုံထောက်စစ်ဆေးမည့် မှုခင်းဖြစ်ရပ်က အရေးကြီးသည့်အတွက် မှုခင်းဖြစ်ရပ်မပျက်စီးစေရေး အမှတ်အသားများ မှတ်သားထားရှိပြီး လူနာကိုအချိန်မီ နီးစပ်ရာဆေးရုံသို့

ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ပို့ပေးပါက ဥပဒေနှင့် ငြိစွန်းမှုရှိမည်မဟုတ်ကြောင်း ပြောကြားခဲ့ပါကြောင်း၊ ပြည်သူများမှာ ၎င်းဖြစ်ရပ်များနှင့် ပတ်သက်၍ အတွေ့အကြုံ ဗဟုသုတနည်းပါးခြင်း၊ လုပ်မှားကိုင်မှားဖြစ်၍ ပြန်လည် အရေးယူခံရနိုင်ဖွယ်ရှိခြင်းစသည့် စိုးရိမ်စိတ်များကြောင့် ၎င်းကာလနောက်ပိုင်း မော်တော်ယာဉ်မတော်တဆမှုနှင့် အခြားသော မတော်တဆမှု ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်နိုင်ခြင်း မပြုသောကြောင့် မလိုလားအပ်သော သေဆုံးမှုများ ဆက်လက်ဖြစ်ပွားနေပါကြောင်း။

ဆေးရုံ၊ ဆေးခန်းများကလည်း ရဲတပ်ဖွဲ့စစ်ဆေးချက်မပါရှိက ထိခိုက်ဒဏ်ရာရလူနာကို လုံးဝလက်မခံကြပါကြောင်း၊ ဤနေရာတွင် မှုခင်းဖြစ်ရပ်အမှတ်အသားများ မပျက်စီးစေရန်သည် ရဲတပ်ဖွဲ့၊ လုပ်ထုံး၊ လုပ်နည်းအရ အရေးကြီးသည် မှန်သော်လည်း နိုင်ငံသားတစ်ဦး၏ အသက်ရှင်သန်မှုသည် ၎င်းထက်ပိုအရေးကြီးပါကြောင်း၊ တန်ဖိုးကြီးပါကြောင်း တင်ပြလိုပါကြောင်း၊ ဒဏ်ရာရလူနာတစ်ဦး သို့မဟုတ် အများကို အချိန်မီဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်နိုင်သဖြင့် ဆက်လက်အသက်ရှင်ပါက မှုခင်းဖြစ်စဉ်အကြောင်းအရာများကို စစ်ဆေးသိရှိခွင့်ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအဆိုကိုတင်သွင်းရခြင်းဖြစ်ပါကြောင်းဖြင့် အဆိုတင်သွင်းသည်။

အဆိုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံတစ်ဝန်းဖြစ်ပွားနေသည့် ယာဉ်မတော်တဆ ထိခိုက်မှုအပါအဝင် အခြားမတော်တဆဖြစ်ပွားမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများကြောင့်ရရှိသည့် ထိခိုက်ဒဏ်ရာရရှိလူနာများအတွက် မိမိတို့ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်သူ့ဆေးရုံ၊ ဆေးခန်းများသို့ လူနာရောက်ရှိလာပြီးသည့်အချိန်မှစ၍ လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်းများသို့ ရောက်ရှိလာပြီးသည့်အချိန်မှစ၍ လည်းကောင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုအခြေခံ၍ ယခင်အလားတူမေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့်အပေါ်တွင် ဖြေကြားအချက်အလက်များ တရားဝင်ပြန်ကြားမှုအများအပေါ်မှာ အခြေခံပြီး ဖြေကြားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်သူ့ဆေးရုံများမှ ပြင်ပလူနာဌာနသို့မဟုတ် အရေးပေါ်ဌာနသို့ ဒဏ်ရာအနာတရ ရရှိသူရောက်ရှိလာသည့်အချိန်တွင် တာဝန်ကျဆရာဝန်က ရဲအရေးပိုင်သည့်အမှုနှင့် ပတ်သက်ကြောင်းတွေ့ရှိရပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆေးစာရယူရန် ဆေးရုံတွင် တာဝန်ကျသော မှုခင်းရဲတပ်ဖွဲ့ဝင်ထံ ဒဏ်ရာရသူ သို့မဟုတ် ၎င်းနှင့် ပတ်သက်သူတစ်ဦးဦးအား စေလွှတ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံ အကြောင်းကြားစေခြင်း ပြုလုပ်ပါကြောင်း၊ ဆေးအစီရင်ခံစာပုံစံမရရှိသေး၍ လူနာအား စမ်းသပ်စစ်ဆေးမှုမပြုလုပ်ဘဲ စောင့်ဆိုင်းထားခြင်းပြုလုပ်၍ မရပါကြောင်းနှင့် ထိုသို့ပြုလုပ်ရန် ခွင့်ပြုမထားပါကြောင်း၊ စမ်းသပ်စစ်ဆေးချက်အရ အတွင်းလူနာအဖြစ် အရေးပေါ်ဆေးရုံတင်ကုသပေးရန် လိုအပ်လျှင်လည်း ဒဏ်ရာအခြေအနေ အမျိုးအစားနှင့် လူနာအခြေအနေတို့ကို တိကျစွာ မှတ်သားရယူကာ အမြန်ဆုံးဆေးရုံတင်ကုသပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ပြီးသည်နှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ဆေးအစီရင်ခံစာပုံစံ အမြန်ဆုံးပေးပို့ရရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးရပါကြောင်း၊ အထူးသဖြင့် လူနာအတွက် စိုးရိမ်စိတ်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ မဝင်တော့ဘဲဆေးရုံသို့ တိုက်ရိုက်ခေါ်ယူလာလေ့ရှိသည့်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် ရဲအရေးပိုင်သည့်အမှုများဖြင့် ဒဏ်ရာရ သို့မဟုတ် သေဆုံးရောက်ရှိလာသူများအား ရဲဆေးစာရေးပေးနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တာဝန်ချထားပေးသဖြင့် အခက်အခဲ မရှိသော်လည်း တခြားဆေးရုံများတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး တာဝန်ချထားပေးနိုင်ခြင်းမရှိသည့်အခါ ဆေးရုံမှ တာဝန်ကျဆရာဝန်ကပင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြား၍ အစစအရာရာ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆေးအစီရင်ခံစာပုံစံမရှိရသေးသော်လည်း လူနာအား စမ်းသပ်စစ်ဆေးခြင်း၊ အရေးပေါ်ဆေးဝါးကုသမှုပေးခြင်း၊ ဆေးရုံတင်ရန် လိုအပ်ပါက ဆေးရုံတင်၍ လိုအပ်သောဆေးဝါးကုသမှုပေးခြင်းစသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ လူနာအား တာဝန်ယူမည့်လူမပါရှိလာပါကလည်း အရေးပေါ်လူနာဖြစ်စေ၊ သာမန်လူနာဖြစ်စေ အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့် စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ဆေးဝါးကုသမှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ ပုဂ္ဂလိကဆေးရုံနှင့် ပုဂ္ဂလိကဆေးခန်းများသို့ ရာဇဝတ်မှုခင်းဆိုင်ရာလူနာများ၊ ရရှိသော ဒဏ်ရာပုံစံအမျိုးမျိုးဖြင့် ရောက်ရှိလာသည့်အခါ တာဝန်ကျဆရာဝန်သို့မဟုတ် ပုဂ္ဂလိကဆေးခန်းဖွင့်လှစ်ထားသည့် ဆရာဝန်အနေဖြင့် အရေးပေါ်လူနာဖြစ်ပါက လိုအပ်သည့်အရေးပေါ် အသက်ကယ်ကုသစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပုဂ္ဂလိကကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၈ တွင် ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ၏ အင်္ဂါရပ်များကို ပြဋ္ဌာန်းထားပြီး ပုဒ်မ ၈ ပုဒ်မခွဲ(စ)တွင် လူနာများကို အရေးပေါ်အသက်ကယ်ကုသစောင့်ရှောက်မှုပေးနိုင်ရမည်ဟုပြဋ္ဌာန်းထားပါကြောင်း၊ အလားတူ ဆေးရုံ၊ ပုဂ္ဂလိက ဆေးရုံများအတွက် ပုဒ်မ ၈၊ ပုဒ်မခွဲ(ည)နှင့် ပုဒ်မ ၉ ပုဒ်မ

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ခွဲ(ဃ)တို့တွင် လူနာအား ဆက်လက်၍ ညွှန်းပို့မှုစနစ်ရှိရမည်ဟု ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးရုံများ၏ အင်္ဂါရပ်အဖြစ် ပြဋ္ဌာန်းထားပြီးဖြစ်ပါသဖြင့် အရေးပေါ်လူနာဖြစ်ပါက လိုအပ်မည့် အသက်ကယ် ကုသစောင့်ရှောက်မှု ဆောင်ရွက်ကာ စနစ်တကျညွှန်းပို့ရန်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၂၅ တွင် တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများကိုလည်း ပြဋ္ဌာန်းထားပြီး ပုဒ်မ ၂၅ ပုဒ်မခွဲ(ဆ)တွင် မည်သည့် အရေးပေါ်လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ကုသပေးခြင်းနှင့် လိုအပ်ပါက ညွှန်းပို့ခြင်းဟု သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မတော်တဆထိခိုက်မှု၊ ခိုက်ရန် ဖြစ်ပွားမှုများကြောင့် သွေးထွက်သံယိုဖြစ်၍ နီးစပ်ရာ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ၌ ဆေးကုသမှုခံယူရာတွင် သက်ဆိုင်ရာဆရာဝန်များက လိုအပ်သည့် အရေးပေါ် အသက်ကယ်ကုသမှု စောင့်ရှောက်မှုများ ဆောင်ရွက်ပေးပါကြောင်း၊ ထို့နောက် တာဝန်ကျဆရာဝန်သည် ဒဏ်ရာအမျိုးအစား၊ ဒဏ်ရာရရှိသည့်အကြောင်းအရင်း၊ ဒဏ်ရာအတိမ်အနက်၊ ဒဏ်ရာရသည့်နေ့ရက်များ စသည်တို့ကို အသေးစိတ်ဖော်ပြပြီး ၎င်းကိုယ်တိုင်လက်မှတ်ရေးထိုးကာ နီးစပ်ရာပြည်သူ့ဆေးရုံသို့ လူနာညွှန်းပို့ရန် ဖြစ်ပါကြောင်းနှင့် လိုအပ်သည့် ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများမှလိုအပ်သည့် Standard Operation Procedure များဖြင့် အရေးပေါ် လူနာများအား အသက်ကယ်ဆောင်ရွက်ပေးရန် ညွှန်ကြားထားလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးရဲချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြရာတွင် မိမိအနေဖြင့် ချင်းပြည်နယ် ကန်ပက်လက် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ဖြည့်စွက်ပြီး ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားသည့်အမှုများ၊ ပြစ်မှုဆိုင်ရာ အမှုများအပါအဝင် ယာဉ်မတော်တဆမှုများနှင့် ပတ်သက်၍ ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံ၊ ဆေးခန်းများ စစ်ဆေးကုသပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပို့ဆောင်ပေးရပါကြောင်း၊ အရေးပေါ်အခြေအနေများတွင် ရဲတပ်ဖွဲ့ဝင်များ မရောက်ရှိသေးမီ လူနာ၏အသက်အန္တရာယ်ဘေးကင်းရေးအတွက် နီးစပ်ရာ

သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့် မေးမြန်းစဉ်။ (သတင်းစဉ်)

ဆေးရုံ၊ ဆေးခန်းများကို ပို့ဆောင်ကုသပေးရပါကြောင်း၊ ရဲလက်စွဲ အပိုဒ် ၁၇၆၄ ထိခိုက်နာကျင်စေသည့် အမှုများနှင့် မုဒိမ်းမှုများနှင့်ပတ်သက်၍ ထိခိုက်ဒဏ်ရာရရှိသည့်တရားလိုတို့ကို အနီးဆုံး တိုက်နယ်ဆေးရုံ သို့မဟုတ် မြို့နယ်ဆေးရုံသို့ လျင်မြန်စွာ ပို့ဆောင်ရမည်။ လူနာ၏အခြေအနေအရ ရှေးဦးသူနာပြုစုနည်းနှင့် ပြုစုထားရှိသည့်အပြင် လူနာ၏အသက်ကိုကယ်နိုင်ရန် ကျေးရွာရှိအစိုးရအသိအမှတ်ပြု ကျန်းမာရေးဝန်ထမ်းတစ်ဦးဦးနဲ့ ဦးစွာပြသရန်လိုအပ်ပါက ပြသစေရမည်။ သို့သော် ဒဏ်ရာ၏အခြေအနေနှင့်ကိုက်ညီသည့် တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံ သို့မဟုတ် မှုခင်းဆရာဝန်ရှိရာ ပြည်နယ်/တိုင်းဒေသကြီး ဆေးရုံများသို့ အလျင်အမြန်ပို့ဆောင်ရန် အခြေအနေရှိပါက အလျင်အမြန်ပို့ဆောင်ကုသဆေးမှတ်ချက်ရယူရမည်။ အကယ်၍ ဒဏ်ရာမှာကြီးကျယ်ပြီး သေမည်/ရှင်မည်ကိုမသိနိုင်သည့်အခါ လူနာကို အနီးဆုံးဆေးရုံ၊ ဆေးခန်းသို့ပို့ဆောင်ရန်လည်း အခက်အခဲရှိသည့်အခါ အခင်းဖြစ်ပွားရာအရပ်တွင် လက်မှတ်ရ ဆရာဝန် သို့မဟုတ် ကျန်းမာရေးမှူးရှိလျှင် ၎င်းတို့ကို လူနာအား အရေးပေါ်ကုသပေးရန် တောင်းဆိုရမည်။ ထို့နောက် ယင်းလူနာကို အနီးဆုံး ဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ပေးရမည်။ မည်သည့်အကြောင်းကြောင့်မျှ ပထမသတင်းပေး တိုင်ချက်ရေးသားရယူရန်ဖြစ်စေ၊အခြားကိစ္စတစ်စုံတစ်ရာအတွက်ဖြစ်စေ ၎င်းလူနာကို ဦးစွာပထမရဲစခန်းသို့ယူဆောင်ခြင်းမပြုရ။ လျင်မြန်နိုင်သမျှ လျင်မြန်စွာဆေးဝါးကုသခြင်းခံစေရမည်လို့ဖော်ပြထားရှိပါကြောင်း၊ ဖြစ်ပွားမှုများကြောင့် သာမန်ဖြစ်စေ၊ အပြင်းအထန်ဖြစ်စေ၊ သေလုမျောပါးဖြစ်စေ ဒဏ်ရာရရှိလာလျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရဲလက်စွဲပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ပြီး ရဲဆေးစာနှင့်တင်ပြ

စာမျက်နှာ ၈ ကော်လံ ၁

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်မှ

လာသည့် ဒဏ်ရာများအပေါ် သက်ဆိုင်ရာဆရာဝန်က မှုခင်းဆရာဝန်အဖြစ် ဆေးမှတ်ချက်ပြုရပါကြောင်း၊ ဆေးမှတ်ချက်ပြုမှုက တရားရုံးတွင် တရားလို၊ တရားခံနှစ်ဦးလုံးအတွက် တရားမျှတစွာ စီရင်နိုင်မည့် မှုခင်းဆရာဝန်၏ ထင်မြင်ချက်အဖြစ် သက်သေခံ တင်သွင်းနိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် အထက်ပါဆောင်ရွက်ချက်များအား ရဲလက်စွဲ ညွှန်ကြားချက်များပါ ဆောင်ရွက်ချက်၊ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ရှင်းလင်းတင်ပြရာတွင် မော်တော်ယာဉ် တိုက်ခိုက်မှု အပါအဝင် ခိုက်ရန်ဖြစ်ပွားမှုများသည် ပြစ်မှုဆိုင်ရာဥပဒေပါ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတွင် အကျုံးဝင်သည့်အတွက် ထိခိုက်ဒဏ်ရာရရှိသူကို ဆေးရုံ၌ ဆေးကုသမှုခံယူရာတွင် သက်ဆိုင်ရာ ရဲစခန်း၏ ပြစ်မှုနှင့်သက်ဆိုင်သော ဆေးစာပါရှိမှသာ ဆေးရုံက လက်ခံကုသပေးသည်ဟု သာမန်အားဖြင့် နားလည်နေကြပါကြောင်း၊ အမှန်တွင် ရဲဆေးစာအချိန်မီမရောက်လည်း အရေးပေါ်ကုသပေးရန်လိုလျှင် ဆေးရုံများက အမြန်ဆုံးကုသပေးသည်ကို၊ ကုသပေးရမည်ဆိုသည်ကို ပြည်သူအပိုင်းကရော၊ ဆေးရုံအပိုင်းကရော ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်ပေးရန်၊ လုပ်ပေးရန်လိုမည်ဟု ယူဆပါကြောင်း၊ အလားတူ ပြစ်မှုနှင့် အကျုံးဝင်သော ထိခိုက်ဒဏ်ရာ လူနာများကို ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအနေဖြင့်လည်း ကုသခွင့်မရှိဘူးဟု နားလည်နေကြပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ဆ)တွင် မည်သည့်အရေးပေါ်လူနာကိုမဆို အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်ကုသပေးခြင်းနှင့်လိုအပ်ပါက ညွှန်းပို့ခြင်းဆိုသည်ကို ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် ယင်းအချက်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်သင့်ပါကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့်လူနာကို အချိန်မီ ဆေးကုသနိုင်ရန် ဆေးရုံ၊ ဆေးခန်းကို အမြန်ဆုံးရောက်ရှိရန် လိုအပ်သည့်အတွက် အများပြည်သူကလည်း အကူအညီပေးရန် လိုပါကြောင်း၊ အခင်းဖြစ်ပွားရာနေရာတွင် သက်ဆိုင်သည့် ရဲစခန်းအနေဖြင့် အခင်းဖြစ်ပွားသည့်နေရာကို အချိန်မီသိရှိပြီး အခင်းဖြစ်ပွားရာနေရာကို အမြန်ဆုံးနည်းဖြင့် သွားရောက်၍ လူနာကို ရဲဆေးစာ အစီရင်ခံစာနှင့်အတူ ဆေးရုံကိုအချိန်မီ တင်ပို့ပေးရန် လိုအပ်ပါကြောင်း၊ ပြည်သူ့ဆေးရုံများအနေဖြင့်လည်း လူနာရရှိသော ဒဏ်ရာအခြေအနေကိုမူတည်ပြီး အမြန်ဆုံး၊ အကောင်းဆုံး ကုသပေးရန် လိုအပ်ခြင်းများသည် အဆိုနှင့်ဆက်စပ်လျက်ရှိသော ဆောင်ရွက်သင့်သည့် အချက်များပင်ဖြစ်ပါကြောင်း။

အချို့ပြည်သူများသည် ပြည်သူနှင့်သက်ဆိုင်သော မှုခင်းများ ဖြစ်ပေါ်သည်ကို တွေ့ရှိတဲ့အခါ ပါဝင်ကူညီဆောင်ရွက်ရန် ဆန္ဒရှိသော်လည်း အမှုအခင်းများနှင့် ပတ်သက်ရမည်ကို စိုးရိမ်ခြင်း၊ ရဲစခန်းက မေးမြန်းစုံစမ်းခြင်းများကို မခံယူလိုခြင်း၊ တရားရုံးများကို သက်သေအဖြစ် သွားရောက်အစစ်မခံလိုခြင်းစသည့် အယူအဆများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများကိုဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ပေးရန် ဝန်လေးကြပါကြောင်း၊ ထို့ကြောင့် မတော်တဆဖြစ်မှုများတွင် ထိခိုက်ဒဏ်ရာရသော လူနာများဆေးရုံ၊ ဆေးခန်းကို အချိန်မီမရောက်ရှိဘဲ အသက်ဆုံးရှုံးရခြင်းများလည်း ရှိပါကြောင်း၊ သို့ဖြစ်၍ ပြည်သူတစ်ယောက်အနေဖြင့် ထိုအခြေအနေမျိုး ကြုံတွေ့ရလျှင် ဆောင်ရွက်သင့်သည်ကို ရပ်ကွက်ကျေးရွာများတွင် ပညာပေးဆွေးနွေးခြင်းများ၊ သတင်းမီဒီယာများမှတစ်ဆင့် ပညာပေးခြင်းများ ပြုလုပ်ပေးသင့်ပါကြောင်း၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းက တာဝန်ရှိသူများကလည်း ကူညီသည့် ပြည်သူများ၏ စေတနာကိုနားလည်ခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်သင့်ပါကြောင်း။

ရဲတပ်ဖွဲ့အနေဖြင့်လည်း ယာဉ်တိုက်မှုအပါအဝင် ခိုက်ရန်ဖြစ်ပွားမှုများတွင် ထိခိုက်ဒဏ်ရာရရှိသည့် လူနာကို အသက်ဆုံးရှုံးရခြင်းများ မဖြစ်ပေါ်စေရန်အတွက် မှုခင်းဖြစ်ပွားကြောင်း ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သတင်းပေးခြင်းကိုလက်ခံရရှိသည်နှင့် အခင်းဖြစ်သည့်နေရာကို အမြန်ဆုံးသွားရောက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ ဒဏ်ရာရရှိသည့်လူနာ ဆေးကုမှုခံနိုင်ရန်အတွက် ရဲဆေးစာနှင့်အတူ ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ပေးခြင်း စသည့်ကိစ္စများကို လိုအပ်လျှင် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ထုတ်ပြန်သင့်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ပြစ်မှုနှင့်ဆက်စပ်သော ဒဏ်ရာရရှိသည့် လူနာ သက်ဆိုင်ရာဆေးရုံ၊ ဆေးခန်းများ အမြန်ဆုံးနှင့် အကောင်းဆုံးကုသမှုဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်လျှင် ထပ်မံပြီး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ ထုတ်ပြန်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ရှင်းလင်းတင်ပြရာတွင် အဆိုရှင် သူရဦးအောင်ကိုက အဆိုကို ဆွေးနွေးတင်ပြရာတွင် အပိုင်း နှစ်ပိုင်းခွဲခြားပြီး တင်ပြပါကြောင်း၊ ပထမပိုင်းမှာ ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားသည့်နေရာမှ ထိခိုက်ဒဏ်ရာရသည့်လူနာများကို ဆေးရုံ၊ ဆေးပေးခန်းများသို့ အချိန်မီရောက်ရှိရေးအတွက် ပြည်သူလူထုက ကူညီဆောင်ရွက်ရန် ဝန်လေးသည့် အပိုင်းဖြစ်ပါကြောင်း။

မိမိတို့လက်တွေ့နယ်ပယ်တွင် ထိုသို့ ထိခိုက်ဒဏ်ရာရသည့်အခြေအနေများ ပေါ်ပေါက်လာသည့်အခါ ပြည်သူလူထုအနေဖြင့် ကူညီပေးရန်အတွက် ဝန်လေးကြသည်ကိုတွေ့ရပါကြောင်း၊ ထိုသို့ ဝန်လေးရသည့်အကြောင်းအရင်းမှာ ထိုအမှုများသည် ရာဇဝတ်မှုများဖြစ်ပွားနိုင်ပြီး မတော်တဆ သက်သေအနေဖြင့် ပါမည်စိုး၍ သက်သေအနေဖြင့် ပါသည့်အခါတွင်လည်း တရားရုံးများကိုသွားရောက်ပြီး သက်သေထွက်ရှိရသည့်အခါ အချိန်ကုန်လူပန်းဖြစ်မည် စိုးရိမ်ခြင်း၊ မတော်၍ တရားခံအဖြစ် ရောက်ရှိနိုင်မည်ကို စိုးရိမ်ခြင်းတို့ ပါဝင်ပါကြောင်း၊ တချို့ကလည်း Law of Top နှင့် ထိခိုက်နိုင်သည်၊ ကူညီသူတွင် Law of Top အရ တာဝန်မကင်းရာရောက်နိုင်သည်ဟု ယူဆသည့်အတွက်လည်း ဖြစ်ပါကြောင်း။

တကယ်တမ်းတွင် ထိုသို့ အသက်အန္တရာယ် ထိခိုက်သော ဒဏ်ရာရလူများကို ကူညီရန်လိုအပ်ပါကြောင်း၊ ထိုသို့မကူညီခြင်းသည် ပြည်သူလူထုအနေဖြင့် တာဝန်မဲ့ရာရောက်ပါကြောင်း၊ လူသားချင်းစာနာထောက်ထားသည့် စိတ်မရှိရာလည်းရောက်ပါကြောင်း၊ ယင်းသို့ ကူညီရန်အတွက် မိမိတို့ပြည်သူလူထုကို အသိပညာပေးရန်ဆိုသည်နှင့်ပင် လုံလောက်မည်မဟုတ်ဟု ယူဆပါကြောင်း၊ မိမိတို့နိုင်ငံ၌ ထိုအခြေအနေမျိုး ပေါ်ပေါက်သည့်အခါ ပြည်သူလူထုမှ အကူအညီမပေးမနေရ၊ အကူအညီပေးရမည်ဆိုသည့် ဥပဒေမျိုးပြဋ္ဌာန်းပေးထားခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ တခြားနိုင်ငံများတွင် Law of ဘို့လန်နဒီစ် Civil 8 ဆိုခြင်းမျိုးများကိုပြဋ္ဌာန်းပြီး မိမိ၏အသိစိတ်ခေတ်ဖြင့် လူ့တာဝန်ဝတ္တရားအရ ထိုအခြေအနေမျိုးများတွင် အကူအညီမပေးမနေရ၊ အကူအညီပေးရမည်ဆိုသည့် ဥပဒေမျိုးများ ပြဋ္ဌာန်းထားသည်ဟု သိရှိရပါကြောင်း။

မိမိတို့ဥပဒေအနေဖြင့် အမျိုးအစား နှစ်မျိုးရှိပါကြောင်း၊ တစ်မျိုးမှာ မိမိတို့ပြစ်မှုကျူးလွန်သည့်အတွက် ပြစ်ဒဏ်ပေးခြင်းမျိုးဖြစ်ပါကြောင်း၊ ခိုးခြင်း၊ လုယက်ခြင်း၊ တိုက်ခိုက်ခြင်း၊ လူသတ်ခြင်း စသဖြင့် ပြစ်မှုကျူးလွန်သည့်အတွက် ပြစ်ဒဏ်ပေးသည့် ပြဋ္ဌာန်းချက်များပါသော ဥပဒေများရှိသကဲ့သို့ တစ်ဖက်ကလည်း မိမိဆောင်ရွက်ရမည့် တာဝန်၊ သတ်မှတ်ပြဋ္ဌာန်းထားသော တာဝန်ကို မဆောင်ရွက်သည့်အတွက် ပြစ်ဒဏ်ပေးသော ဥပဒေမျိုးရှိပါကြောင်း၊ ဥပမာအားဖြင့် မိမိတို့ဧည့်စာရင်းတိုင်ရန် ပျက်ကွက်ခြင်း၊ အရေးကြီးသည့် ရာဇဝတ်မှုကြီးများကို ထိမ်ချန်ပြီး သတင်းမပေးခြင်းမျိုးဆိုလျှင် ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းမှုရှိပါကြောင်း၊ ထိုနည်းတူ မိမိတို့ ထိုသို့ အသက်အန္တရာယ် ထိခိုက်မည့်ကိစ္စမျိုးတွင် ပြည်သူလူထုအနေဖြင့် ကူညီပေးရမည့် တာဝန်ရှိပါလျက် အကူအညီမပေးလျှင် ထိုသို့အကူအညီမပေးခြင်းမျိုးကို ပြစ်မှုမြောက်သည်ဟု ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်သင့်သည်ဟုယူဆပါကြောင်း၊ ထိုသို့ပြဋ္ဌာန်းသည့်နေရာမျိုးတွင် မိမိတခြားနိုင်ငံရှိ ပြဋ္ဌာန်းချက်များနှင့် နှိုင်းယှဉ်ပြီး ပြစ်ဒဏ်အမျိုးအစားများမှာ ငွေဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ စသဖြင့် သင့်တော်ရာ ပြစ်ဒဏ်မျိုးကို ပြဋ္ဌာန်းသင့်ပါကြောင်း။

ယင်းဥပဒေမျိုး ပြဋ္ဌာန်းမည်ဆိုလျှင် မည်သည့်အခြေအနေ အချိန်အခါမျိုးတွင် ယင်းလူတစ်ယောက်သည်အသက်အန္တရာယ်ထိခိုက်မည့် အန္တရာယ် ကြုံတွေ့ရမည့်သူကို ကူညီရန်လိုမည့်အကြောင်း၊မကူညီလျှင် မကူညီသည့်အတွက်ပြစ်ဒဏ်ကျရောက်နိုင်သည့်အကြောင်း၊ကူညီသည့်သူတွင် ဘယ်လိုအရည်အချင်းများနှင့် ပြည့်စုံရမည့်အကြောင်း၊ မည်သူ့ကိုကူညီရန် မသင့်သည့်အကြောင်း၊ ကူညီသည့်နေရာတွင်လည်း ကူညီရာမရောက်ဘဲ ပိုပြီးထိခိုက်ရာရောက်မည်ဆိုလျှင် မသင့်တော်သည့်အကြောင်း စသဖြင့် ပြဋ္ဌာန်းချက်များ အသေးစိတ်များကို ဥပဒေရေးဆွဲ ပြဋ္ဌာန်းသည့်အခါ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်ပြီး ရေးဆွဲရန်လိုမည်ဖြစ်ပါကြောင်း။

အချုပ်အနေဖြင့် တင်ပြရလျှင် မတော်တဆ ထိခိုက်ဒဏ်ရာရပြီး အသက်အန္တရာယ် ထိခိုက်အောင်ရှိသည့်လူနာများကို အချိန်မီ ဆေးကုသနိုင်ရန်အတွက် ကူညီရေးအတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဆောင်ရွက်သင့်သည့်အကြောင်း တင်ပြအပ်ပါကြောင်း၊ ယင်းလူနာများကို ဆေးရုံသို့ရောက်သည့်အခါ ဆေးရုံက ချက်ချင်းလက်ငင်း ကုသမှုမပေးသေးဘဲ ရဲအရေးပိုင်မှုဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ကို အရင်သွားပြီး FIR ဖွင့်ပြီးသည့်နောက်ပိုင်းတွင် ကုသမှုများလုပ်နေသည်ဆိုသည့် စွပ်စွဲချက်များကိုလည်း မိမိတို့ကြားသိရပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက တင်ပြသွားသည့်အတိုင်း ထိုကိစ္စမျိုးများကို မဖြစ်ပွားအောင် ဥပဒေပြဋ္ဌာန်းချက် ဥပမာ ပုဂ္ဂလိကနှင့်ပတ်သက်သော ပြဋ္ဌာန်းချက်ရှိသည့်အကြောင်း ကြားသိရပါကြောင်း၊ အခုလိုဖြစ်ပွားသည့်ကိစ္စများမှာ အမှန်ဖြစ်ပွားနေခြင်းလည်းဖြစ်ပါကြောင်း၊ လက်တွေ့အားဖြင့်လည်း ထိုသို့ မျိုးထိခိုက်မှုဒဏ်ရာဖြစ်သည့်အခါမျိုးတွင် ဆေးရုံ၊ ဆေးပေးခန်းသွားသည့်အခါတွင် ချက်ချင်းလက်ငင်း ကုသမပေးသေးဘဲ သက်ဆိုင်ရာရဲစခန်းကိုသွားပြီး FIR ဖွင့်ပြီးမှ မဆောင်ရွက်ခြင်းမျိုးကိုလည်း လက်တွေ့ တွေ့ရပါကြောင်း၊ အမှန်အားဖြင့် ဆေးရုံ၊ ဆေးပေးခန်းများကလည်း ပြည်သူ့ရဲတပ်ဖွဲ့များကို ကူညီသည့်အနေဖြင့်လည်း ဆောင်ရွက်သည့်သဘောဖြစ်ပါကြောင်း၊ ထို့ကြောင့် ရာဇဝတ်မှုခင်းတစ်ခုဖြစ်သည့်အခါ သက်သေခံအထောက်အထားများ ပျက်စီးမသွားအောင် ကနဦးတွေ့ခဲ့ရသော သက်သေခံအထောက်အထားများကို ရဲတပ်ဖွဲ့တာဝန်ရှိသော ပုဂ္ဂိုလ်များက အရင်စစ်ဆေးကြည့်ရှုပြီးမှသာ နောက်ပိုင်းတွင် မိမိတို့ကုသမှုလိုမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး စောစောပိုင်းအနေဖြင့် ညွှန်ကြားချက် ရှိနိုင်ပါကြောင်း၊ သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနက ယင်းရာဇဝတ်မှုမျိုးများ ဖြစ်လာလျှင် "ချက်ချင်းလက်ငင်းကြီး မလုပ်နဲ့ဦး။ မလုပ်ဘဲနဲ့ FIR ဖွင့်တာကို စောင့်ပြီးမှ FIR ဖွင့်ပြီးတဲ့အခါမျိုးမှာမှ ကုသမှုတွေလုပ်ဖို့" ပြဋ္ဌာန်းချက်များ ရှိကောင်းရှိနိုင်မည်ဖြစ်ပါကြောင်း။

ယင်းမှာ မိမိတို့ဥပဒေအရ တားမြစ်ထားသောကိစ္စမဟုတ်သည့်အတွက် သိပ်ခက်ခဲသော ပြဿနာမဟုတ်ပါကြောင်း၊ မိမိတို့သက်ဆိုင်ရာ ပြည်ထဲရေးဌာနနှင့် ကျန်းမာရေးဌာနနှင့် ညှိနှိုင်းပြီး မိမိတို့ဆောင်ရွက်လိုက်မည်ဆိုလျှင် ရရှိနိုင်သော အလွယ်တကူဖြေရှင်းနိုင်မည့် ကိစ္စမျိုးဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကို ပြည်ထဲရေးနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ညှိနှိုင်းပြီး လိုအပ်သောညွှန်ကြားချက် ထုတ်ပြန်လိုက်ရုံဖြင့် ထိုပြဿနာပြေလည်သွားမည်ဟု ယူဆပါကြောင်း၊ ယင်းမှာ မိမိတို့ ထိုဥပဒေမပြဋ္ဌာန်းခင်အတွက် တင်ပြခြင်းဖြစ်ပါကြောင်း၊ မိမိတို့ တင်ပြသည့်ဥပဒေမှာ မည်ကဲ့သို့သော ဥပဒေမျိုးလည်းဆိုလျှင် အသက်အန္တရာယ်ကို စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရသူ လူနာများကို အချိန်မီဆေးကုသနိုင်ရေးအတွက် အကူအညီပေးရေး ဥပဒေဆိုသော ဥပဒေမျိုးပြဋ္ဌာန်းရန် အသင့်ရှိပါကြောင်း၊ ထိုဥပဒေကို ပြဋ္ဌာန်းပြီးသည့်အခါ ဆေးရုံ၊ ဆေးခန်းတွင် ကုသသည့်အပိုင်းတွင်လည်း အပိုင်းတစ်ပိုင်းအနေဖြင့် ထည့်သွင်းရေးဆွဲမည်ဆိုလျှင် ပြဿနာပြေလည်သွားမည်ဟုယူဆပါကြောင်း၊ အချုပ်အားဖြင့် မိမိတင်ပြခဲ့သော ဥပဒေမျိုးပြဋ္ဌာန်းရန်သင့်ပြီဟု ယူဆပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယနေ့ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုရန် ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို အစီအစဉ် (၁၂)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၃၀)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❀ အမျိုးသားလွှတ်တော်မှ

ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်နှင့် နိုင်ငံပိုင်ပစ္စည်းများ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဖော်ဆောင် အကောင်အထည်ဖော်နေမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ပြည်သူပိုင်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း (၅၀) ခန့်ရှိကြောင်း၊ ကော်မရှင်၊ ကော်မတီအနေဖြင့် မိမိတို့အား ထုခွဲရောင်းချရန်အပ်နှံသည့် နိုင်ငံပိုင် သိမ်းဆည်းထားသောပစ္စည်း၊ အဆောက်အအုံ၊ မြေယာ စသည်တို့ကို နိုင်ငံဘဏ္ဍာရရှိရေး အကောင်အထည်ဖော်ခဲ့

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ခြင်းဖြစ်သည်ကို သိရှိရပါကြောင်း၊ ဤသို့ဆိုလျှင် မူလပြည်သူပိုင် သိမ်းစဉ်ကပါလာသည့် ထုခွဲရောင်းချရန် ကော်မရှင်၊ ကော်မတီသို့ အပ်နှံခြင်းမရှိသော ပစ္စည်း၊ အဆောက်အအုံနှင့် မြေနေရာများသည်လည်း ယနေ့မည်သည့်အခြေအနေတွင်ရှိနေသည်ကို စာရင်းဇယားများနှင့် အတိအကျ ထုတ်ပြန်ကာ နိုင်ငံတော်အတွက် အကျိုးရှိစွာ စီမံခန့်ခွဲထားမှု၊ အသုံးပြုမှုရှိ၊ မရှိ ပြန်လည်စိစစ်ရန် လိုမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဘဏ္ဍာငွေအခွန်အကောက်ရရှိမှုဆိုင်ရာကိစ္စနှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အခွန်ကောက်ခံရန် လုပ်ငန်း ၁၅၂၅ ခုရှိသည့်အနက် ၃၃၁ ခုသာ ဆောင်ရွက်ပြီးစီးခဲ့ပြီး ၁၁၉၄ ခု ဆောင်ရွက်ရန်ကျန်နေကြောင်း၊ စုစုပေါင်းငွေကျပ် သန်း (၁၀၉၃ ဒသမ ၄၃၂) ဘီလီယံ တန်ဖိုးရှိကြောင်း ဖော်ပြထားရာ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ၏ ၅ ပုံ ၁ ပုံခန့်သာ ဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရသဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာနေသည်ကို တွေ့ရှိရပြီး အမြန်ဖြေရှင်း ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာကို သဘောတူလက်ခံရန် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက အဆိုတင်သွင်းပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

အဆိုပါ အစီရင်ခံစာနှင့်ပတ်သက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးထွန်းလွင်က "အစီရင်ခံစာနဲ့ ဆွေးနွေးချက်များမှာ များစွာ ကောင်းမွန်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ငွေတွေ၊ အခွန်ငွေတွေကိစ္စရပ်မှာ မဖြစ်သင့်တဲ့ကိစ္စတွေကို တိတိကျကျ ဝေဖန်ဆန်းစစ်ထားပြီး တင်ပြထားတာ တွေ့ရှိရပါတယ်၊ ဥပဒေအနေနဲ့ ပြောရမယ်ဆိုရင် ပုဂ္ဂလိက

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပိုင်ပြုလုပ်ရေးကော်မရှင်နဲ့ နိုင်ငံပိုင်သိမ်းဆည်းထားတဲ့ ပစ္စည်းများ၊ အိမ်ရာစီမံကိန်း အဆောက်အအုံများနဲ့ မြေကွက်များရောင်းချမှုအပေါ် နှစ်ကာလကြာမြင့်စွာ အကြွေးကျန်ရှိနေခြင်းမှာ မဖြစ်သင့်ပါ"ဟု ပြောပြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ရုံး ဖွဲ့စည်းပုံ (မူကြမ်း)ကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကျော်ထွန်းအောင် တင်ပြချက်များကို အကောင်အထည်ဖော်ရန် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်အား တာဝန်ပေးအပ်ကြောင်း ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

အမျိုးသားလွှတ်တော် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာကော်မတီနှင့် နိုင်ငံသား

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၉

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဒယ (အဂ္ဂမဟာပဏ္ဍိတ)က ဆောင်ရွက်တော်မူသည်။ ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကထာကို ဖတ်ကြားတော်မူပြီး သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့်သာရဏီယဩဝါဒကထာကို ချီးမြှင့်တော်မူသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမ အစည်းအဝေး ကျင်းပစဉ်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် သာသနာ့တာဝန်ထမ်းဆောင်တော်မူလျက်ရှိကြသော သံဃာတော်အရှင်မြတ်တို့အနေဖြင့် မိမိတို့၏ဒေသနယ်ပယ်အတွင်းရှိ ကျောင်းတိုက်များမှ ရဟန်းသာမဏေများအား ဝိနည်းသိက္ခာ စည်းကမ်းများနှင့်အညီ သီတင်းသုံးနေထိုင်ရေး၊ လူဝတ်ကြောင်ပုဂ္ဂိုလ်များ၏ ရှုပ်ထွေးလှသောလောကီလူမှုကိစ္စများ၌ ပါဝင်စွက်ဖက်ဆောင်ရွက်မှု မရှိစေရေး၊ သာသနာရေးရာ ကိစ္စရပ်များတွင် နိုင်ငံတော်အစိုးရ၏ တရားနှင့်အညီ ပေးအပ်သော အာဏာစက်အကူအညီ အထောက်အပံ့ကို ရယူနိုင်ရေး၊ မိမိတို့၏သာသနာ့တာဝန်ဖြစ်သော ဂန္ထ ဓုရ၊ ဝိပဿနာဓုရလုပ်ငန်းကြီးနှစ်ရပ်ကို မိမိလည်း ကျင့်ဆောင်သည့်အပြင် မှီခိုအားထားကြသော ဒါယကာ ဒါယိကာမများကိုလည်း ဟောဖော်ညွှန်ပြ အဆုံးအမပေးနိုင်ရေးစသည်တို့ကို သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်၍ အစဉ်မပြတ်ကြီးကြပ်ညွှန်ပြတော်မူကြလျက် ဗုဒ္ဓသာသနာတော်မြတ်ကြီး နှစ်ပေါင်းငါးထောင်မကကြာအောင် ကမ္ဘာတည်သရွေ့ တည်တံ့ထွန်းကားပြန့်ပွားနေစေရန် ဆရာတော်သံဃာတော်များက သာသနာရေးကိစ္စများကို ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူနေကြသကဲ့သို့ နိုင်ငံတော်အစိုးရကလည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဆုံးဖြတ်ချက်များတွင်လိုအပ်ပါက အာဏာစက်ဖြင့် ပံ့ပိုးဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များ၌ မပေါ့မဆ ကူညီဆောင်ရွက်ပေးလျက်ရှိကြပါကြောင်းဖြင့် လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏အစီရင်ခံစာကို တင်ပြလျှောက်ထားပြီး နံနက်ပိုင်း၌ အစည်းအဝေးအစီအစဉ်(၁၃)ရပ် ကျင်းပခဲ့ပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာဆရာတော်များက ဖတ်ကြားတင်သွင်းလျှောက်ထားတော်မူကြပြီး နေ့လယ်ပိုင်းအစည်းအဝေးတွင် အစီအစဉ်(၅)ရပ်ကျင်းပခဲ့ပြီး ပထမနေ့အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

(၈)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

ဒုတိယအကြိမ် နေပြည်တော် မဟာသကြ်န် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်မည်

နေပြည်တော် မတ် ၁၉

၂၀၁၃ခုနှစ် ဒုတိယအကြိမ် နေပြည်တော် မဟာသကြ်န် Tour Gold Cup ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဧပြီ ၉ ရက်မှ ၁၀ရက်အထိ နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေအဆင့်အသင်းလိုက်ပြိုင်ပွဲ၊ ငွေအဆင့်အသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် ရွှေအဆင့် အသင်းလိုက် ပထမဆု၊ ငွေအဆင့် အသင်းလိုက် ပထမဆုတို့အား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ အမျိုးသား/အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများနှင့်အခြားဆုများကိုလည်း ချီးမြှင့် ပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်း တစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမားနှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးသည် အကျောမဲ့ သတ်မှတ်ချက်(Handicap Zero) ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်း အနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က သတ်မှတ်ထားသော စည်းကမ်းများနှင့်သတ်မှတ်ဂေါက်ကွင်း၏ ဒေသန္တရ စည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အသင်းများနှင့် အားကစားသမားများ၏ အမည်စာရင်းကို ၂၀၁၃ ခုနှစ် ဧပြီ ၂ ရက်နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဖုန်း-၀၆၇-၄၀၆၀၃၄၊ ၀၆၇-၄၀၆၀၃၇ နှင့် Fax ၀၆၇-၄၀၆၀၃၅တို့သို့ မှတ်ပုံတင် စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနသို့ ခေတ္တလွှဲပြောင်းပေးအပ်ထားသည့် မြန်မာနိုင်ငံသား အချုပ်သား အောင်မြတ်(ခ)ခမ်းဟုန်အား ပြန်လည်လက်ခံရရှိ

နေပြည်တော် မတ် ၁၉

မြန်မာနိုင်ငံ၏ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ၊ အခန်း(၆)၊ ပုဒ်မ ၂၈ အရ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါအတိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနသို့ ခေတ္တလွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားအချုပ်သား အောင်မြတ်(ခ) ခမ်းဟုန်အား မတ် ၁၇ ရက်မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံးခန်း၌ ယူနန်ပြည်နယ်၊ ပြည်သူ့လုံခြုံရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Xian Yanmin ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့မှ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွန်းဦးဆောင်သော အဖွဲ့ထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အချုပ်သားအောင်မြတ်(ခ)ခမ်းဟုန်အား ၂၀၁၁ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ဖြစ်ပွားခဲ့သော တရုတ်သင်္ဘောသား ၁၃ ဦး အသတ်ခံရသည့်ကိစ္စ၌ အဓိကပြစ်မှုကျူးလွန်သူတို့အား တရားစီရင်ရာတွင် အထောက်အကူ ဖြစ်စေနိုင်ရန်အတွက် ၂၀၁၂ ခုနှစ် မေ ၁၀ ရက်တွင် တရုတ်နိုင်ငံသို့ခေတ္တလွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ယခုအခါတရားစီရင်မှုကိစ္စရပ်များ ပြီးဆုံးခဲ့သဖြင့် ယခင်စာချုပ်ပါအတိုင်း အမှုကိစ္စအား တရားစီရင်ပြီးလျှင် ပြီးချင်း မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

အချုပ်သား အောင်မြတ်(ခ)ခမ်းဟုန်အား ပြည်တွင်းဥပဒေတစ်ရပ်အရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

များ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီတို့က ကော်မတီ၏ အကြံပြုချက် အစီရင်ခံစာများကို လွှတ်တော်က အတည်ပြုနိုင်ရန် အဆိုတင်သွင်းကြပြီး ယင်းအစီရင်ခံစာများကို လွှတ်တော်က အတည်ပြုသည်။

အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်က ကော်မရှင်၏ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှတင်ပြလာသော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အရအသုံးစာရင်းများ (ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးစာရင်း) စစ်ဆေးတွေ့ရှိချက်အပေါ် လေ့လာတင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်က အတည်ပြုနိုင်ရန် အဆိုတင်သွင်းပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုသည်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ (၁/၂၀၁၃) အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးတို့က ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ဆွေးနွေးချက်ကို ပြန်လည်ကြားနာရန်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု၏ဆွေးနွေးချက်ကို ဖြစ်ရပ်မှန် ဖော်ထုတ်ရေးအတွက် ကော်မတီက ကွင်းဆင်းစစ်ဆေးရန် ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော် အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ကော်မတီက ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများနှင့် ပထမပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန်အစည်းအဝေးအထိဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်မေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက ငွေတိုးကြီးဖြင့် ငွေချေးစားမှုကြောင့် အတိဒုက္ခ ရောက်ကြရသည့်ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီက မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ ၂၄-၉-၂၀၁၂ မှ ၄-၁၀-၂၀၁၂ အထိ သွားရောက်ခဲ့သည့်ခရီးစဉ် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားသွင်းပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်ရပ်နားလိုက်ပြီး အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို မတ် ၂၀ရက်မွန်းလွဲ ၂နာရီတွင်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

လွှတ်တော်များသို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မတ် ၁၉

နေပြည်တော်ဥတ္တရသီရိမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၁၂၅ ဦးနှင့် ဇမ္ဗူသီရိမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၅၉ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပနေပုံများနှင့်လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

မဆုမိုးသိမ့်စံ

သမီးကတော့ ဒီပြိုင်ပွဲမှာ ရွှေတံဆိပ် ခုနစ်ဆုနဲ့ ငွေတံဆိပ်ဆု သုံးဆုဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဆုတွေရလို့ အလွန်ပျော်မိပါတယ်။ ဆက်လက်ပြီးတော့လည်း ယခုလိုပြိုင်ပွဲတွေမှာ ဆုတွေရဖို့ ထပ်မံကြိုးစားသွားမှာပါ။ သမီးရတဲ့ဆုတွေကတော့ မီတာ ၅၀ ပက်လက်ကူး (၀း၃၅ ဒသမ ၄၃ စက္ကန့်)၊ မီတာ ၅၀ အလွတ်ကူး (၀း၃၀ ဒသမ ၃၇ စက္ကန့်)၊ မီတာ ၅၀ လိပ်ပြာကူး (၀း၃၁ ဒသမ ၀၁ စက္ကန့်)၊ မီတာ ၅၀ ရင်ပေါင်ကူး(၀း၃၈ ဒသမ ၃၈ စက္ကန့်)၊ မီတာ ၁၀၀ အလွတ်ကူး (၁း၀၆ ဒသမ ၄၇ စက္ကန့်)၊ မီတာ ၁၀၀ ပက်လက်ကူး(၁း၁၉ ဒသမ ၁၈ စက္ကန့်)နဲ့ မီတာ ၁၀၀ ရင်ပေါင်တန်းကူး(၁း၂၅ ဒသမ ၄၈ စက္ကန့်) ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ မီတာ လိပ်ပြာကူး၊ မီတာ ၂၀၀ အလွတ် ကူးနဲ့ မီတာ ၂၀၀ လေးမျိုးကူးပြိုင်ပွဲတွေမှာတော့ ငွေတံဆိပ်ဆုများသာ ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ရွှေ ခုနစ်ခု၊ ငွေ သုံးခုရရှိခဲ့သည့် မဆုမိုးသိမ့်စံကို ဆုတံဆိပ်များနှင့်အတူ တွေ့ရစဉ်။

မခန့်ခန့်စုစံ

သမီးကတော့ ဒီပြိုင်ပွဲမှာ ရွှေသုံးခု၊ ငွေခြောက်ခုနဲ့ ကြေးတစ်ခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ရွှေဆွတ်ခူးနိုင်ခဲ့တဲ့ပြိုင်ပွဲတွေကတော့ မီတာ ၂၀၀ အလွတ်ကူး (၂း၂၂ ဒသမ ၉၅ စက္ကန့်)၊ မီတာ ၂၀၀ လေးမျိုးကူး (၂း၄၁ ဒသမ ၃၃ စက္ကန့်)နဲ့ မီတာ ၁၀၀ လိပ်ပြာကူး(၁း၁၃ ဒသမ ၂၄ စက္ကန့်)တို့ပဲဖြစ်ပါတယ်။ ငွေရတဲ့ ပြိုင်ပွဲတွေကတော့ မီတာ ၁၀၀ ရင်ပေါင်ကူး၊ မီတာ ၅၀ လိပ်ပြာကူး၊ မီတာ ၁၀၀ အလွတ်ကူး၊ မီတာ ၅၀ ရင်ပေါင်ကူး၊ မီတာ ၁၀၀ ပက်လက်ကူး၊ မီတာ ၅၀ ပက်လက်ကူး ပြိုင်ပွဲတွေပဲဖြစ်ပါတယ်။ မီတာ ၅၀ အလွတ်ကူးမှာတော့ ကြေးတစ်ခု ရခဲ့ပါတယ်။

ရွှေ သုံးခု၊ ငွေခြောက်ခု၊ ကြေးတစ်ခုရရှိခဲ့သည့် မခန့်ခန့်စုစံကို ဆုတံဆိပ်များနှင့်အတူ တွေ့ရစဉ်။

မအင်ကြင်းကေခိုင်

သမီးကတော့ ဒီရေကူးပြိုင်ပွဲမှာ ငွေတံဆိပ်တစ်ခုနဲ့ ကြေးတံဆိပ် သုံးခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲတွေကတော့ မီတာ ၅၀ အလွတ်ကူးမှာ ငွေရပါတယ်။ ကျန်တာတွေကတော့ မီတာ ၁၀၀ ရင်ပေါင်ကူး၊ မီတာ ၅၀ လိပ်ပြာကူးနဲ့ မီတာ ၅၀ ရင်ပေါင်ကူးတွေမှာ ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့ပါတယ်။

မောင်အံ့ခေါင်ထွဋ်

ကျွန်တော်ကတော့ ဒီရေကူး ပြိုင်ပွဲမှာ ရွှေတံဆိပ်တစ်ခုနဲ့ ငွေတံဆိပ်လေးခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲမှ စံချိန် ၁း၁၆ ဒသမ ၁၃ စက္ကန့်နဲ့ ရွှေတံဆိပ်ဆုဆွတ်ခူး နိုင်ခဲ့ပါတယ်။ မီတာ ၂၀၀အလွတ်ကူး၊ မီတာ ၂၀၀ လေးမျိုးကူး၊မီတာ ၅၀ ပက်လက်ကူးနဲ့ မီတာ ၁၀၀ ရင်ပေါင်ကူးပြိုင်ပွဲတွေမှာတော့ ငွေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဆုတွေရတဲ့အတွက် အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဆက်လက်ပြီးတော့လည်း ဒီလိုပြိုင်ပွဲတွေမှာ ဆုတွေဆွတ်ခူးနိုင်ဖို့ ကြိုးစားသွားမှာပါ။

မြန်မာနိုင်ငံတွင် ယခုအခါ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် အားပေးမြှင့်တင်လျက်ရှိရာ မျိုးဆက်သစ်လူငယ်များအနေဖြင့် နောင်အနာဂတ်တွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် အပြင်းအထန်ကြိုးစားအား ထုတ်သွားရမည်ဖြစ်ပါသည်။ ယခုကဲ့သို့ မြန်မာရေကူး အားကစားမောင်မယ်များအောင်မြင်မှုအပေါ် အခြားသောအားကစားမောင်မယ်များကလည်း လာမည့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများ မျှော်မှန်းလျက် ဂုဏ်ယူအားကျ ကြိုးစားအားထုတ်သင့်ပါကြောင်း။ **(မြန်မာ့အလင်း)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မြန်မာရသနှင့်ဘဝသရုပ်ဖော်စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

မန္တလေး မတ် ၁၉

မန္တလေးတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာနနှင့် United Pacific Co.,Ltd. တို့ပူးပေါင်းပြုလုပ်သော ကိုးဘွဲ့ရဆရာတော် မြန်မာရသနှင့်ဘဝသရုပ်ဖော်စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို မတ် ၅ ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြို့တော်ခန်းမ(၁)၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စောက အမှာစကားပြောကြားပြီး United Pacific Co.,Ltd မှ ဒေါ်အေးမိစံက ပြိုင်ပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကိုးဘွဲ့ရဆရာတော် မြန်မာရသနှင့်ဘဝသရုပ်ဖော် စာစီစာကုံးပြိုင်ပွဲတွင် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ အထက်အတန်းအဆင့်၊ အလယ်တန်းအဆင့်ဆုရရှိသူများအား ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျပန်းစကားပြောပြိုင်ပွဲ ဆက်လက်ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဒိုင်ချုပ်က ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုများကို သုံးသပ်ရှင်းလင်းတင်ပြပြီး အလယ်တန်းအဆင့်တွင် ထူးချွန်ဆုရသူ အောင်မြေသာစံမြို့နယ် အလက (၁၁)မှ အဋ္ဌမတန်းကျောင်းသူ မခိုင်ဆုဝေအား ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စောက ဆုငွေကျပ်နှစ်သိန်းနှင့်အထက်တန်းအဆင့်တွင် ထူးချွန်ဆုရ ပြင်ဦးလွင်မြို့နယ် အထက(၁)မှ နဝမတန်းကျောင်းသူမသိမ့်နန္ဒာစိုးအား ဒါရိုက်တာ ဦးဇော်ဝင်းထွန်းက ဆုငွေကျပ်နှစ်သိန်းကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ခရိုင်လေးခရိုင်တို့မှအထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မန်းကိုယ်ပွား)**

စစ်ကိုင်းတောင်ရိုးဗုဒ္ဓဘာသာပညာရေးစင်တာ၌ အလုပ်ရုံဆွေးနွေး

စစ်ကိုင်း မတ် ၁၉

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဗုဒ္ဓဘာသာ ပညာရေးစင်တာ (IBEC) ၌ကျင်းပသောSocial Development အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း စာသင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင်IBEC ပဓာနနာယကကျောင်းအုပ်ဆရာတော်က အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသူများနှင့် Social Development ခေါင်းစဉ်အောက်တွင် (က) Social Development in US by Miss Allison၊ (ခ) Education by၊ (ဂ) Make a Friend by၊ (ဃ) Technology by (င) ငြိမ်းချမ်းသောဘဝပိုင်ရှင်ဖြစ်အောင် နေထိုင်ခြင်းနှင့် သဘာပတိအဖွဲ့မှ Social Development နှင့်ပတ်သက်၍ သုံးသပ်တင်ပြကြသည်။ ဒုတိယနေ့ ဆွေးနွေးပွဲတွင် Mr.Ewan Cambell က Social Development in the U.K ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာ တင်မောင်သန်း (သင့်ဘဝမဂ္ဂဇင်းအယ်ဒီတာ)က ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံရေးဘောဂဗေဒ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံတော် သမ္မတအကြံပေး ဒေါက်တာ ဇော်ဦးက အကူးအပြောင်းဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပြီးနောက် တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မျိုးဝင်း)**

ဉာဏသိဒ္ဓိဘောလုံးကွင်းအနီးရှိ တောအုပ်တွင် တောမီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် ဆွာလမ်းမကြီးဘေးတွင်ရှိသော ဉာဏသိဒ္ဓိဘောလုံးကွင်းအနီးမှ တောအုပ်တွင် မတ် ၁၇ ရက်က တောမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

မီးလောင်သည့် ဧရိယာမှာ ရှည်လျားကျယ်ပြန့်သည့်အပြင် မီးညွန့်များလည်းကြီးသဖြင့် ပတ်ဝန်းကျင် အနီးရှိ လူနေအိမ်များအတွက်ပါ မီးဘေးစိုးရိမ်ရသည့်အနေအထားဖြစ်ခဲ့သော်လည်း လွှတ်တော်နှင့် သမ္မတအိမ်တော် မီးသတ်စခန်းမှ မီးသတ်များ၊ စခန်းအမှတ် (၅) နှင့် (၆) တို့မှ မီးသတ်များအပြင် မီးသတ်ကားတစ်စီးဖြင့်ပါ မီးငြိမ်းသတ်ခဲ့သည်။ အဆိုပါမီးငြိမ်းသတ်ရာသို့ မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြင်သိန်း လာရောက်ကြီးကြပ်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ လွှတ်တော်နှင့် သမ္မတအိမ်တော် မီးသတ်စခန်းမှ မီးသတ်တစ်ဦးက "ဉာဏသိဒ္ဓိဘောလုံးကွင်းနားကနေ စလောင်တဲ့ တောမီးပါ။ မနက် ၉ နာရီခွဲလောက်ကတည်းက စလောင်တာလို့ သိရပေမယ့် ကျွန်တော်တို့သိရတဲ့အချိန်မှာ ၁၁နာရီခွဲနေပါပြီ။ ဒါတောင် ကျွန်တော်တို့ရုံးက ကလေးတစ်ယောက် စာလာပို့ရင်း တွေ့တဲ့အတွက် အကြောင်းကြားလို့သိရတာပါ"ဟု ပြောပြသည်။ အမှတ် (၅) စခန်းမှ မီးသတ်တစ်ဦးကလည်း နေ့အပူချိန်တွေ မြင့်လာတဲ့အတွက် အခုလို မီးဘေးအန္တရာယ်စိုးရိမ်ရပါတယ်။ ဒါကြောင့် ဒီလိုမီးလောင်တာမျိုးတွေ့ရင် တွေ့တဲ့အချိန်မှာ နီးစပ်ရာ မီးသတ်စခန်းတွေကို အကြောင်းကြားသတင်းပို့သင့်ကြပါတယ်" ဟု ပြောကြားခဲ့သည်။ **(ခန့်မင်း)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ကောလင်း မတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြင်ဦးလွင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲကို မတ် ၁၃ရက်က အဆိုပါရုံးခန်း၌ ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ရပ်မိရပ်ဖဦးကျော်လွင်၊ ပြင်ဦးလွင်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က ရပ်ကွက်မီးဘေးကြိုတင်ကာကွယ်ရေး၊ နေအိမ်မီးဖိုသုံးစွဲမှု၊ ထင်းမီး၊ မီးသွေးမီးသုံးစွဲမှု၊ လျှပ်စစ်ဝိုင်ယာကြိုးသုံးစွဲမှုများကို ကြည့်ရှုစစ်ဆေးပြီး ပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးသတိပေးစာစောင်၊ ပိုစတာများကို အများပြည်သူများ ထင်သာမြင်သာ နေရာများနှင့် လမ်းဆုံလမ်းခွများတွင် ကပ်ပြီးတစ်အိမ်တက်ဆင်း ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ရွှေလင်းပြည့်စုံ)**

Sky Net ရုပ်သံလိုင်းများတွင် မဟာသင်္ကြန်ကာလအတွင်း အထူးဈေးနှုန်းဖြင့် ကြော်ငြာများ လက်ခံနေပြီဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ် စီးပွားရေးလုပ်ငန်းရှင်ကြီးများကို သတင်းကောင်းပါးအပ်ပါသည်။

တိုက်ရိုက်ဆက်သွယ်ရန်-

ဒေါ်ညွန့်ညွန့်ကြည်

Advertising (G.M)

ဦးမျိုးမြင့်မြတ်ဝေ

Marketing Manager

အမှတ်-၁၃၁/၁၃၃၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၈၅၇၀၆၀၈၊ ၀၉-၈၆၂၇၀၅၅၊ ၀၉-၇၃၀၁၅၂၅၃၊ ၀၉-၇၃၀၁၅၂၅၆၊ ၀၁-၉၀၁၀၀၈၂၊ ၀၁-၉၀၁၀၀၈၃

နယ်စပ်ရေးရာဝန်ကြီးဌာန
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကတ္တရာများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထောက်ပံ့ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ စံချိန်စံညွှန်းကိုက်ညီသော ကတ္တရာများ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **လုပ်ငန်းတည်နေရာ** - နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော် သိုလှောင်ရုံ၊ ပျဉ်းမနား(မြောက်လွတ်ကုန်း)သို့ အရောက်ပို့ရန်ဖြစ်ပါသည်။

(ခ) **အရေအတွက်** - ၅၀၀ မက်ထရစ်တန်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၃-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၃-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးငွေကျပ်သိန်း ၁၀၀ ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ရုံးအမှတ် ၄၂၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်များကို ၎င်းဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၄၀၀၊ ၀၆၇-၄၀၉၁၈၆၊ ၀၆၇-၄၀၉၀၃၉ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
ရုံးအမှတ် ၄၂၊ နေပြည်တော်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မင်းရာဇာအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁တိုးချဲ့)၊ မြေကွက်အမှတ် ၂၉၆ စီ၇ ၏ အမည်ပေါက် ဒေါ်ထွေး ၁၂/ဗဟန(နိုင်)၀၈၂၃၄၀ က မြေငှားစာချုပ်ဂရန် မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ် ဂရန်မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ဂရန်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အမြန်ပြန်လာပါ



တစ်စုံတစ်ဦး၏ ဖြားယောင်းသွေးဆောင်မှုကြောင့် မခင်ဖုန်းပြည့် (ခ) ပိုးကလေး ၉/တကန(နိုင်)၁၇၁၇၇၃ (အပေါ်ပုံ)သည် နေအိမ်မှ ၁၅-၃-၂၀၁၃ ရက်တွင် ထွက်သွားပါသည်။ အမြန်ပြန်လာပါ။ အားလုံးခွင့်လွှတ်သည်။ ဖြားယောင်းသွေးဆောင်ထားသူနှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်။ သတင်းပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၀၄၇၈၁၈၊
၀၉-၄၂၀၇၃၇၃၂

မန္တလေး-တကောင်း-ဗန်းမော်လမ်းပိုင်း အဆင့်မြှင့်တင် ကတ္တရာခင်း ဘဏ္ဍာရေးနှစ်အလိုက် အချိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိ

မန္တလေး မတ် ၁၉

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူ၊ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး၊ သပိတ်ကျင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၉ ရက် နံနက် ၁၁ နာရီခွဲက (မန္တလေး-တကောင်း- ဗန်းမော်လမ်းပိုင်း) သပိတ်ကျင်းမြို့နယ် (၇) မိုင်လမ်းဆုံမိုင်တိုင်အမှတ် (၀/၀) မှ (၁၇/၀) အထိ အဆင့်မြှင့်တင်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါလမ်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ခံအင်ဂျင်နီယာများက လမ်းပိုင်းအလိုက် အဆင့်မြှင့်တင်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (မန္တလေး တကောင်း - ဗန်းမော်လမ်းပိုင်း) သပိတ်ကျင်း မြို့နယ် (၇)မိုင် လမ်းဆုံမိုင်တိုင်အမှတ် (၀/၀) မှ (၁၇/၀) ထိ ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင်အတွင်း လမ်းခင်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် မိုင်တိုင်အမှတ် (၁၀/၆) နှင့် (၁၀/၇) အတွင်း ကတ္တရာလမ်းခင်းပြီးစီးမှု အခြေအနေ၊ မိုင်တိုင် အမှတ် (၂/၄ နှင့် ၂/၅) အကြား လမ်းပိုင်းအလိုက် စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် ကတ္တရာလမ်းခင်းရန်အတွက် အခြေခံကျောက်လွှာလမ်းခင်းနေမှုနှင့် လမ်းပခုံးဝဲယာတစ်လျှောက် မြေသားလမ်းကျယ် တိုးချဲ့ဆောင်ရွက်နေမှုလုပ်ငန်းများကို လမ်းကြောင်းတစ်လျှောက်လိုက်လံကြည့်ရှုစစ်ဆေးပြီး လမ်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ခင်းကျင်း ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အချိန်အဟုန်မပြတ် ဆောင်ရွက်သွားရေးတို့ကို သက်ဆိုင်ရာအင်ဂျင်နီယာများအား မှာကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

မီးဘေးသင့်အိမ်များသို့ သွပ်ပြားများ ပေးအပ်

စစ်ကိုင်း မတ် ၁၉

စစ်ကိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဆားတောင်တိုက်နယ် ဘောက်သောက်ကျေးရွာတွင် မတ် ၄ ရက် နံနက် ၄ နာရီခွဲခန့်က လောင်ကျွမ်းခဲ့သော မီးကြောင့် အိမ်ထောင်စု ၂၃ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မီးဘေးသင့်ပြည်သူများသို့ စစ်ကိုင်းမြို့နယ် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် သင်တန်း (၁/၂၀၁၃) တက်ရောက်နေသည့် ကျေးရွာ ၈၁ အုပ် စု၊ ရပ်ကွက် ၁၈ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများက အလှူ ငွေ ရှစ်ပေ၊ အနံ နှစ်ပေခွဲရှိ အိမ်မိုးသွပ်ပြား ကျပ် ၄၁၄၀၀၀ တန်ဖိုးရှိ သွပ်ပြား ၁၃၈ ချပ်ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို သင်တန်းတည်ရှိရာ ပိုးတန်းရပ်ကွက် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း စံပယ်ဆောင်၌ မတ် ၁၂ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်မီးဘေးကယ်ဆယ်ရေး ကော်မတီဝင်များ တက်ရောက်ကြပြီး အလှူရှင် သင်တန်းသားများ ကိုယ်စား ပိုးတန်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွန်း နှင့် နီလာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရွှေအောင်တို့က ပေးအပ်ရာ မီးဘေးသင့် ပြည်သူများကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်ကျော်က လက်ခံယူပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ပြဟ္မစိုရ်ပညာဒါန သုံးထပ်စာသင်ကျောင်းဆောင်သစ် ချမ်းအေးသာစံမြို့နယ်၌ ရေစက်ချလှူဒါန်း

မန္တလေး မတ် ၁၉

မန္တလေးချမ်းအေးသာစံမြို့နယ် ၃၂နှင့် ၃၄ လမ်းကြား ၆၂ လမ်းရှိ တောင်စလင်းတိုက်သစ် ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ ဦးစီးတည်ထောင်သော ပြဟ္မစိုရ်လူမှုကူညီရေးအသင်းရုံးဝင်းအတွင်း ပြဟ္မစိုရ်ပညာဒါန သုံးထပ်စာသင်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားနှင့် ပြဟ္မစိုရ် လူမှုကူညီရေးအသင်းသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၈ ရက် နံနက် ၇ နာရီခွဲက အဆိုပါသုံးထပ်ကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပရာ ဝါဆိုကျောင်းဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယ အမှူးပြု သြဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။ ထို့နောက် အလှူရှင်မိသားစုတို့က ဆရာတော်ကြီးများအား သက်န်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအတွက် ဝါဆိုကျောင်းဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ယင်းနောက် ငွေကျပ်သိန်းပေါင်း ၂၀၆၀ အကုန်အကျခံ လှူဒါန်းတည်ဆောက် ပြီးခဲ့သည့် ပြဟ္မစိုရ်ပညာဒါန သုံးထပ်စာသင် ကျောင်းဆောင်သစ်ကို အလှူရှင် ဦးသန့်-ဒေါ်ချစ်ချစ်

(မြင့်မြင့်ခင်ထိုးမုန့်၊ လမုန့်-မိသားစု) တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်း ကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ပေး

အဆိုပါ ပြဟ္မစိုရ်ပညာဒါန သုံးထပ် စာသင်ကျောင်းဆောင်သစ် မြေညီထပ်တွင် စာကြည့်တိုက်၊ ဒုတိယထပ်တွင် အသက်မွေးမှု အထောက်အကူပြု စက်ချုပ်ပညာ သင်တန်း၊ တတိယထပ်တွင် တက္ကသိုလ်ဝင်တန်းနှစ်ကျ ကျောင်းသားကျောင်းသူများအား တနင်္လာမှ သောကြာအထိနေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီ ၁၅ မိနစ်အထိ၊ နှစ်တက် ကျောင်းသား ကျောင်းသူများကို အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့ နံနက် ၇ နာရီ မှ ညနေ ၅ နာရီအထိ၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ ပညာသင်စရိတ်ချို့တဲ့သူများအတွက်အရည်အသွေးပြည့် ပညာရေးကို ပြဟ္မစိုရ် ပညာရေးဖောင်ဒေးရှင်းမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၀၄၀)

နေပြည်တော် အားကစားရွာ စိမ်းလန်းစိုပြည်ရေး သစ်ပင်ကြီးများစိုက်ပျိုး

နေပြည်တော် မတ် ၁၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ နေပြည်တော်သစ်တောဦးစီးဌာနသည် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အားကစားကွင်းနှင့် အားကစားရွာဝန်းကျင် စိမ်းလန်းစိုပြည် ရေးလုပ်ငန်းများကို အချိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

အားကစားကွင်းနှင့် အားကစားရွာအတွင်းရှိ လုပ်ကွက်ပေါင်း ၁၆ ကွက်တို့၌ စိမ်းလန်းစိုပြည်ရေး အရိပ်ရအပင်ကြီးပေါင်း ၈၃၇၀၀ စိုက်ပျိုးမည်ဖြစ်ပြီး မိုးမကျမီ အပင်ပေါင်း ၁၆၀၀၀ အား ရေလောင်း၍ စိုက်ပျိုးခြင်းကို လျာထား ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက် အထိ အပင်ကြီးပေါင်း ၈၁၀၀ ပင် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(သစ်တောဦးစီး)

ပြည်တွင်းသတင်း

မွေးမြူရေးအစာရှားပါးမှုအတွက် အစားထိုးနေဗီယာမြက်

သတင်း၊ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရာသီဥတု ပြောင်းလဲလာမှုနှင့် အတူတစ်နေ့လုပ်အားခ ငွေကျပ် ၂၅၀၀၊ ၃၀၀၀ ပေးသော်လည်း မြက်ရှာရိတ်ပေးသူများ မရှိဖြစ်လာသည်ကို နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောပြခဲ့ဖူးပါသည်။

မျိုးကိုပျိုးပြီးစိုက်နိုင်သလို တစ်နည်းက အဆစ်ကိုပိုင်းဖြတ်ပြီး မြေမှာစိုက်တဲ့နည်းပါ။
ဒေါက်တာ မေဝင်းရွှေ
မြို့နယ်ဦးစီးမှူး(မွေး/ကု)

ယခုအခါ ထိုမြက်ရှားပါးမှုကို ဂရုပြုစရာမလိုတော့ဟု သိရသည်။ ထိုင်းနိုင်ငံ ဗတ်ချောင်း နေဗီယာမြက်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးအောင်မြင်မှုရှိနေကြောင်း သတင်းတစ်ခု ကြားသိလာရသည်။

ထိုအစားထိုးမြက်များ စိုက်ပျိုးအောင်မြင်ရာနေရာသည်ကား လပြည့်ဝန်း နို့စားနွားမွေးမြူရေး အစုအဖွဲ့ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာအတွင်းရှိ ဦးတင်ဆန်း၊ဒေါ်ခင်အေးမူတို့၏ နွားမွေးမြူရေးခြံအတွင်း၌ ဖြစ်သည်။

ခြံအတွင်းသို့ လှမ်းလာခဲ့ကြသည်။ နွားအကောင်ရေ ၃၀ကျော်မျှ မွေးမြူထားသည်ကို တွေ့ရသည်။ နွားများက အရှင်သခင်နှင့်လူစိမ်းကို ခွဲခြားသိကြသည်။ စာရေးသူတို့အဖွဲ့ဝင်သွားသည်နှင့် အသံပေးလှုပ်ရှားမှုပြုကြသည်။

မွေး/ကုမြို့နယ်ဦးစီးမှူးက ခြံပိုင်ရှင်နှင့်မိတ်ဆက်ပေးသည်။ လပြည့်ဝန်း နို့စားနွားမွေးမြူရေးအစုအဖွဲ့ဝင်ဦးတင်ဆန်း - ဒေါ်ခင်အေးမူတို့ဖြစ်သည်။ ဒေါ်ခင်အေးမူသည် မြောက်ဥက္ကလာပမြို့နယ် အလယ်တန်းကျောင်းမှ ဆရာမတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

ဆရာမ ဒေါ်ခင်အေးမူက "ဒီထိုင်းမြက်တွေစိုက်ဖို့ကို မြို့နယ်က မွေး/ကု ဦးစီးမှူး ဒေါက်တာကိုယ်တိုင်ဒီရွာကို ကိုယ်တိုင်လာစည်းရုံးဟောပြောခဲ့တာပါ။ စိတ်ဝင်စားလာ

တာလည်းပါတယ်။ နောက်အစာကလည်း ရှားပါးလာတာကြောင့် စိတ်ဝင်စားပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က အပင် ၆၅၀ကို စတင်စိုက်ပျိုးခဲ့တာ။ ဒေါက်တာရဲ့အဖွဲ့က စိုက်နည်း၊ ပျိုးနည်းတွေကို သေသေချာချာလာပြပေးတာပါ"ဟုဆိုသည်။

မြက်ပင်ရှည်များကို ဦးတင်ဆန်းကခုတ်ယူ၍ ဆရာမဒေါ်ခင်အေးမူက နွားများကိုကျွေးကြသည်။ နွားများက နှစ်နှစ်ခြိုက်ခြိုက်စားကြသည်။

ထိုမျိုးစတင်ရရှိချိန်မှာ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထိုင်းနိုင်ငံမှ စတင်ယူဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။ လှည်းကူးမြို့နယ်တွင် စတင်စမ်းသပ်စိုက်ပျိုးရန်အတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးအားတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်တွေ့အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ ဆရာမဒေါ်ခင်အေးမူကပင် "အခုဒီရာသီက မြက်ရှားပြီး နွားကို ကောက်ရိုးကျွေးရတဲ့ရာသီပါ။ ကောက်ရိုးဆိုတာက နွားအနေနဲ့ ဗိုက်ပြည့်အောင် စားတာပဲဖြစ်ပါတယ်။ အာဟာရအနေနဲ့ ဘာမှမဖြစ်ပါဘူး နောက်ဒီရာသီဆို နို့ထွက်အားကျတဲ့ရာသီပါ၊ အခုဒီမြက်ကို ကျွေးကြည့်တော့ အာဟာရပြည့်ဝတဲ့လက္ခဏာတွေတွေ့ရတယ်၊ နို့အထွက်နှုန်းလဲကျမသွားဘူး၊ ခါတိုင်းလိုပဲထွက်တာတွေ့ရတယ်" ဟု ရှင်းပြပေးပါသည်။

နို့စားနွားမွေးသူ၊ နေဗီယာမြက်စိုက်ပျိုးသူ၏ ပြောပြချက်အရ ယခုလိုရာသီအချိန်တစ်လခန့် နွားအကောင်ရေ ၃၀အတွက် အစာရှာဖွေကျွေးပါက ကျပ် ၁၅၀၀၀၀ခန့် ကုန်ကျနိုင်ပြီး အခုလိုအစားထိုး ထိုင်းနေဗီယာမြက်ကြောင့်ကုန်ကျမှုများ အလွန်သက်သာခဲ့ကြောင်း သိရသည်။

မြို့နယ်မွေး/ကုဦးစီးမှူး ဒေါက်တာမေဝင်းရွှေသည် နေဗီယာမြက်နှင့် ပတ်သက်၍ အကျိုးရှိပုံများကို လက်တွေ့ လေ့လာတွေ့ရှိခဲ့ရသူ တစ်ဦးလည်းဖြစ်သည်။ သို့အတွက် မိမိနိုင်ငံ၊ မိမိဒေသရှိ နို့စားနွား မွေးမြူသူတို့အား ပြန်လည်အသိပညာများ ဖြန့်ဖြူးခဲ့သူတစ်ဦးလည်း ဖြစ်သည်။ အထူးသဖြင့် လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာရှိ လပြည့်ဝန်းနို့စားနွားမွေးမြူသူများအားမျိုးနှင့်စိုက်ပျိုးနည်းပညာများကို ဖြန့်ဝေခဲ့သည်။

စိုက်ပျိုးနည်းနှင့် ပတ်သက်၍ ဒေါက်တာမေဝင်းရွှေက "ဒီနေဗီယာမြက်စိုက်နည်းကနှစ်နည်းရှိပါတယ်၊ တစ်နည်းက မျိုးကိုပျိုးပြီး စိုက်နိုင်သလို တစ်နည်းက အဆစ်ကိုပိုင်းဖြတ်ပြီး မြေမှာစိုက်တဲ့နည်းဖြစ်ပါတယ်"ဟု ပြောပြသည်။

အပင်ကိုဖြတ်၍ အဆစ်ဖြင့် စိုက်ပျိုးပါက တစ်ဖြတ်လျှင် အပင်မျက်စိနှစ်ခုပါအောင် ပိုင်းဖြတ်ရကြောင်း၊ မျက်စိတစ်စိကိုမြေတွင် ၄၅ ဒီဂရီစောင်း၍ နှစ်စိုက်ရပြီး မျက်စိတစ်စိကို လေတွင်ပေါ်အောင် ဖော်ထားရကြောင်း သိရသည်။

နွေရာသီ၌မူ မျိုးပင်ကိုရေနိုင်အောင်လောင်းပေးရကြောင်း ၁၀ ရက်သားတွင် အပင်ပွားများထွက်ရှိလာပြီး အပင်သက်သုံးပတ်ပြည့်သောအခါတွင် နွားချေးရေစိမ်၍ လောင်းပေးရကြောင်း၊ အပင်သက်တမ်း နှစ်လခွဲအကြာတွင် အရွက်၊ ရိုးတံများ လှိုင်လှိုင်ထွက်လာပြီဖြစ်၍ နွားအား ပိုင်းဖြတ်ကျွေးမွေးနိုင်ကြောင်း သိရသည်။

စိုက်ပျိုးသည့်အခါ မြေကိုညီညာအောင်ပြင်ဆင်ပေးရကြောင်း၊ မြေကွက်ပေါ်မူတည်၍ သင့်တော်သလို ပေါင်ပြုလုပ်ရကြောင်း၊ တစ်ပေါင်နှင့်တစ်ပေါင်လေးပေခွာ၍ထားရကြောင်း၊ တစ်ပင်နှင့်တစ်ပင် သုံးပေအကွာအဝေးယူ၍ စိုက်ပျိုးရကြောင်း၊ အပင်၏ခံနိုင်ရည်စွမ်းအားမှာ ရေမြုပ်သည့်ဒဏ်ကို တစ်လမျှခံနိုင်သည့်အပြင် ပူပြင်းခြောက်သွေ့သောဒေသများ၌ပင် စိုက်ပျိုးအောင်မြင်နိုင်ကြောင်း သိရသည်။

ခြံထဲတွင် အပင်ပေါင်း ၃၀၀၀၀ ကျော်စိုက်ပျိုးထားသူ၊ နို့စားနွားများ မွေးမြူထားသူ ဦးတင်ဆန်းက "အခုဆိုဒီမြက်တွေကြောင့် အတော်ကို ဟန်ကျသွားပြီဗျ။ အပင်တွေကလဲ ပွားလိုက်တာအရမ်းပဲ။ မျိုးတောင် ဖြတ်ရောင်းလို့ရပြီ။ ဘယ်နို့မှုဆိုရင် ဒီအချိန်မြက်ရှားတဲ့ဒုက္ခက အတော်ကိုကြီးတာ၊ ပိုက်ဆံပေးတာတောင် မြက်က မရဘူး။ အခုတော့ ဒီကဆရာမကြီးတွေရဲ့ ကျေးဇူးကြောင့် လူလည်းမပင်ပန်း၊ နွားလည်းအစာဝ၊ နို့ပုံမှန်ထွက်တာဆိုတော့ ဟိုတီဗွီထဲက ကြော်ငြာလိုကိုင်း. . ဦးကြီးဘာများ လိုသေးလဲဗျာ ဆိုသလိုပါပဲ" ဟု ဆိုလိုက်သည့်အတွက် ကျွဲ၊ နွားစသည့် တိရစ္ဆာန်မွေးမြူသူတို့အတွက် မြေအနည်းငယ်ရှိရုံဖြင့် မွေးမြူရေး အစာရှားပါးမှုမှ လွတ်ကင်းရာ အဖြေတစ်ခုရှာဖွေတွေ့ရှိခဲ့လေပြီ ဟုသာဆိုပါရစေ။

နွေရာသီအခြေခံအားကစားသင်တန်းဖွင့်

ရန်ကုန် မတ် ၁၉

ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေး၊ လူငယ်လူရွယ်များအားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရေး၊ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားလာစေရေးနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိပြီး နိုင်ငံ့ဂုဏ်မြင့်တင်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ် နွေရာသီအခြေခံ အားကစားသင်တန်းများ ဖွင့်ပွဲကို မတ် ၁၈ ရက် နံနက် ၈ နာရီက အောင်ဆန်း အားကစားပြိုင်ဝင်းတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ (သိုင်း၊ ကရာတေးဒို၊ဝူရှူး)အားကစားအဖွဲ့ချုပ်များမှ အားကစားသမားများက သရုပ်ပြသကြသည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်း ၂၉ မျိုးတွင် ရေကူး၊ ဂျူဒို၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ကြက်တောင်၊ စက်ဘီး၊ တိုက်ကွမ်ဒို၊ အလေးမ၊ ခရစ်ကက်၊ ရွက်လှေ၊ ဘောလုံး၊ ဟော်ကီ၊ ပိုက်ကျော်ခြင်း၊ ကာယကြံ့ခိုင်မှု၊ ဘတ်စကက်ဘော၊ ဝူရှူး၊ လှေလှော်၊ ခြင်းလုံး၊ စစ်တုရင်၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ သိုင်း၊ အေရိုးဗစ်၊ ကျွမ်းဘား၊ ဂေါက်သီး၊ တင်းနစ်၊ ဘေ့(စ်)ဘော၊ ဘိုးလင်း တို့ဖြစ်ကြသည်။

နွေရာသီအခြေခံအားကစား သင်တန်းများကို မတ် ၁၈ ရက်မှ ဧပြီ ၁၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.

မန္တလေး { ပထမအသုတ်ဦးရာလူလေယာဉ်ခုံ (၂၀၀) အတွက် (၆) သိန်းကျပ် / ဒုတိယသုတ် လေယာဉ်ခုံ (၁၅၀) ကိုဈေးနှုန်းထပ်မံ ထုတ်ပြန်ပါမည်။ }		ဂယာ (၉ သိန်း) / ဂယာ (ဟိုတယ်)	၁၂ သိန်း
		သီရိလင်္ကာ (၁၁ သိန်း) / တိဗက်	၁၄ သိန်း
စင်္ကာပူ + မလေးရှား (၁၁ သိန်း) / ဖူးခတ်	၉ သိန်း	ဟောင်ကောင်+ကွမ်ကျိုး+မကာအို	၁၄ သိန်း
မန္တလေး + စင်္ကာပူ + မလေးရှား	၁၃ သိန်း	ပီကင်း+ရှန်ဟိုင်း +ကူမင်း+ရှုကျိူး+ဂွမ်	၁၄.၅ သိန်း
ပီနန် + လန်ကာဝီ + Genting Highlands + KUL	၁၁.၅ သိန်း	ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး)	၁၇ သိန်း
ဘာလီ (၁၀ သိန်း) / ကမ္ဘောဒီးယား	၆.၈ သိန်း	ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ)	၂၅ သိန်း
ဘာလီ + စင်ကာပူ + မလေးရှား	၁၅ သိန်း	ဒူဘိုင်း (၁၉ သိန်း) / ရုရှား (မော်စကို)	၃၅ သိန်း
ကမ္ဘောဒီးယား + ဗီယက်နမ် (ဆိုင်ဂုံ၊ ဟနွိုင်း)	၁၁.၅ သိန်း	ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ...)	၃၉ သိန်း
ချင်းမိုင် + ချွတ်ရိုင် (၆.၅ သိန်း) / မလေးရှား	၆.၈ သိန်း	နော်ဝေး ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန် (Cruise)	၄၀ သိန်း

သကြၤန်ခရီးစဉ် ပုံမှန်ထက် ဈေးနှုန်းအနည်းငယ်မြင့်တက်မှုကို နားလည်ပေးစေလိုပါသည်။
ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပတ်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510281
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (အပတ်စဉ်)
Ph:209200,430460,544383

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ
Mar 25
Mar 15,19,22,24,26
240860/372290
09-49282825

ရောင်းရန်ရှိသည် (Good Second Hand)
၁။ ရေသန့်ရေခဲစက် (Thailand 20 Ton/day)
၂။ အသင့်စားခေါက်ဆွဲစက် (Taiwan 250 Bag/day)
၃။ နိုးနိုးခေါက်ဆွဲစက် (Local T20 Bag/day)
၄။ စတီးမွှေစက်ကြီး (China 1200 Kg/batch)
Robbin Mixer
၅။ အချိုရည်ပုလင်းများတွင် အသုံးပြုနိုင်သော သတ္တုဖုံးများ
(က) Crown Cork
(ခ) R.O.P.P (29.5 x 35) mm
(31.5 x 18) mm
၆။ 280 ml ဖန်ပုလင်းခွံများ
၇။ အမိုးနီးယားအိုးခွံများ
သင့်တင့်သောဈေးများဖြင့် အမြန်ရောင်းမည်။
ဆက်သွယ်ရန် ၀၉-၈၆ ၂၀၅၉၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ဖရပ်ကွက်၊ လူနေရပ်ကွက်အမှတ် ဖရပ်ကွက်၊ မြေကွက်အမှတ် ၉၄၂၊ ဧရိယာစတုရန်းပေ ၂၄၀၀ ဒေါ်သန်းစိန် ၁၂/ဥကတ(နိုင်)၀၅၃၁၁၆နှင့် ဦးပု ၁၂/ဥကတ(နိုင်)၀၅၂၈၅၂ အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၇၅၃/၁၂နှင့် ၁၇၇၅၄/၁၂ ရရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်စောနီလာမင်း ၁၂/ဥကတ(နိုင်)၀၀၉၀၃၉ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်းခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျန်ငွေများပေးချေပြီး အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သူဇာငြိမ်း(LL.B)
အထက်တန်းရှေ့နေ
အမှတ် (၇၇၉)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၈၅၀၀၃၂၃

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနားများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့်၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်တွင်းသတင်း

မြန်မာ့ရိုးရာဒေါင်းလန်းလုပ်ငန်း ပျောက်ကွယ်လုဖြစ်နေ

မြန်မာ့ရိုးရာ ယွန်းဒေါင်းလန်းများ အသုံးပြုမှုနည်းလာသဖြင့် ရက်လုပ်ရောင်းချသူ မရှိသလောက်ဖြစ်နေကြောင်း ရွှေဘိုခရိုင် ရေဦးမြို့မှ လက်ရှိ ဒေါင်းလန်းလုပ်ငန်းလုပ်ကိုင်နေသူ ဦးကျောက်ခဲက ပြောပြသည်။

"ဒီနယ်တစ်ဝိုက်မှာတော့ ဒေါင်းလန်းလုပ်တာ အဘတစ်ယောက်ပဲရှိတော့တယ်။ ဒါတောင် မျိုးရိုးစဉ်ဆက်အမွေမို့လို့ လုပ်နေတာ။ အခု အဘအသက် ၇၅ နှစ်ရှိပြီ။ ၁၅ နှစ်သားကတည်းက ဒေါင်းလန်းလုပ်လာတာ၊ ရေဦးမြို့နယ်ထဲမှာဆို ဂသဲရွာနဲ့ မီးမောင်းကုန်းရွာက တစ်ရွာလုံးလုပ်ကြတာ။ အခုတော့မလုပ်ကြတော့ဘူး။ ယွန်းဒေါင်းလန်းကို ရှေးခေတ်က မြန်မာတွေရဲ့ ထမင်းစားပန်းကန်ဆိုတာ သိသူနည်းသွားပြီ၊ အခု ရှမ်းပြည်နယ်ကပွဲလမ်းသဘင်တွေမှာ သုံးလို့ ပို့နေရတယ်"ဟု မိဘဂုဏ်ဒေါင်းလန်းလုပ်ငန်းပိုင်ရှင် ဦးကျောက်ခဲက ပြောပြသည်။ ယင်းဒေါင်းလန်းများကို မန္တလေး လက်ဖက်ပွဲရုံများသို့ လက်ဖက်ခြောက်ထွက်ရာသီတွင် ကြိုတင်ပို့ဆောင်ထားပြီး ရှမ်းပြည်နယ်မှ လက်ဖက်ကုန်သည်များက ဝယ်ယူကြပြီး လူငါးယောက်စာ ဒေါင်းလန်းတစ်ချပ်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချပြီး အစစ်အမှန် ပစ္စည်းအကောင်းစားသုံးပါက တစ်ချပ်လျှင် ငွေကျပ်ငါးသောင်းခန့်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ယင်းဒေါင်းလန်းများကို မန္တလေး၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ မူဆယ်၊ နမ့်ခမ်း စသော ဒေသများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

အောင်နိုင်ထွန်း

တိုက်ဂါးမြန်မာ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Tiger Golf က အဓိကကူညီပံ့ပိုးသည့် 'TIGER MYANMAR AMATEUR OPEN GOLF CHAMPION SHIP 2013' ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တညင်းကုန်း ဂေါက်ကလပ်၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးမင်းသိန်း၊ ဦးအောင်ကြည်နှင့် ဦးတင့်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်နှင့် အမှုဆောင်များ Myanmar Brewery Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂေါက်သီးရိုက်ကစားသမားများ တီခုံအမှတ်(၁) (Tee-1)၌ နေရာယူကြပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ရန်ကုန်ဂေါက်ကလပ်မှ Club Captain ဦးဇော်မင်းနှင့် Myanmar Brewery Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Lim Yew Hoe တို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲသို့ ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် အိမ်ရှင်မြန်မာတို့မှ လက်ရှိချန်ပီယံ မောင်သိန်းနိုင်စိုး အပါအဝင် စုစုပေါင်း အပျော်တမ်း ဂေါက်သီးရိုက်ကစားသမားများ ၁၂၇ ဦး ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် Srixon/Imperal Jade Purified Drinking Water 100 Plus (Isotonic Drink) Yangon Golf Club နှင့် Elite Express တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးကြသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို မတ် ၂၀ ရက် နံနက် ၇ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တောင်တွင်းကြီး၌ ယခင်နှစ်ကထက် အပူချိန်မြင့်တက် ပြည်သူများ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရန်လိုအပ်

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့သည် အပူပိုင်းဒေသ၌ပါဝင်ပြီး ရာသီဥတုပူပြင်းသည့် နွေရာသီသို့ ရောက်ရှိသဖြင့် ချွေးထွက်လွန်၍ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြား၍ မိတ်နှင့်ယားဖုများထွက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်း စသည့် အသက်စိုးရိမ်ရသော အခြေအနေထိ ဖြစ်နိုင်ကြောင်း မြို့နယ်တိုင်းရင်းဆေးမှူး ဦးမင်းဇော်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခု ၂၀၁၃ ခုနှစ် မတ်လအပူချိန်သည် ၂၀၁၀ ခုနှစ် မတ်လအပူချိန်နှင့် တူညီနေကြောင်း ဒေသမှတ်တမ်းများအရ သိရသည်။ ၂၀၁၀ ခုနှစ် မတ်လ အမြင့်ဆုံးအပူချိန်မှာ ၄၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ်သာရှိခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လ ၁၇ ရက်နေ့အထိ အမြင့်ဆုံး အပူချိန်မှာ ၄၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ်အထိ ရှိလာသဖြင့် ၂၀၁၀ ခုနှစ် အပူချိန်ထက် မြင့်တက်လာဖွယ်ရှိနိုင်ကြောင်း ဒေသမှတ်တမ်းများအရ သိရသည်။

အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လိုက်နာရန်လိုအပ်သည်။ **နိုင်ဝင်း**

မနောအလှူတော်ဂီတအဖွဲ့ ၏ အလှူရှင်များထံမှလက်ခံရရှိခဲ့သည့်ရငွေများနှင့် သုံးငွေစာရင်းရှင်းတမ်း

အကြောင်းအရာ	US$	S$	Kyats	[illegible]
[illegible]			19,404,804	
[illegible]	750			
[illegible]			5,740,000	
[illegible]			431,100	
[illegible]			300,000	
[illegible]			22,000,000	
[illegible]			20,000,000	
[illegible]			10,000,000	
[illegible]			8,000,000	
[illegible]			4,000,000	
[illegible]			2,000,000	
Yum Yum Instant Noodle			2,500,000	
MDG Group of Companies			2,000,000	
[illegible]			2,000,000	
[illegible]			2,000,000	
[illegible]			2,000,000	
MAP CAT Company			2,000,000	
[illegible]			2,000,000	
[illegible]			1,307,000	
[illegible]			1,200,000	
[illegible]			1,000,000	
[illegible]			1,000,000	
[illegible]			1,000,000	
[illegible]			1,000,000	
[illegible]			1,000,000	
[illegible]			1,000,000	
[illegible]			1,000,000	
[illegible]			1,000,000	
[illegible]			1,000,000	
[illegible]			500,000	
[illegible]			500,000	
[illegible]			500,000	
[illegible]			500,000	
[illegible]			500,000	
[illegible]			500,000	
[illegible]			500,000	
[illegible]			300,000	
[illegible]			300,000	
[illegible]				
[illegible]			300,000	
[illegible]			300,000	
[illegible]			260,000	
[illegible]			250,000	
[illegible]			200,000	
[illegible]			200,000	
[illegible]			200,000	

အကြောင်းအရာ	US$	S$	Kyats	[illegible]
[illegible]	750		123,592,904	
[illegible]			200,000	
[illegible]			150,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			100,000	
[illegible]			80,000	
[illegible]			50,000	
[illegible]			50,000	
[illegible]			40,000	
[illegible]			20,000	
[illegible]			14,000	
[illegible]			7,769,300	
[illegible]			5,250,856	
[illegible]			1,400,800	
[illegible]			110,800	
[illegible]	1090			
[illegible]	200			
[illegible]		100		
[illegible]			3,054,606	
[illegible]				1,000,000
	1950	100	143,361,367	1,000,000
[illegible]			27,381,425	
[illegible]			115,979,942	
[illegible]	1950	100		1,000,000
	1950	100	143,361,367	1,000,000

[illegible] Eagle Security Service Company [illegible]

နိုင်ငံတကာအားကစားသတင်း

ရီးရဲမက်ဒရစ်တို့ အဝေးကွင်းမှာ နိုင်ပွဲရနိုင်ပါ့မလား

စပိန်လာလီဂါပွဲစဉ် (၂၉)ကို မတ် ၃၀၊ ၃၁ ရက်နဲ့ ဧပြီ ၁ ရက်မှာကစားကြပါလိမ့်မယ်။ တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာနဲ့ ပွဲတူ ၁၃ မှတ် ကွာခြားနေတဲ့ ရီးရဲမက်ဒရစ်တို့လည်း နိုင်ပွဲတွေဆက်တိုက်ရယူရေးအတွက် ကြိုးစားအားထုတ်နေဆဲဖြစ်ပါတယ်။ တန်းဆင်းဇုန်ထဲ မကျဆင်းဖို့နဲ့ တန်းဆင်းဇုန်ထဲက လွတ်မြောက်ရေးရုန်းကန်ကြရဦးမယ့် အသင်းတွေရဲ့ပွဲတွေက စိတ်ဝင်စားစရာကောင်းနေဦးမှာ ဖြစ်ပါတယ်။

ဆဲလ်တာဗီဂိုနှင့် ဘာစီလိုနာ

တန်းဆင်းဇုန်အတွင်းက ရုန်းထွက်နိုင်ဖို့အတွက် ဆဲလ်တာဗီဂိုတို့ အားကုန်ထုတ်ရဦးမယ့် ပွဲဖြစ်ပါတယ်။ ဒါပေမယ့် ပြိုင်ဘက်က ဘာစီလိုနာဖြစ်နေတာမို့ ဆဲလ်တာဗီဂိုတို့ အသက်ဝဝမရှူနိုင်အောင် ခုခံရင်ဆိုင်ရမယ့် အနေအထားပါပဲ။ နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးနေတဲ့ ဆဲလ်တာဗီဂိုတို့ကို ဘာစီလိုနာတို့က အလျှော့ပေးမှာတော့ မဟုတ်ပါဘူး။ နိုင်ပွဲတွေ ဆက်တိုက်ပုံဖော်နေတဲ့ ဘာစီလိုနာဟာ ဆဲလ်တာဗီဂိုကို မျှော်လင့်ချက်တွေပေးမှာ မဟုတ်ပါဘူး။



ဇာရာဂိုဇာနှင့် ရီးရဲမက်ဒရစ်

ဇာရာဂိုဇာတို့အတွက် တန်းဆင်းဇုန်အတွင်း မကျဆင်းအောင် ရီးရဲမက်ဒရစ်ကို အနိုင်ယူရေး အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ အမှတ်လိုအပ်မှုပြင်းပြနေတဲ့ ဇာရာဂိုဇာဟာ ပြီးခဲ့တဲ့ပွဲမှာ ဆီဗီလာကို လေးဂိုးပြတ်ရှုံးထားတဲ့အတွက် ဒီပွဲမှာ ရလဒ်မဆိုးရွားအောင်တော့ ပြင်ဆင်ပေမယ့် ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်အားကို ဘယ်လောက်အထိ တောင့်ခံနိုင်မလဲဆိုတာကြည့်ရမှာ ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်တို့ကလည်း အမှတ်လျှော့ပြီး ယူမှာမဟုတ်တဲ့အတွက် ဇာရာဂိုဇာတို့အတွက် အခက်တွေ့နိုင်ပါတယ်။

အက်သလက်တီကိုနှင့် ဗလင်စီယာ

ဒီပွဲက အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပါတယ်။ ဗလင်စီယာအတွက် အရေးကြီးသလို အက်သလက်တီကိုအတွက်လည်း တန်းစီဇယားရပ်တည်မှုကောင်းမွန်ဖို့ နိုင်ပွဲလိုအပ်နေတာမို့ အပြန်အလှန် ထိုးဖောက်မှုတွေနဲ့ ကြုံတွေ့ကြရမယ့်ပွဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဗလင်စီယာရဲ့ အားနည်းချက်က ခံစစ်ပိုင်းကျိုးပေါက်တတ်တာဖြစ်လို့ အက်သလက်တီကို တိုက်စစ်မှူးတွေ အကြိုက်တွေ့ပြီး အနိုင်ရလဒ်ကို သိမ်းပိုက်သွားဖို့ အခြေအနေဖြစ်သွားနိုင်ပါတယ်။

အက်စ်ပန်ညိုနှင့် ရီးရဲဆိုစီဒက်

ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး ကြိုးစားနေတဲ့ ရီးရဲဆိုစီဒက်ဟာ ဒီပွဲမှာ အမှတ်ပြည့်ရယူရေး ခြေကုန်ထုတ်ပါလိမ့်မယ်။ ရီးရဲဆိုစီဒက်ဟာ တိုက်စစ်မှူးအားမကောင်းသလို ခံစစ်ပိုင်းမှာလည်း အမှားအယွင်းတွေရှိတဲ့ အသင်းဖြစ်ပါတယ်။ အက်စ်ပန်ညိုတို့ကတော့ တိုက်စစ်ခံစစ်ပုံမှန်ခြေစွမ်းရှိနေလို့ ခြေရည်တူရင်ဆိုင်နိုင်ပေမယ့် အဆုံးသတ်ဂိုးသွင်းသေချာမှု အားသာတဲ့ ရီးရဲဆိုစီဒက်တို့အပေါ် ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

ဗယ်လီကာနိုနှင့် မာလာဂါ

ဗယ်လီကာနိုရဲ့ ခံစစ်ပိုင်း မပြောင်းလဲရင်တော့ မာလာဂါကို အသာစီးယူနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ မာလာဂါက ကစားအားကောင်းတဲ့ အသင်းဖြစ်ပြီး အသင်းလိုက်နားလည်မှုရှိရှိနဲ့ ကစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမယ့် ဗယ်လီကာနိုတို့ကလည်း အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့အသင်းဖြစ်တာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက် - ရေးသားသည်

လမ်းပတ် ဂိုးပေါင်း ၂၀၀ မြောက် စံချိန်တင်သွင်းယူ

ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်အား ချယ်လ်ဆီးအသင်းအတွက် ဂိုးပေါင်း ၂၀၀ မြောက်အဖြစ် သွင်းယူနိုင်ခဲ့သည့်အတွက် အသင်းနည်းပြ ဘင်နီတက်ဇ်က ချီးကျူးလိုက်သည်။

အသက် ၃၄ နှစ်ရှိ ကွင်းလယ်ကစားသမား လမ်းပတ်သည် ချယ်လ်ဆီးက ဝက်စ်ဟမ်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည့်ပွဲတွင် ခေါင်းတိုက်ဂိုးသွင်းကာ ဂိုး ၂၀၀ မြောက်အဖြစ် သွင်းယူခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းတွင် ယခင်က တမ်ဘလင်းအမည်ရှိ ကစားသမားသည် ဂိုး ၂၀၀ သွင်းယူခဲ့သည့်စံချိန်ကို လမ်းပတ်က အမီလိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးနေမာ ဥရောပသို့ရောက်နိုင်

ဘရာဇီးကလပ် ဆန်တို့စ်တိုက်စစ်မှူး နေမာသည် ဥရောပထိပ်သီးကလပ်များဖြစ်သည့် ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနှင့်ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားရန်စီစဉ်လျက်ရှိသည်။ အသက် ၂၁ နှစ်ရှိ နေမာအား ဥရောပကလပ်များက ခေါ်ယူရန်ကာလအတန်ကြာကပင် ကြိုးစားလျက်ရှိသည်။ လာမည့်ရာသီတွင် ဥရောပထိပ်တန်းကလပ်တစ်ခုသို့ ရောက်လာနိုင်သည်။

ဖာဒီနန် အင်္ဂလန်ခြေစစ်ပွဲတွင် မပါဝင်

မန်ယူနောက်တန်းကစားသမား ဖာဒီနန်သည် ဆမ်မာရီနို၊မွန်တီနီဂရိုးတို့နှင့် အင်္ဂလန်အသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ကစားရန် စီစဉ်ထားပြီးမှ မကစားနိုင်တော့ဟုဆိုသည်။ ဖာဒီနန်နှင့် အင်္ဂလန်နည်းပြတို့ ဆွေးနွေးခဲ့ပြီးနောက် သဘောထားကွဲလွဲခဲ့ပြီး ဖာဒီနန် **(အောက်ပုံ)**က အင်္ဂလန်အတွက် မကစားရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

✤ စပါးတိုက်စစ်မှူး ဒီဖိုးက လာမည့်နွေရာသီ၌ အသင်းပြောင်းရွှေ့မည်ဟူသော သတင်းထွက်ပေါ်နေမှုကို ငြင်းပယ်လိုက်ပြီး စပါးအသင်း၌ပင် ဆက်လက်ကစားမည်ဟု ထုတ်ဖော်ပြောကြားသည်။

✤ မန်စီးတီးအသင်းသည် ဘရာဇီးကလပ် ဆန်တို့စ်အသင်းမှ တိုက်စစ်မှူးနေမာကို လာမည့်နွေရာသီ၌ခေါ်ယူရန် ကြိုးစားနေပြီဖြစ်သည်။

✤ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်က မိမိအသင်းကို နည်းပြအပါအဝင် တစ်သင်းလုံးနီးပါး ပြောင်းလဲပစ်ရန် စီစဉ်မည်ဖြစ်ကြောင်း ပြောကြားသည်။

✤ ရီးရဲမက်ဒရစ်အသင်းသည် ဂါလာတာစာရေးနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အနိုင်ကစားနိုင်မည့်နည်းလမ်းကို သိရှိထားကြောင်း နည်းပြ မော်ရင်ဟိုက ပြောကြားသည်။

✤ မန်စီးတီးအသင်းသည် ယခုနှစ်၌ ဖလားလက်မဲ့ဖြစ်မည်မဟုတ်ကြောင်း နည်းပြမန်ချီနီက ထုတ်ဖော်ပြောကြားသည်။

✤ မန်ယူအသင်းသည် လာမည့်နွေရာသီ၌ ကွင်းလယ်ကစားသမားသစ်နှစ်ဦးကို ခေါ်ယူဖြည့်ဆည်းရေးကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

✤ လာမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲသည် မမျှော်လင့်သော ဘောလုံးအသင်းတစ်သင်းဗိုလ်စွဲနိုင်သော အလားအလာရှိကြောင်း အာဂျင်တီးနား ဘောလုံးသမားဟောင်း မာရာဒိုနာက ပြောကြားသည်။

နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာဆုတောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်နေ ပါးပါး ဦးချိန်ရီ မေမေဒေါ်အေးအေးသစ် (သီရိရတနာ ရွှေဆိုင်)တို့၏ ၂၀-၃-၂၀၁၃ရက်တွင် ကျရောက်သော ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံ၍ ရတုမင်္ဂလာနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

သမီးကြီး - မသီသီဖြိုး
သမီးလတ် - မသီတာစိုး
သားငယ် - မောင်ဇော်ထိုက်အောင်
သမီးထွေး - မဆွေဇင်မိုး

သာဓုအနုမောဒနာခေါ်စေသော်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာ၊ အမှတ် ၁၆၀ နေ ပါမောက္ခဒေါက်တာ ဦးသက်ထားဝေ ညီအစ်ကိုမောင်နှမတစ်စုမှ ကွယ်လွန်သူ ဇနီးဒေါ်ဝင်းဝင်းကြည်နှင့် သမီး မခင်ခင်အေး၊ ညီဖြစ်သူ ဦးနေဒွန်းနှင့် ဦးအောင်သူရိန်၊ ညီမဖြစ်သူ ဒေါ်မြင့်မြင့်သိန်းတို့အားရည်စူး၍ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၂ သိန်းတိတိအား ပေးအပ်လှူဒါန်းခဲ့ပါသည်။ အဆိုပါ လှူဒါန်းမှုအား ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့က သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။ **ပါမောက္ခ ဒေါက်တာ ဦးသက်ထားဝေ**

ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားဖိတ်ကြားခြင်း

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားကို ၂၀၁၃ခုနှစ် မတ် ၂၃ရက်(စနေနေ့) နံနက်၉းဝဝနာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကမ္ဘာအေးရုံး၌ ကျင်းပမည်ဖြစ်ပါ၍ အငြိမ်းစား အရာထမ်း၊ အမှုထမ်းများနှင့် မိုး/ဇလဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအား ဆက်သွယ်ရန် အခက်အခဲရှိပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ(မပျက်မကွက်) ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပရေးကော်မတီ

ဆက်သွယ်ရန်-
- **ဒေါ်ရီရီငြိမ်း(ညွှန်ကြားရေးမှူး) ဖုန်း-၀၁-၆၆၀၅၂၆၊၀၉-၅၀၁၄၉၂၅**
- **ဒေါ်မခင်ချော(လက်ထောက်ညွှန်ကြားရေးမှူး)ဖုန်း-၀၁-၆၆၁၆၈၄၊၀၉-၄၉၃၄၀၅၄၀**

စဉ်ဆက်မပြတ် သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောပွဲ

စင်ကာပူနိုင်ငံ National University of Singapore မှ ပညာရှင်နှစ်ဦး Dental Implant နှင့် ပတ်သက်သည့် Hands-on Course ကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မြခန်းမတွင် ၂၉-၃-၂၀၁၃ ရက်မှ ၃၀-၃-၂၀၁၃ ရက်အထိ လာရောက်ပို့ချပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော သွားဘက်ဆိုင်ရာ ဆရာဝန်များ ၂၂-၃-၂၀၁၃ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၂၂၀၁၀၇၀၊ ၀၉-၅၁၇၁၆၉၄၊ ၀၉-၂၀၀၃၁၀၁ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။



အမည်ပြောင်း

ဦးခင်မောင်ဝင်း၏သား မြစ်ကြီးနားမြို့၊ အမက(၂)ပထမတန်းမှ မောင်ရွှေလှထွန်းအား မောင်လင်းကျော်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်လင်းကျော်ဖြိုး

သင် JAPAN

ဂျပန်နိုင်ငံရှိ CHIBA KAN,MIYAGI KAN, IBARAGI KAN မြို့များရှိ ရေထွက်ကုန်ထုတ်လုပ်ငန်း စက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၁၃ ခုနှစ်၏ ပထမအကြိမ်အဖြစ် အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၃၀ ဦး အသက် ၂၀ နှစ်မှ ၃၀ နှစ်ကြား ကျန်းမာသန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။

- ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်။
- အလုပ်ချိန် တစ်နေ့ ၈ နာရီ
- လစာ တစ်နာရီ ယန်း ၇၀၀+အချိန်ပို

၂၅-၃-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၃ ရက်အတွင်း ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်ကိုယ်တိုင်လာရောက် လူတွေ့စစ်ဆေးပါမည်။ (အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကုမ္ပဏီရုံးခန်းသို့ လာရောက်စုံစမ်းနိုင်သည်)

ဆက်သွယ်ရန်-Building (C), Room (101), Delta Plaza, Shwegonedaing Road, Bahan Township, Yangon. Tel:01-557570, 09-8303939, Email;shwelwinlwin.co@gmail.com

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ ကျန်းမာပျော်ရွှင် မူးယစ်စင်သည့် လူ့ဘောင်ဘဝဖြစ်လာဖို့ တစ်ကမ္ဘာလုံး ဝိုင်းဝန်းဆောင်ရွက်စို့ "GLOBAL ACTION FOR HEALTHY COMMUNITIES WITHOUT DRUGS" အားကစားမြှင့်တင် စိတ်လန်းရွှင်ဆန့်ကျင်မူးယစ်ဆေး၊ တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှု၊ မူးယစ်ဆန့်ကျင်အောင်ပွဲဆင်၊ မင်းဘဝမင်းမိသားစု မင်းပတ်ဝန်းကျင်လုံခြုံဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့ တို့ဖြစ်သည်။

ဝတ္ထုတိုနှင့်ဆောင်းပါး စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။ ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀မှ ၁၀၀၊ (ပါဒ ၁၀၀မှ ၂၀၀) အတွင်း ရှိရမည်။ **တေးသီချင်း** သည် တစ်ဦးချင်း (သို့)အဖွဲ့နှင့် သီဆိုနိုင်ပြီး ပရိသတ် နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်သီချင်းသစ်ဖြစ်ပြီး စကားလုံး ကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသောသီချင်း CD Master နှင့်အတူ စာသားကို ကွန်ပျူတာ(သို့)လက်နှိပ်စက်ဖြင့် ရေးသားပြီး မူရင်းတစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။ **ဓာတ်ပုံ**သည် ဆေးရောင်စုံ (သို့)အဖြူအမည်း (Mono Chrome)ဖြစ်ပြီး မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံများနှင့် ပုံကူးချဲ့ခြင်းများကို စိတ်ကြိုက် ပေါင်းစပ်ပြုပြင်နိုင်သည်။ Original Raw File (သို့) 300dpi Resolutionရှိ10"×14" အရွယ် Tiff File CD-R ဖြင့်ပေးပို့ရမည်။ **ကွန်ပျူတာပိုစတာ**သည် ခေါင်းစဉ်နှင့် ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့် ပုံကို A4 ဆိုက် စက္ကူနှင့်ပုံထုတ်ပြီး CD ဖြင့်ကူးယူပေးပို့ရမည်။

ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကိုမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းဟူ၍ (၃)ဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃၊၄တန်း)၊အလယ်တန်းအဆင့် (၅၊ ၆၊၇တန်း)နှင့် အထက်တန်းအဆင့် (၈၊၉၊၁၀တန်း)ဖြစ်ပါသည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလိုပါ။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ၊ ရေးဆွဲချိန် သုံးနာရီ၊ ကာတွန်းရေးဆွဲချိန် နှစ်နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။ ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅၊ ၆၊ ၇ တန်း)နှင့် အထက်တန်းအဆင့် (၈၊၉၊ ၁၀ တန်း) ဖြစ်ပါသည်။ IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရမည်။ Software Programme ကို Corel draw. photoshop Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်သည်။ ရေးဆွဲချိန် သုံးနာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်မည့်ပုံကို A4 ဆိုက်စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ပြိုင်ပွဲတို့တွင် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

ဓာတ်ပုံပြိုင်ပွဲဝင် တစ်ဦးလျှင် (၁၀×၁၄)လက်မအရွယ် လေးပုံအထိ ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင် တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုသုံးဆု ခံစားခွင့်ရှိသည်။

ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှ တစ်ဆင့်ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ သင့်လျော်သည့်နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

ပြိုင်ပွဲဝင်များ အားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို ဒုတိယရဲမှူးကြီး မြင့်အောင်၊ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် (ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်)၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန်မှာ ဖုန်း-၀၁-၅၀၅၂၆၁ ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ၁၇-၅-၂၀၁၃
(ခ) တေးသီချင်း ၆-၅-၂၀၁၃
(ဂ) ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ ၃၀-၅-၂၀၁၃
(ဃ) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ၇-၆-၂၀၁၃

ဆုချီးမြှင့်မည်

ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

ရွေးချယ်ခြင်း မခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

ဒေသခံပြည်သူများ သွားလာမှု အဆင်ပြေစေရေး နမီးချောင်းကူး မင်းသုခသစ်သားတံတား စတင်ဆောက်လုပ်

အင်းတော် မတ် ၁၉

နမီးချောင်းကူး မင်းသုခတံတားသည် ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည့် မဲဇာမြစ်၏ ရေဝင်ချောင်းလက်တက်တစ်ခုဖြစ်သော နမီးချောင်းပေါ်တွင် ဆောက်လုပ်ထားသည်။ နမီးချောင်းသည် အင်းတော်မြို့၏ မြောက်ဘက်အခြမ်းမှ စတင်စီးဆင်းပြီး မဲဇာချောင်းအတွင်းသို့ အင်းတော်မြို့နယ်အတွင်း၌ပင် စီးဝင်သွားသောချောင်းတစ်ခုဖြစ်သည်။ အဆိုပါချောင်းသည် တောင်ကျချောင်းတစ်ခု ဖြစ်သည့်အားလျော်စွာ မိုးတွင်းကာလတွင် ရေစီးသန်သော ချောင်းတစ်ခုဖြစ်သည်။

အဆိုပါချောင်း၏ တစ်ဖက်ကမ်းတွင်ရှိသော မြို့နယ်အတွင်းရှိ ကျေးရွာများအနေဖြင့် မိုးတွင်းကာလတွင် သွားလာရေး အဆင်ပြေစေရန်အတွက် ချောင်းကူးတံတားများကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ကြသည်။ နမီးချောင်း တစ်ဖက်ကမ်းတွင်ရှိသော မံထုံကျေးရွာအုပ်စု၊ မင်းကုန်းကျေးရွာအနေဖြင့် မိုးတွင်းကာလ သွားလာရေး အဆင်ပြေစေရန် ယခုဆောက်လုပ်လျက်ရှိသည့် မင်းသုခ နမီးချောင်းကူးတံတားကို စတင်ဆောက်လုပ်လျက်ရှိသည်။ မင်းကုန်းကျေးရွာအနေဖြင့် ယခုဆောက်လုပ်သောတံတားသည် လေးစင်းမြောက်တံတားဖြစ်သည်။ ပထမတံတား မင်းရာဇာတံတားကို ၁၃၅၅-၁၃၅၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး တံတားမှာ အရှည်ပေ ၃၀၀ ကျော်ရှိ လူကူးတံတားဖြစ်သည်။ ဒုတိယတံတားမှာ မင်းသီရိဖြစ်ပြီး တတိယတံတားမှာ ယခုလက်ရှိအသုံးပြုလျက်ရှိသော မင်းသုခတံတားဖြစ်သည်။ အဆိုပါတံတားသည် လူနှင့်ဆိုင်ကယ်များသာ ဖြတ်သန်းသွားလာနိုင်သောကြောင့် ကားများပါဖြတ်သန်းသွားလာနိုင်ရန်အတွက် ယခုအသုံးပြုလျက်ရှိသော တံတား၏ဘေး၊ ယင်းတံတားဟောင်းနေရာတွင် တံတားအသစ်တစ်စင်း ထပ်မံဆောက်လုပ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ထပ်မံဆောက်လုပ်သောတံတားသည် အရှည် ၁၇၂ ပေနှင့် ချဉ်းကပ်လမ်းအပါအဝင် ၄၇၂ ပေရှည်သည့် သစ်သားတံတားအမျိုးအစားဖြစ်သည်။ မင်းသုခတံတားဆောက်လုပ်နေမှုကို မတ် ၁၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဦးတင်လှိုင်မြင့် သွားရောက်စစ်ဆေးခဲ့ပြီး ဒေသခံပြည်သူများအားလိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

ကျော်သီဟ(အင်းတော်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ (မီးသတ်ဦးစီးဌာန)

ညောင်လေးပင်မြို့၌ ၂၂ ဘီးကားနှင့် ဆိုင်ကယ်တိုက်မှု တစ်ဦးသေဆုံး

ညောင်လေးပင် မတ် ၁၉

ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့ ညောင်လေးပင်ရဲစခန်းတွင် စခန်းမှူးရဲအုပ်ညွှန့်သန်း၊ တာဝန်မှူး ဒုတိယရဲအုပ်ကျော်မျိုးလွင် တာဝန်ထမ်းဆောင်နေချိန် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ သက်သေခံများနှင့်အတူ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၉၆/၀) နှင့် (၉၆/၆)အကြား ရန်ကုန်ဘက်မှ ညောင်လေးပင်ဘက်သို့ ယာဉ်မောင်းမျိုးလွင် အသက်(၃၈ နှစ်) မောင်းနှင်လာသော ၄ဃ/....၂၂ ဘီး နောက်တွဲကားသည် ညောင်လေးပင်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းကိုကို (၁၈ နှစ်) မောင်းနှင်၍ နောက်တွင် ကျော်ဇောအောင် (၁၈ နှစ်)နှင့် သက်ခိုင် (၂၉ နှစ်)တို့ကို တင်ဆောင်လာသော ဆိုင်ကယ်တို့ တိုက်မိရာ ဆိုင်ကယ်မောင်းသူ ကိုကိုတွင် ဒဏ်ရာမရရှိဘဲ အလယ်တွင်စီးနင်းလိုက်ပါလာသူ ကျော်ဇောအောင်သည် ဦးခေါင်းကြိတ်မိ ပေါက်ကွဲဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

နေလင်း(ညောင်လေးပင်)

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ တဆအနေ ဦးဘရင်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ကွင်းအမှတ် ၆၆၆၊ ကွင်းအမည်-ညောင်နီ(မြောက်ခြံစု)၊ ဦးပိုင်အမှတ် ၃၀-၅၊ မြေပေကျယ် တောင်မြောက် ပေ၁၂၀၊ အရှေ့အနောက် ပေ ၄၂၀ + မြောက်ဘက်ရှိ တြိဂံအချွန်းပေ ၅၀ရှိ မြေနှင့်အကျိုးခံစားခွင့်များအားလုံးသည် ညောင်နီကျေးရွာပိုင်ဘုံမြေဖြစ်ပြီး ညောင်နီကျေးရွာမဓမ္မာရုံဆောက်လုပ်ရေးကော်မတီဝင်များမှ ရောင်းပိုင်ခွင့်ရှိသူဟု တာဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသောကြောင့် ဦးဘရင်ဖြိုးက လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့တစ်ဝက် ပေးချေထားပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေရန် စီစဉ်နေပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားရုံးဒီကရီ၊ တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘရင်ဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ(LL.B)

တရားလွှတ်တော်ရှေ့နေ

အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့

ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၇၂၁၅၉၀၂၊ ၀၈၅-၂၃၂၄၁

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

တောင်ဥက္ကလာပမြို့နယ်၊ တရားရုံးတော်၌

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

တရားမကြီးမှုအမှတ် ၆၃/၂၀၁၂နှင့်ဆက်နွယ်သည့်

၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉

ဒေါ်ဝါဝါမြင့်	**နှင့်**	ဒေါ်သန်းသန်းရီ
(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးရန်မျိုးအောင်)		၂၆၆/၁၀၊ အောင်ဓမ္မရိပ်သာ
အမှတ် ၇၅၂၊ ကုန်းဘောင်လမ်း၊		သမိုင်း၊ လှိုင်မြို့နယ်၊
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊		ရန်ကုန်တိုင်းဒေသကြီး၊
ရန်ကုန်တိုင်းဒေသကြီး။		(ယခုနေရပ်လိပ်စာမသိ)
တရားနိုင်		**တရားရှုံး**

ဒေါ်သန်းသန်းရီ၊ အမှတ် ၂၆၆/၁၀၊ အောင်ဓမ္မရိပ်သာ၊ သမိုင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၆၃တွင် ချမှတ်သည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၄ရက်(၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ချစ်ကိုကို

မြို့နယ်တရားသူကြီး

တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်၊ ရန်ကုန်တိုင်းဒေသကြီး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်း-၂၂)

တောင်ဥက္ကလာပမြို့နယ် တွဲဖက်မြို့နယ်တရားရုံးတော်အမှတ်(၂)

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆ နှင့်ဆက်နွယ်သည့်

၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

ဒေါ်မိုးစန္ဒာ	**နှင့်**	၁။ ဒေါ်ခင်စန်း
(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်လှိုင်)		၂။ဦးကျော်မြင့်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၁၀၂၁ နေ (ယခုနေရပ်လိပ်စာမသိ) (၁)ဒေါ်ခင်စန်း၊ (၂)ဦးကျော်မြင့်တို့ သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၅၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ၏အခွင့်ရကိုယ်စားလှယ် ဦးခင်လှိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန်အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဧပြီ ၅ ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မတ် ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းနိုင်)

တွဲဖက်မြို့နယ်တရားသူကြီး(၂)

တောင်ဥက္ကလာပမြို့နယ်တရားရုံး

ကြော်ငြာ

မိုးကုတ်မြို့နယ်အသင်း (ရန်ကုန်မြို့) သက်ကြီးပူဇော်ပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

မိုးကုတ်မြို့နယ်အသင်း(ရန်ကုန်မြို့)၏ သက်ကြီးပူဇော်ပွဲနှင့် သင်းလုံးကျွတ် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မိုးကုတ်မြို့နယ်သူ/သားများအားလုံး(ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ)ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (အသက် ၈၀ နှင့်အထက် အဘိုး၊ အဘွားများ စာရင်းပေးပို့ကြပါရန်)

နေ့ရက် - ၂၅-၃-၂၀၁၃ရက်(တနင်္လာနေ့)

အချိန် - နံနက် ၈း၃၀နာရီ

နေရာ - Royal Garden Restaurant နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်

ဆက်သွယ်ရန်-

ဦးဗိုလ်သောင်း	ဖုန်း-၀၁-၆၅၃၂၃၂	ဦးသန်းဝင်း	ဖုန်း-၀၉-၈၆၃၄၇၉၆
ဦးခင်မောင်ရွှေ	ဖုန်း-၀၉-၆၅၃၈၈၇၂	ဦးခင်မောင်ကြည်	ဖုန်း-၀၉-၄၉၂၂၃၄၈၇
ဦးအောင်နိုင်မြင့်	ဖုန်း-၀၁-၅၄၉၅၈၃	ဦးကိုဦး(ခ)ဦးတင်ဦး	ဖုန်း-၀၉-၇၃၈၈၉၉၆၈
ဦးသိန်းအောင်	ဖုန်း-၀၁-၅၅၅၆၉၃	ဦးအောင်လွင်	ဖုန်း-၀၉-၇၃၂၀၉၉၉၄

Kawaii Japanese Restaurant ခါဝါးအိ ဂျပန်စားဖွယ်စုံ

12 March - 11 April

မြန်မာနှစ်သစ်ကူးအထူး Sushi Festival ဆူရှီပွဲတော်

ကြိုက်တာသုံးဆောင် မြန်မာကျပ်ငွေ "၁၀၀၀"

ဝါးတန်းလမ်းနှင့်အနော်ရထာလမ်းထောင့်၊ ဝင်းရွှေဝါတာဝါ၊ မြေညီထပ်။ ဖုန်း - ၀၁-၂၃၀၁၂၄၀၊ ၀၁-၂၃၀၁၂၄၄

SKY RAY Travels & Tours

- * တောင်ကြီး–အင်းလေး–ပင်းတယ–ကလော Mar-23;Apr-12,13
- * မန္တလေး–မုံရွာ–အလောင်းတော်ကဿပ Mar-23;Apr-12,13 (Win Unity Hotel တွင်တည်းပါမည်။)
- * မန္တလေး–ပြင်ဦးလွင်–မူဆယ်–ရွှေလီ–မန်စီ Apr-12,13

Tel : 09-421000523, 09-421000524, 09-448008610

ဒီဇယ်စက်ဆီ စက်ပြင်သင်တန်း (နေထိုင်မှုအခမဲ့) ၂၁အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမီးပွိုင့်အနီး၊ရန်ကုန်မြို့။ ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄၊ ၀၉ ၅၀၅၂၁၁၅

ဝယ်လိုသည်

ကားအပ်ပြီး စလစ်၊ စ၊ ဆ မှ လ၊သ၊ အ အထိအပ်ကား၊

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

ကျေးဇူးဆပ်ပါမည်

၁၃-၃-၂၀၁၃ရက် နံနက် ၁၀း၂၅နာရီခန့်တွင် ၁၉လမ်းနှင့် စဉ့်အိုးတန်းလမ်းကြား မဟာဗန္ဓုလလမ်းမပေါ်၌ ကျောက်ဆွဲသီး တစ်ခုပြုတ်ကျသွားပါသဖြင့် ကောက်ရထားသူအား ကျေးဇူးဆပ်ပါမည်။

မှတ်ချက်။ ။ ကောက်ရထားသူသည် အမျိုးသားတစ်ဦးဖြစ်ကြောင်း သိရှိထားပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၁၃၉၃၄

Stasia Capital Myanmar Co.,Ltd. Real Estate Services

မြို့နယ်စုံရှိ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းများ နိုင်ငံခြားသားများအား ငှားရမ်းလိုပါက တိုက်ရိုက်ဆက်သွယ်အပ်နှံနိုင်ပါသည်။

ဆက်သွယ်ရန်

ဖုန်း-၀၁-၈၆၀၃၄၈၈၊ ၀၉-၅၁၃၃၇၅၄

Fax: ၀၁-၈၆၀၃၃၉၂

Email: zin@stasiacapital.com.

Taxi ငှားမည်၊ စပေါ် (၃-၄ သိန်း)

- ကက Taxi CNG (confort) (14000)
- ဂျပန်ဖင်ထောင် CNG (SE-Sallon) (12000)
- ကက Taxi ဒီဇယ် (CE-96) (11000)
- အကူယာဉ်မောင်း (Joker) စပေါ် (၁.၅ သိန်း)
- ကားအားလုံးနေ့မောင်း တစ်လက်ကိုင် (နံနက် ၆ နာရီမှ ည ၈ နာရီအထိ)
- ဖုန်း-၀၁-၅၆၁၂၉၅၊ ၀၉-၄၉၃၀၆၂၀၆၊ ၀၉-၄၄၈၀၄၃၄၄၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂၊ လူနေရပ်ကွက် အမှတ် ၁၂၊ မြေကွက်အမှတ် ၂၉၉(က)၊အကျယ် ၁၂၀၀စတုရန်းပေ၊နှစ် ၆၀ဂရန်မြေအမျိုးအစားမြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ မိဂသီလမ်းသွယ် ၂၂လမ်း၊ အမှတ် ၂၉၉(က)ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်မြတင် ၁၂/ဥကတ(နိုင်)၁၁၈၀၇၂နှင့်ခင်ပွန်းဖြစ်သူဦးသောင်းရွှေတို့ ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရရှိသော သားသမီးများဖြစ်သည့် ဒေါ်အေးဝင်း ၁၂/ဥကတ(နိုင်) ၁၁၈၀၆၃ ပါ သားသမီးလေးဦးနှင့် မြေးလေးဦးအပါအဝင် အမွေဆိုင် ရှစ်ဦးတို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

★New Star သင်္ကြန်အထူးခရီးစဉ်

- ★ တောင်ကြီး၊ကျိုင်းတုံ၊ တာချီလိတ်၊ မယ်ဆိုင်၊ ချင်းလိုင်း၊ ချင်းရိုင်း၊ ရွှေတြိဂံ(လော) (April-11,12)
- ★ မော်လမြိုင်၊ ကျိုက်ထီးရိုးစက်စဲ၊ ထားဝယ်(ရှင်ကိုးရှင်)
- ★ တောင်ကြီး၊အင်းလေး၊ လိုင်ကော်၊ ငွေတောင်ဆည်၊ တောင်ကွဲစေတီ

ကျိုက်ထီးရိုး ချောင်းသာ

09 448021580, 09 494032356,09 5139002

EMERALD MYANMAR Travels & Tours April 12

- တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–ကုံလုံ ၄ည/၅ရက်
- ပုဂံ–စွယ်တော်လေးဆူ–ပုပ္ပါး–ရွှေစက်တော်–မကွေး ၄ည/၅ရက်
- ပုဂံ–စွယ်တော်လေးဆူ–ပုပ္ပါး–မန္တလေး–ပြင်ဦးလွင် ၅ည/၆ရက်

❖ မင်္ဂလာဆောင်နှံများ၊ မိသားစုများနှင့် အဖွဲ့အစည်းများအတွက် သီးသန့်ခရီးစဉ်များကို စျေးနှုန်းချိုသာစွာဖြင့် အဆင့်အတန်းမြင့်မြင့် စီစဉ်ပေးပါသည်။ မြို့တွင်း၊မြို့ပြင်ခရီးစဉ်များအတွက် ကားမျိုးစုံ၊ပြည်တွင်း၊ ပြည်ပလေယာဉ်လက်မှတ်များကို စျေးနှုန်းမှန်ကန်စွာ ဆောင်ရွက်ပေးပါသည်။

Ph: 01-8500585, 09-49589762, 09-49589764, 09-421013999

ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ။ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေး အသုံးအနှုန်းများ။ မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ။ လိုင်စင်လျှောက်ခြင်း။ L/C, TT, သင်္ဘောတင်ခြင်း။ အကောက်ခွန်နှင့် အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့်...

ပြည်ပပို့ကုန်၊သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း

အပတ်စဉ်(၄၃)

Section A	:	23-3-2013	နေ့များတွင် စမည်။
Section B	:	23-3-2013	
Section C	:	26-3-2013	

အလင်းသစ်စာပေ

အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၅၄-၀၀၃၀၂၊ ၀၉-ဂ၇-၀၃ဂ၄ဂ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ငူခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်(၈)

မြဝတီဘဏ်(ပျဉ်းမနား) (၎င်း၏မန်နေဂျာ ဒေါ်သော်သော်ဟန်သာ)	နှင့်	၁။ ဦးလှမြင့် ၂။ ဒေါ်ရွှေငြိမ်း } အတူနေ ဇနီးမောင်နှံ (ယခုနေရပ်လိပ်စာမသိ) ၃။ ဦးထွန်းထွန်း ၄။ ဒေါ်အဲမိ } အတူနေ ဇနီးမောင်နှံ

တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ နတ်သျှင်နောင်ရပ်ကွက်၊ (၁)လမ်း၊ အမှတ် ၂၆နေ ဦးလှမြင့် ဇနီး ဒေါ်ရွှေငြိမ်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ မြဝတီဘဏ်(ပျဉ်းမနား)(၎င်း၏မန်နေဂျာ ဒေါ်သော်သော်ဟန်သာ) အကွက်အမှတ်(ဘီ-၁)၊ မြတ်ပန်းသဇင်လမ်း၊ သီရိရတနာအဆင့်မြင့်ဈေးအနီး၊ ဟိုတယ်ဇုန်၊ ဇမ္ဗူသီရိမြို့၊ နေပြည်တော်က ပိုင်ဆိုင်မှုစာချုပ်စာတမ်းများအပ်နှံ၍ ပေါင်နှံမှု၌ အပေါင်ပစ္စည်းအားရောင်းချပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၉ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်စိုး
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ တောင်ငူ

စက္ကူဂမ အားလုံးသတိထားကြရမယ့် ..... **ဆရာကြီး**

ရာဇဝင်တင်ပြပေးသည်။ **သိတ်ဖွား**

ဟတ်ချီး အသက်တာရာအနာမရှိ

လောကမှာ မမှန်တာကို မပြောသင့်သလို၊ မှန်တာကိုလည်း မပြောသင့်တာမျိုးရှိတယ်၊ မှန်တိုင်းလည်းမပြောနဲ့ပေါ့ဗျာ....

အမှန်တရားကိုဖုံးကွယ်လို့ရလို့ပဲ၊ အမှန်တရားကိုဖော်ထုတ်ဖို့ကော်မရှင်တွေ၊ စုံစမ်းစစ်ဆေးရေး အဖွဲ့တွေ ဖွဲ့ကြရတာပေါ့ဗျာ ....

မရမ်းတလင်းစာပေ–09 7300 2965 , 01 543297, 09 50 62726

စာအုပ်ဆိုင်များနှင့် Super Market များတွင် ရရှိနိုင်ပါပြီ။

သမဝါယမဘဏ်လီမိတက် ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

သမဝါယမဘဏ်လီမိတက်မှ အသစ်ဖွင့်လှစ်မည့် ဘဏ်ခွဲများတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ရာထူးနေရာများအား လျှောက်ထားနိုင်ပါသည်။

(၁)	မန်နေဂျာ	၁၅ ဦး ကျား/မ
(၂)	လက်ထောက်မန်နေဂျာ	၁၅ ဦး ကျား/မ
(၃)	ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ အကြီးတန်းစာရေး	၁၅ ဦး ကျား/မ
(၄)	ငွေကြေးဝန်ထမ်း(အကြီးတန်းစာရေးမှ မန်နေဂျာထိ)	၅၀ ဦး ကျား/မ

- လျှောက်ထားလိုသူများသည် ဘွဲ့ရ၊ သက်ဆိုင်ရာ ရာထူးဖြင့် ဘဏ်လုပ်ငန်းအတွေ့အကြုံရှိရမည်။ ဘဏ်တွင် တာဝန်ထမ်းဆောင်ဖူးသော အထောက်အထားတင်ပြရမည်။ ဘဏ်များမှ ထုတ်ပယ်ထားသူများ လျှောက်ထားရန် မလိုပါ။ ဘဏ်အတွေ့အကြုံဦးစားပေးမည်ဖြစ်ပါ၍ အသက်ကန့်သတ်ချက်မရှိပါ။
- လျှောက်ထားလိုသူများသည် လူအများနှင့် ပူးပေါင်းလုပ်ကိုင်လိုစိတ်ရှိပြီး ဆက်ဆံရေးပြေပြစ်ကောင်းမွန်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာတွင် မိမိတို့၏ အလုပ်လျှောက်လွှာ၊ ပညာအရည်အချင်းအတွက် အောင်လက်မှတ်မိတ္တူ၊ ခြောက်လအတွင်းရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံသုံးပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သုံးလအတွင်း မိမိနေထိုင်သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ပြစ်မှုကင်းရှင်းကြောင်း သုံးလအတွင်း သက်ဆိုင်ရာမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့၏ ထောက်ခံချက်မိတ္တူ၊ လျှောက်ထားသူပါဝင်သည့် အိမ်ထောင်စုစာရင်းမိတ္တူနှင့် လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ သမဝါယမဘဏ်လီမိတက်၊ စီမံခန့်ခွဲမှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာန၊ အမှတ် ၃၃၄-၃၃၆၊ ကမ်းနားလမ်းနှင့် ၂၃ လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Email: hr.dept@cbbank-myanmar.com. သို့ ၁-၄-၂၀၁၃ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။ အလုပ်လျှောက်လွှာတွင် မိမိလက်ရေးဖြင့် လုပ်ငန်းအတွေ့အကြုံ အသေးစိတ်အားဖြည့်စွက်၍ လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးလျှောက်ထားရမည်။

မှတ်ချက် - ပဏာမရွေးချယ်ခြင်းခံရသော လျှောက်လွှာရှင်များကိုသာ အင်တာဗျူးခေါ်ယူပါမည်။ မရွေးချယ်သော လျှောက်လွှာများအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်) CB Bank Ltd.(PLC) ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

သမဝါယမဘဏ်လီမိတက်(အများပိုင်ဘဏ်) CB Bank Ltd.(PLC) ရန်ကုန်ရုံးချုပ်အတွက် အောက်ပါရာထူးများအား လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၁) MBA ဘွဲ့ရ — ၅ ဦး ကျား/မ
ဘွဲ့တစ်ခုရရှိပြီး MBA ဘွဲ့ (သို့) အလားတူဘွဲ့ရရှိသူ၊ Good in English (4 Skill) Computer Literate လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၂) Manager — ၅ ဦး ကျား/မ
B.Com, CPA (အသက် ၂၅ နှစ်မှ ၄၀ နှစ်အတွင်း) Computer Literate လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၃) Investor Relation — ၄ ဦး ကျား/မ
B.Com (သို့) နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှ Finance ဘွဲ့ရရှိသူ၊ Computer Literate, English အရေး/အပြောကျွမ်းကျင်သူ ဦးစားပေးမည်။

(၄) Compliance Department — ၇ ဦး ကျား/မ
LL.M ဘွဲ့ရရှိသူ (သို့) LL.B ဘွဲ့ရရှိပြီး ဥပဒေဆိုင်ရာ ဒီပလိုမာတစ်ခုခုရရှိသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၅) Relationship Officer — ၇ ဦး ကျား/မ
B.A(Chinese/Japanese) ဘွဲ့ရရှိသူ(သို့) ဘွဲ့တစ်ခုခုရရှိပြီး တရုတ်/ဂျပန်စာ အရေးအသား၊ အပြောအဆိုကျွမ်းကျင်သူကို ဦးစားပေးမည်။

(၆) Senior Development(.Net) — ၁၀ ဦး ကျား/မ
B.C.Sc ဘွဲ့ရရှိသူ (သို့) ဘွဲ့တစ်ခုခုရရှိပြီး အနည်းဆုံး လုပ်သက်သုံးနှစ်နှင့်အထက်ရှိသူဖြစ်ရမည်။ C#,.Net, MS SQL, Oracle စသည့် နည်းပညာများနှင့် ကျွမ်းကျင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာတွင် မိမိတို့၏ ကိုယ်ရေးအကျဉ်းချုပ်၊ လျှောက်လွှာ(CV)များတွင် ပညာအရည်အချင်း ထောက်ခံစာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထားမိတ္တူများပူးတွဲ၍ ၁-၄-၂၀၁၃ ရက် နောက်ဆုံးထားပြီး Email (သို့) လူကိုယ်တိုင်ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၃၃၄-၃၃၆၊ ကမ်းနားလမ်းနှင့် ၂၃ လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၂၆၄၆၊ ၃၇၂၆၅၅၊ ၃၇၁၈၄၈၊ ၃၇၃၄၃၄၊ ၃၇၃၄၂၄
Email:hr.dept@cbbank-myanmar.com.

ကြော်ငြာ

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ခုနစ်မိုင်နေ
ဒေါက်တာဦးတင်ဆန်း (မီးရထားဆရာဝန်-ငြိမ်း)-ဒေါ်ညွန့်ရှင် (B.A.Ed) တို့၏သားထွေး

မောင်အောင်မြတ်ဆန်း

A.G.T.I (Electrical Power)
Superintendent, Lizstar (Singapore) PTE., LTD.

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဗိုလ်မှူးတင်ဝင်း(ငြိမ်း)(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန၊တိုင်းရင်းဆေးပညာဦးစီးဌာန)-
ဗိုလ်ကြီးသန်းသန်းနွဲ့ထယ်(ငြိမ်း) (တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ)တို့၏သမီးငယ်

ဒေါက်တာကေကေတင်ဝင်း

M.B.,B.S, M.Med.Sc (Otorhinolaryngology), MRCS (Edin)
လက်ထောက်ကထိက၊ နား၊ နှာခေါင်း၊ လည်ချောင်းပညာဌာန
ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်

တို့၏ ၁၆-၃-၂၀၁၃ ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး ဒေါက်တာဒေါ်မြင့်ဌေး၊ ဒုတိယဝန်ကြီး(ငြိမ်း) ကျန်းမာရေးဝန်ကြီးဌာန ဗိုလ်မှူးကြီးသန်းဇင်(ငြိမ်း)အားလည်းကောင်း၊ မင်္ဂလာလက်စွပ်များဆင်မြန်းပေးပါသော ပြည်ထောင်စုဒုတိယဝန်ကြီး (ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန) ဦးသောင်းတင်နှင့်ဇနီး ဒေါ်တင်တင်အေး (President, KMD Computer Group)၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးသိန်းထွန်းနှင့်ဇနီး ဒေါက်တာဒေါ်စီစီမာအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော သီရိဖြိုးအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော ဇင်သူသူအောင်၊ မင်္ဂလာလက်စွပ်ဖန်းကိုင်ဆောင်ပေးသော ကေကေသွယ်ဆန်း၊ မင်္ဂလာသတို့သားအရံ ဒေါက်တာသက်လင်းအောင်နှင့် ဗိုလ်ကြီးတေဇာလင်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာသက်စုဝင်းနှင့် ဒေါက်တာမျိုးမျိုးထွန်း၊ မိတ်ကပ်နှင့် မင်္ဂလာဝတ်စုံ ခင်စန်းဝင်း၊ ဓာတ်ပုံဗီဒီယို မိုးကိုဦးနှင့်အဖွဲ့၊ ကြွရောက်ချီးမြှင့်ကြသော အထူးကုဆရာဝန်ကြီးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့ကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မြတ်ဆန်းနှင့် ဒေါက်တာကေကေတင်ဝင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	၈၀/မမ/ဝန်ကြီးရုံး	e-government System ပစ္စည်း(9)Items (Computer,Copier,UPS,Server, Firewall Router, Network Cable & Portal-Software)
(ခ)	၈၁/မမ(CME)(YUG)	Raw Material & Tools(126)Items (EN-24,MS,Brass Round Bar,သံရည်ကျိုလုပ်ငန်း၊ ဂဟေလုပ်ငန်းသုံးပစ္စည်းများ၊Rubber ပစ္စည်းများ၊တွင်ခုံသုံး Tools များ)

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(က) - ၂၅.၃ .၂၀၁၃(တနင်္လာနေ့)(၁၂:၀၀)နာရီ
- အမှတ်စဉ်(ခ) - ၂၆.၄.၂၀၁၃(သောကြာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၈.၃.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့်
သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း: -294352, 291994.

အကွာအဝေးတိုက်စရာမလို ဝယောနီးတူရုံဖြင့် သိန်း ၄၂၀/၅၀၀/၁၀၀၀/
သိန်း ၁၅၀၀/ ဆုကြီးများ ကြိုးစီးသေပေါက်စေမည့်

ထီဘုရင်မြတ်ဆွေဦး ၏ အသင့်တွက်ပြီး

မင်္ဂလာတုံထွဲ(၅)ထွဲ လက်ဆောင်ထီ ၇၅၀၀/-(၁၀)ထွဲလက်ဆောင်ထီ ၁၃၀၀၀/-
သိန်း (၁၅၀၀)ပေါက်လျှင် HONDA FIT ကား/သိန်း(၁၀၀၀)ပေါက်လျှင်
CHEERYကား၊သိန်း(၅၀၀)ပေါက်လျှင် I-Phone အထူးလက်ဆောင်ပေးမည်။
နယ်မှထီထိုးလိုက ဖုန်းခြင့်ဆိုတစ်မှာကြားပါ။

ဃ/၂၈၉၊ ဒေမာသီလမ်းမ (ဝေပုလ္လ)အနီး။ မ/ဥက္ကလာ၊ ရန်ကုန်။
☎ - 01-691492, 📱 - 09-5010196

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၂၈၃၃၈ Honda ၉၀၊ M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၁၃/ကမန(နိုင်)၀၂၀၄၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကျောက်မဲမြို့)

ရခိုင်ပြည်နယ်ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့(ရန်ကုန်မြို့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၁/၂၀၁၃ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူကြသည့် ရခိုင်နွယ်ဖွား ဆရာတော် အရှင်သူမြတ်ရှစ်ပါးတို့အား ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့မှကြီးမှူး၍ ရန်ကုန်မြို့ရှိ ရခိုင်အသင်းအဖွဲ့အစည်းများနှင့် ရခိုင်ဒါယကာ ဒါယိကာမများ စုပေါင်းကျင်းပပြုလုပ်မည့် (၂၆)ကြိမ်မြောက် ဂုဏ်ပူဇော်ဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ၂၀၁၃ ခုနှစ် မတ် ၃၀ ရက် (တပေါင်းလပြည့်ကျော် ၄ရက်) စနေနေ့ နံနက် ၇:၃၀ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်မြို့ရှိ ရခိုင်ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များအနေဖြင့် ကြွရောက်ပူဇော်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ် (၄၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းသူ အသင်းသားများအားလုံး မပျက်မကွက် ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၃၁-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၂:၃၀ နာရီ
ကျင်းပမည့်နေရာ - ဒေါ်လီဖင်စားသောက်ဆိုင်၊ နတ်မောက်လမ်း၊ မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ ငါးပြတိုက်ဝင်ပေါက်၊ ဗဟန်းမြို့နယ်

သက်ကြီးပူဇော်ပွဲစာရင်းနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ အမည်စာရင်းကို ၃၀-၃-၂၀၁၃ရက်ထက် နောက်မကျစေဘဲ ဦးတင်စိန် ဖုန်း-၀၁-၅၅၃၆၄၄ လိုင်းခွဲ ၃၁၄၊ ဦးအောင်ကျော်စန်း ဖုန်း-၀၉-၄၃၁၅၃၃၉၀၊ ဦးချစ်ထွေး ဖုန်း-၀၉-၄၅၀၀၄၃၇၂၂ တို့ထံ ပေးပို့နိုင်ပါသည်။

အမှုဆောင်အဖွဲ့

အလှူခံများစေလွှတ်ခြင်းမရှိကြောင်း

နိုင်ငံတကာတွင်လည်းကောင်း၊ မြန်မာနိုင်ငံမည်သည့်အရပ်ဒေသများသို့လည်းကောင်း၊ မည်သည့်ပုဂ္ဂိုလ်မှ အလှူခံစေခြင်း၊ ကိုယ်စားစေလွှတ်ခြင်း မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးပညာသီရိ (ပဓာန နာယကဆရာတော်)
တောင်ပုလု ပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက်
မင်းတပ်မြို့ ချင်းပြည်နယ်။ ဖုန်း - ၀၇၀-၇၀၀၃၆၊ ၀၉၆၆-၀၀၀၉၆

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးပွဲ၊ သီဟသုဓမ္မသီဂီဘွဲ့နှင့်ပညာရည်ချွန်ဆုပေးပွဲ
ဖိတ်ကြားလွှာ

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးပွဲနှင့် ၂၀၁၁-၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိကြသော မြို့နယ်သူ၊ မြို့နယ်သားများ၏သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်
နေ့ရက် - ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်
အချိန် - နံနက်(၉:၀၀)နာရီ
နေရာ - ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်

အလုပ်အမှုဆောင်အဖွဲ့၊ ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၉၊ လူနေ ရပ်ကွက်အမှတ် ၉၊ ကျော်သူ ၂၄ လမ်း၊ မြေကွက်အမှတ် ၈၃၄၊ ဧရိယာစတုရန်းပေ ၂၄၀၀၊ ပေ(၄၀×၆၀)ရှိ နှစ် ၆၀ မြေငှားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးကျော်စိုး ၁၂/ဥကတ(နိုင်)၀၂၉၄၉၂ နှင့် ဒေါ်စန္ဒာဝင်း ၁၂/ဥကတ(နိုင်)၀၂၉၆၈၆တို့၏ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်ပြုံးကြည် ၉/မနတ(နိုင်)၀၃၂၅၈၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူသည့်အတွက် အရောင်းအဝယ်တန်ဖိုးတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးငြိမ်းစု LL.B	**ဦးကျော်ရင် B.A (Law), LL.B**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၂၆၇၆၆)	**(စဉ်-၁၉၀၂)**
ဖုန်း-၀၉-၅၀၂၀၀၈၇	**ဖုန်း - ၀၉-၈၆၁၁၂၉၀၊ ၀၉-၇၃၁၀၀၅၈၅**

အမှတ် ၁၀/၁၂၊ အခန်း ၁၀၃(A/B) ပထမထပ်၊ ၃၅လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာစာ

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၇
ကွယ်လွန်သူဒေါ်အေးသန်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

မြောက်ဥက္ကလာပမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အေးသန်း၏ ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမျိုးချစ်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ ခုနှစ် ဧပြီ ၂ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဒေါ်အေးသန်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိခဲ့လျှင် ဆိုခဲ့သော ၂၀၁၃ခုနှစ် ဧပြီ ၂ရက် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၀၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော လျှောက်ထားသူ ဦးမျိုးချစ်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ခုနှစ် မတ် ၁၅ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဦးစိန်လင်း၊ ဒေါ်စောညွန့်(ဒုတိယဇနီး)နှင့် အများသိစေရန်ကြေညာချက်

ဦးစိန်လင်း၊ ဒေါ်ကျိုတီ (ပထမဇနီး၊ ကွယ်လွန်)တို့၏ သားသမီးများဖြစ်သော ဒေါ်အလင်း ၁၂/ဗဟန(နိုင်)၀၇၄၃၀၈၊ အမှတ် ၂၅၊ အထက်ပဒေသာပင်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်လေကျောင်း ၁၂/လသန(နိုင်)၀၁၃၄၂၂၊ အမှတ် ၁၃၉၊ ပထမထပ်၊ ဗိုလ်ရွှေလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်လေးကျင် ၁၂/လသန(နိုင်)၀၀၈၈၉၈၊ အမှတ် ၅၈၁၊ သနပ်ပင်လမ်း၊ ကျောက်ဖူးကုန်း၊ ပဲခူးမြို့တို့၏ ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ တိုက်အမှတ် ၂၂၊ ပထမထပ်၊ ဟောင်ကောင်နှစ်လွှာ၊ တိုက်ခန်း တစ်ခန်းနှင့် မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ် ၃၅၇အိမ်၊ မြေတို့မှာ ဦးစိန်လင်းနှင့် ဒေါ်ကျိုတီ (ပထမဇနီးကွယ်လွန်)တို့၏ လက်ထက်ပွားပစ္စည်းများဖြစ်ပြီး ပထမဇနီးကွယ်လွန်မှ အထက်ပါသားသမီး ရှစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်ကျိုတီမှာ ၇-၁၀-၁၉၈၈ရက်တွင် ကွယ်လွန်သွားပါသည်။

၂။ ဖခင် ဦးစိန်လင်းသည် ပထမဇနီးကွယ်လွန်ပြီးနောက် ဒုတိယဇနီးဖြစ်သူ ဒေါ်စောညွန့်နှင့် အကြောင်းပါပြီး သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ဒေါ်စောညွန့်နှင့် အကြောင်းပါပြီးနောက် ပထမအိမ်ထောင်မှ ရှာဖွေခဲ့သောငွေကြေးဖြင့် ဖခင်ဦးစိန်လင်းက မူလငှားရမ်းနေထိုင်ခဲ့သော မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၉၂၊ လိပ်ပြာမုန့်ဆိုင်ကိုလည်းကောင်း၊ အမှတ် ၁၁၊ စည်ပင်သာယာလမ်း၊ ဖက်တန်းရပ်၊ မော်လမြိုင်နေအိမ်ကိုလည်းကောင်း၊ ဒေါ်စောညွန့်အမည်ဖြင့် ဝယ်ယူခဲ့ပြီး ယခုအခါ ဒေါ်စောညွန့်က လိပ်ပြာမုန့်ဆိုင်အား သား မောင်ကိုကိုကြည်အမည်သို့လည်းကောင်း၊ အမှတ် ၁၁၊ စည်ပင်သာယာလမ်းနေအိမ်အား သမီး မသီသီညွန့်အမည်သို့လည်းကောင်း၊ ဖခင် ဦးစိန်လင်းက အမည်ပြောင်းလွှဲပေးခဲ့ကြောင်း သိရှိရပြီး ပထမဇနီးလက်ထက်ပွားပစ္စည်းများကိုမူ အထက်သားသမီးများအား ယနေ့တိုင် တစ်စုံတစ်ရာ အမွေခွဲဝေပေးခဲ့ခြင်းမရှိသည့်အပြင် အထက်အပိုဒ်(၁)ပါ ပစ္စည်းများကို ဖခင် ဦးစိန်လင်းနှင့် ဒေါ်စောညွန့်တို့က ရောင်းချရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသဖြင့် အထက်သားသမီးများရရှိမည့် အပိုဒ်(၁)ပါ ပစ္စည်းရပ်အားလုံးကိုလည်းကောင်း၊ အောက်သားသမီးများရရှိမည့် အမွေဝေစုပစ္စည်း၏ သုံးပုံတစ်ပုံကိုလည်းကောင်း၊ အထက်ပါသားသမီးများအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဤကြေညာသည့်ရက်မှစ၍ တစ်လအတွင်း ခွဲဝေပေးရန်တောင်းဆိုလိုက်ပါသည်။ ထို့ပြင် ဤကြော်ငြာသည့်ရက်မှစ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့အား အထက်ပါ သားသမီးများ၏ ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းများ မပြုလုပ်ရန်ကိုလည်း ထပ်လောင်းသတိပေးအပ်ပါသည်။

တစ်လအတွင်း ခွဲဝေပေးရန်ပျက်ကွက်ပါမူ သက်ဆိုင်ရာတရားရုံးတွင် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းနှင့် အမှု၏ကုန်ကျစရိတ်အသီးသီးကို လူကြီးမင်းတို့ကသာလျှင် လုံးဝကျခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးထွန်းရှိန် B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၂)
အမှတ် ၁၁၆၊ ရွှေတောင်တန်းလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

တင်ကိုဦး ၉/တကန(နိုင်)၁၀၄၈၁၃ အား သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၁၈၄/၁၈၆တွင် တည်ရှိသော Royal Golden Farmer Int'l Co.,Ltd.၏ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးအကြောင်းကြားအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း ၁၃၀၊ အမှတ် ၅၂၊ တတိယထပ်(ယာ)နေ ဦးတင်ကိုဦး ၉/တကန(နိုင်)၁၀၄၈၁၃သည် Royal Golden Farmer Int'l Co.,Ltd.နှင့်ဆက်သွယ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီသို့ စာရင်းရှင်းလင်းပေးသွင်းရန် ကျပ်သိန်း ၁၀၀၀ ကျော် (၁၀၀၉၁၀၀၀၀ိ/-)ပေါ်ပေါက်လျက်ရှိပါသည်။

ဦးတင်ကိုဦးသည် ကုမ္ပဏီနှင့်ဆက်သွယ်၍ စာရင်းရှင်းလင်းပေးသွင်းခြင်းမပြုဘဲ သုံးလကျော် တိမ်းရှောင်လျက်ရှိပါသဖြင့် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကုမ္ပဏီရုံးခန်းသို့ ကိုယ်တိုင်လာရောက်စာရင်းများရှင်းလင်း၍ ကုမ္ပဏီပိုင်ငွေများကို မပျက်မကွက် ပေးသွင်းပါရန် သတိပေးအကြောင်းကြားပါသည်။

သတ်မှတ်ရက်အတွင်း ကုမ္ပဏီသို့လာရောက်စာရင်းရှင်းလင်းခြင်း၊ အလွဲသုံးစားပြုလုပ်ထားသောငွေများပေးသွင်းခြင်းမပြုပါက တရားဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို(B.Sc.,R.L.)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၃၀)
အမှတ် ၃၀၂၊ ပထမထပ်၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၈၈၅၃

ကြော်ငြာ

GL အဆင့်မြင့်ခရီးသွားလုပ်ငန်း

မန်းရွှေစက်တော်	Mar	22	(50000)
မြတ်မော်တင်စွန်း	Mar	25	(65000)
ထားဝယ်(ရှင်ကိုးရှင်)	Mar 23/Apr	12	(200000)
မန္တလေး၊လားရှိုး၊မူဆယ်၊ရွှေလီ	Apr	12	(290000)
တောင်ကြီး၊အင်းလေး၊ပင်းတယ	Apr	12	(170000)
ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး၊ပခုက္ကူ	Apr	12	(160000)
မြဝတီ၊မဲဆောက်၊ဖဝေါ	Apr	13	(220000)
ပုဂံ၊ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင်	Apr 12/13		(190000)
ကသပ၊မုံရွာ၊မန္တလေး၊ပြင်ဦးလွင်	Apr	13	(190000)
ချင်းပြည်နယ်(နတ်မတောင်)၊ပုဂံ	Apr	13	(200000)
ကျိုက်ထီးရိုး၊မော်လမြိုင်၊ကျိုက္ခမီ	Apr	13	(130000)

ခရီးစဉ်အားလုံးတဆင့်သွား(ကား၊စက်လှေ)ခ၊ဝင်ကြေးများစရိတ်ငြိမ်း မတ်လအတွင်း စာရင်းပေးသွင်းပါက (5% Discount)

0973040050,0973040051, 0973040052, 095136466 098636466, 0973136466 အမှတ်(၁၅၃)၊လမ်းမတော်လမ်း၊ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၄

ဦးမိုးထွန်း နှင့် ၁။ ဦးညွန့်အောင်
၂။ ဒေါ်မိုးသီတာ

တရားလို တရားပြိုင်များ

အမှတ် ၂၄၈၊ အောင်သီရိလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်မိုးသီတာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက ဒုတိယခရိုင်တရားရုံး(၉)ရုံး၏ မကြီး ၁၂၄၁/၂၀၁၁တွင် ၉-၃-၂၀၁၂ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ် ပယ်ဖျက်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၉ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
တွဲဖက်ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ ပုလဲလမ်းသွယ်၊ အမှတ်(၆၃)မှ ဒေါ်သန်းသန်းဦးနှင့် အများသိသာရန်

ဦးဇော်ဝင်း TME-၀၃၃၆၉၁ ပိုင်ဆိုင်သည့် တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ ပုလဲလမ်းသွယ်၊ အမှတ်(၆၃) အိမ်၊ ကားလုပ်ငန်းများနှင့် ပစ္စည်းဥစ္စာတို့ကို ဒေါ်သန်းသန်းဦး ၁၂/ဒဂတ(နိုင်)၀၃၆၅၄၅ သို့ ဦးဇော်ဝင်း၏ လွတ်လပ်သော သဘောဆန္ဒအလျောက် မည်သည့်အခါကမျှ လွှဲပြောင်းပေးခဲ့ခြင်းမရှိပါ။ ဦးဇော်ဝင်း ကျန်းမာရေးမကောင်းဖြစ်နေသည်ကို အခွင့်ကောင်းရယူကာ ဦးဇော်ဝင်းအား လက်မှတ်ရေးထိုးစေခဲ့ခြင်းဖြစ်ပါသည်။ သို့ပါ၍ ဦးဇော်ဝင်း ကျန်းမာရေးမကောင်းစဉ် ဦးဇော်ဝင်း၏လက်မှတ်ကို ရယူချုပ်ဆိုခဲ့သည့် ၁၄-၃-၂၀၁၃ရက်စွဲပါ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကတိစာချုပ်သည် ဥပဒေအရ အကျိုးအာနိသင်မရှိသော ပျက်ပြယ်သည့်စာချုပ်သာဖြစ်ပါကြောင်းနှင့် ဦးဇော်ဝင်းက ရုပ်သိမ်း ဖျက်သိမ်းလိုက်ပါကြောင်း ဒေါ်သန်းသန်းဦးနှင့် အများသိသာရန် ကြေညာအပ်ပါသည်။

ဦးဇော်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းထိုက်
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)
အမှတ် ၅၈(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၈၁၆၁

အိမ် + ခြံ + မြေ အမြန်ရောင်းမည်။

ပုသိမ်မြို့အဝင်
ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး

19906 Sqft (3/B) + လယ်မြေ 3.87 ဧက
ပိုင်ရှင်အမည်ပေါက်၊ အရှုပ်အရှင်းကင်း

09-8569065

ဦးဝင်းစိုး ၁၀/မလမ(နိုင်)၁၈၄၇၀၇
La Min Khant Construction Co.,Ltd. (LC-377) သိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးနေဦး ၁၂/အလန(နိုင်)၀၁၃၄၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် လူကြီးမင်းနှင့် ၄င်းအမည်ပေါက်ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃-M၊ မြေကွက်အမှတ် I-၅-၆(က)ဟု ခေါ်တွင်သော ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စကားစိမ်းလမ်း၊ အမှတ် ၂ဟုခေါ်တွင်သော မြေ/အိမ်တို့နှင့်ပတ်သက်၍ ၁၉-၉-၂၀၁၂ရက်စွဲပါ အဆောက်အအုံသစ်ဆောက်လုပ်ခြင်း သဘောတူစာချုပ်အား ညှိနှိုင်းဆောင်ရွက်ရန် ကျွန်ုပ်၏မိတ်ဆွေက ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍မရခဲ့ပါ။ သို့ပါ၍ ဤကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံ ဆက်သွယ်ဆောင်ရွက်ရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် တရားဝင်ဆက်သွယ်ဆောင်ရွက်ရန် ပျက်ကွက်မည်ဆိုပါက လူကြီးမင်းနှင့်ချုပ်ဆိုခဲ့သော အထက်ပါစာချုပ်အား ကျွန်ုပ်၏မိတ်ဆွေက တစ်ဖက်သတ်ပယ်ဖျက်ရုပ်သိမ်းပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးနေဦး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်ဆွေ B.A (Law), LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (၄၆၄၃)
အမှတ် ၁၆၃၊ လေးလွှာ၊ ၃၈လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၀၉၁၆၇၊ ၅၅၉၄၆၀

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ စံချိန်မီအဆင့်(၁)ရှိ မြေကွက်အမှတ် - ၇၆၃ ၊ ဧရိယာ(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ညွန့်ဝင်း(အဘ- ဦးတိုက်အင်း)KTN-003249 အမည်ပေါက်မြေကွက်ကို ဆက်စပ်အရောင်းစာချုပ်အရ ဝယ်ယူလက်ရှိထားသူ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချသူ ဦးကျော်ဆွေ(၁၂/ကတန(နိုင်)၀၀၃၄၁၁) ထံသို့ ဝယ်ယူသူ ဦးမျိုးဝင်း(၁၂/ဗတထ(နိုင်)၀၀၀၇၆၄)က စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ရှိက ဤကြေညာခြင်းပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်များအရ -
ဦးကျော်ဆန်းနိုင်
B.A.(LAW),LL.B,M.A.(Business Law),
D.B.L,D.I.L,D.M.L,D.A.Psy,Dip in English.
တရားလွှတ်တော်ရှေ့နေ(စဉ် -၁၉၂၉)
ဖုန်း - ၀၉ ၅၀၂၆၈၃၃

အထက်တန်းရှေ့နေများ

ဒေါ်မေဇာနည်စိုး	ဦးဇော်ဇော်	ဒေါ်သဥ္ဇာအေး
B.A., LL.B ,M.A (Business Law)	LL.B,D.B.L,D.M.L,D.I. L	LL.B,D.B.L,D.I.L
၀၉ ၄၃၀၅၂၄၄၂	၀၉ ၄၂၀၀၂၅၂၉၅	၀၉ ၄၂၀၀၂၅၃၀၁

ရုံးခန်းအမှတ်-၀၀၄၊တိုက်အမှတ်(၉/၁၁)၊(၃၆)အောက်လမ်းတို၊ ကျောက်တံတားမြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၀)ရပ်ကွက်၊ မြေကွက်အမှတ်(၁၄၈၅)ဟုခေါ်တွင်သော မြေအလျား×အနံ(၄၀×၆၀)ပေအကျယ်အဝန်းရှိ အနှစ်(၆၀) မြေငှားဂရန်မြေကွက်အား အမည်ပေါက် ဦးဇော်မိုး (AE-၂၄၉၃၄၅)ထံမှ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်သန်းသန်းဌေး (၁၂/ပဘတ(နိုင်)၀၀၄၅၉၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသောတရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝါဝါခိုင် စဉ်-၃၇၁၁၈ LL.B, D.B.L
(အထက်တန်းရှေ့နေ)
အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၇၁၉

အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊

ကျန်းမာရေးနှင့်အသင့်လျော်ဆုံး ရေနွေးသောက်နည်း၊ မှားမှန်းမသိ မှားနေသော ဓာတ်ဘူးထဲမှ ရေနွေးညှိသိပ်၏အကျိုးအပြစ် အပါအဝင် ကျန်းမာရေးအတွက် အရေးကြီးသည့် ရေအမျိုးမျိုးတို့အကြောင်း...

ရေနွေးညှိသိပ်အဆိပ်ထက်ပြင်းနှင့် နေ့စဉ်ကျန်းမာအောင်ရေသောက်နည်းများ

ကြည်လွင်မြင့်(မုဒြာ) ဆိုင်များတွင်ရပြီ

အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗိုလ်း/ရွာမရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၇၇၊ အခန်း(၁) ဟောင်ကောင်ပုံမြေညီထပ်(အောက်လွှာ)ကို ဦးမြတ်အောင် ၁၂/တမန(နိုင်)၀၃၂၇၀၈၊ ဒေါ်ကေသီအောင် ၁၂/တမန(နိုင်)၀၃၃၆၄၅တို့ ပူးတွဲပိုင်ဆိုင်ပြီး အခန်း(၄) ဟောင်ကောင်ပုံမြေညီထပ်(အပေါ်လွှာ)ကို ဦးမြတ်အောင် ၁၂/တမန(နိုင်)၀၃၂၇၀၈ တစ်ဦးတည်းပိုင်ဆိုင်ပြီး ယင်းတို့တွင် ရေ၊ မီးအပြည့်အစုံနှင့် တွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းများနှင့် အကျိုးခံစားခွင့်တို့ ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းနှင့်အကျိုးခံစားခွင့် တရားဝင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်တင့်(ခ)ဦးခင်ထွန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁)
အခန်းအမှတ် ၀၂/၁၂၊ ပထမထပ်၊ အာရှပလာဇာ၊
ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၃၉၃၀၆၊ ၀၉-၇၃၀၃၃၆၂၇

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ ၁၇ လမ်း၊ မြေကွက်အမှတ် ၉၅၇ ရှိမြေကွက်မှာ ဦးခင်မောင်ညွန့် (ဘ) ဦးစံမြ BW- ၀၅၀၉၄၈အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီ ပျဉ်းမနားမြို့မှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးထွန်းထွန်းဦး(ဘ)ဦးစိန်ထွန်း ၁၂/စခန(နိုင်)၀၄၇၃၂၁က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဦး ၁၂/စခန(နိုင်)၀၄၇၃၂၁
အမှတ် ၇၊ ဗဟိုလမ်း၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ ၁၈လမ်း၊ မြေကွက်အမှတ် ၈၀၈ မြေကွက်မှာ ဦးမောင်လေး (ဘ) ဦးအောင်ရ PMA-၀၉၁၅၁၁အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီ ပျဉ်းမနားမြို့မှ ချပေးထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးမောင်လေး (ဘ) ဦးအောင်ရ PMA-၀၉၁၅၁၁က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဦး ၁၂/စခန(နိုင်)၀၄၇၃၂၁
အမှတ် ၇၊ ဗဟိုလမ်း၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ ၁၇လမ်း၊ မြေကွက်အမှတ် ၉၅၆ မြေကွက်မှာ ဦးကျော်ဝင်း (ဘ) ဦးထင်ပေါ် PMA-၁၁၅၈၄၄ အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီ ပျဉ်းမနားမြို့မှ ချပေးထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးကျော်ဝင်း (ဘ) ဦးထင်ပေါ် PMA-၁၁၅၈၄၄ က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဦး ၁၂/စခန(နိုင်)၀၄၇၃၂၁
အမှတ် ၇၊ ဗဟိုလမ်း၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ဂရိတ်ဇေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
0613Y010511

ရွှေအသည်း
အမှတ်တံဆိပ်
အသည်းအားဆေး

FROM EXPERIENCE-BASED TRADITIONAL MEDICINE TO EVIDENCE-BASED TRADITIONAL MEDICINE.

- ✽ အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။
- ✽ အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်း အင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေသည်။
- ✽ ရေရှည်သောက်သုံးခြင်းဖြင့် အဆိပ်အတောက်အန္တရာယ်ကင်းရှင်းကြောင်းကိုလည်း သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။
- ✽ နာတာရှည်အသည်းရောဂါရှိသူများ၊ အရက်သောက်နေသူများ၊ အသည်းရောဂါပိုးရှိသူများ၊ အသည်းခြောက်၊ အသည်းအဆီဖုံး၊ အသည်းကြီး၊ အသည်းရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရမည့် တိုင်းရင်းဆေးဖြစ်ပါသည်။
- ✽ ဤဆေးသည် အမှန်တကယ် ဆေးစွမ်းအာနိသင် ထက်မြက်ကြောင်းကို ခိုင်မာသော အထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းကို ဂုဏ်သိက္ခာ မြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသန ညီလာခံများတွင် တင်သွင်းခဲ့ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာစာပေနှင့်ဆေးဝါးများကြော်ငြာစိစစ်ရေးအဖွဲ့၊ ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း)၄၃/၀၄၁၃ ၊ တဆဝက(စာနယ်ဇင်း)၆၄/၀၇၁၄

ဘားအံမြို့နယ် ဘားဘုတောင်မြစေတီ တောင်တက်လမ်းအား ကွန်ကရစ်ခင်းလမ်းများအဖြစ် စတင်ပြုပြင်ဆောင်ရွက်

ဘားအံ မတ် ၁၉

ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကာစံပြကျေးရွာအုပ်စု ဘားဘုကျေးရွာတွင်တည်ရှိသော ဘားဘုတောင်စေတီတော်၌ စေတီ လေးဆူ၊ ဂူဘုရားများ၊ ဇရပ်ကျောင်းကန်နှင့် အနီးအနားရှိ ဝိဇ္ဇာဂူဘုရား၊ ဘားဘုတောင်မြစေတီတို့မှာ လူသိများသဖြင့် ဘားအံမြို့၊ ကျေးရွာပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ လာရောက်ဖူးမြော်ကြသည့်အပြင် ယခုနှစ် ပွင့်လင်းရာသီတွင် နိုင်ငံခြားသားခရီးသွားများ အုပ်စုလိုက်၊ အဖွဲ့လိုက်နှင့် လေးဦး၊ နှစ်ဦး စသည်ဖြင့် လာရောက်လေ့လာဖူးမြော်လျက်ရှိကြသည်။ **(အောက်ပုံ)**



ဘားဘုတောင်မြစေတီနှင့် ၁၅ မိုင်ခန့်အကွာရှိ နဂါးလိုဏ်ဂူမှာလည်းထင်ရှားလှသည်။ လိုဏ်ဂူအတွင်း ကျောက်ဆောင်၊ ကျောက်ပန်းခက်များသည် ထူးထူးခြားခြား နဂါးအကြေးခွံ ပုံသဏ္ဌာန်ဖြစ်ပေါ်နေသည်။ ပို၍ ထူးခြားသည်မှာ ၎င်းနဂါးလိုဏ်ဂူသည် အင်းကွင်းအနေအထား၌တည်ရှိနေပြီး မိုးတွင်းရာသီတွင် ရေများမြုပ်၍ နွေရာသီရောက်မှသာ သွားရောက်လေ့လာဖူးမြော်ခွင့်ရကြသည်။

ယခုလက်ရှိ ဘားဘုတောရတောင်ပေါ်ကျောင်းဆရာတော် ဦးဝါရိန္ဒ ဦးစီး၍ သာသနာရေရှည်တည်တံ့စေရေးအတွက် အလှူရှင်ဒကာဒကာမများ၏ ဝတ္ထုငွေများဖြင့် ဘားဘုတောင် တောင်တက်လမ်းများကို ကွန်ကရစ်လမ်းများအဖြစ် ပြုလုပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

ယနေ့ မီးဘေးကြိုတင်ကာကွယ်ခြင်းသည် မနက်ဖြန် မီးဘေးလုံခြုံရေးအတွက် ဖြစ်သည်

မြန်မာ့ ၁၂ လရာသီတွင် တပေါင်းလသည် တစ်နှစ်တာ၏ နောက်ဆုံးလဖြစ်ချေသည်။

လတကာလတွင် တပေါင်းလသည် သာယာလှပေသည်။ ကဗျာဆရာ၊ စာရေးဆရာ၊ သီချင်းရေးဆရာနှင့် ပန်းချီဆရာတို့ အလွမ်းအဆွေး ကဗျာ၊ စာ၊ သီချင်းရေးဖွဲ့ရာနှင့် ဘဝသရုပ်ဖော်ရာတွင် ပီပီပြင်ပြင်လွမ်းချင်စရာ၊ ဆွေးချင်စရာလဖြစ်သည်။

ရွက်ဟောင်းတို့ လေဟုန်စီး၍ ကြွေပြီးနောက် ရွက်သစ်ရွက်နုပုရစ်ဖူးအညှောက်တို့ ဝေလာဦးမည်ဖြစ်ပေသော်လည်း ယခုအခါတွင် မြင်မြင်သမျှသည် ခြောက်သွေ့နေပြီး အပူရှိန်မြင့်မားနေသည်။ ပူးပြင်းသည့် နွေနှင့် အတူစာရေးသူတို့ ပြည်သူအားလုံး သတိထားရမည်မှာ “မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု” သတိတရားပင်ဖြစ်သည်။

နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များတွင် လတ်တလော တွေ့မြင်ကြားသိနေရသည်မှာ ထမင်းချက်စဉ် ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခြင်း၊ ဝိုင်ယာရှော့ခ်ဖြစ်ခြင်း၊ ဂက်စ်အိုးများဖြင့် စားသောက်ဆိုင်များတွင် ကြော်လှော်ချက်ပြုတ်ခြင်း၊ ဂက်စ်ဖြည့်ခြင်း၊ ပူပြင်းသောရာသီကာလ နေ့ခင်းနေ့လယ်အချိန်များတွင် မော်တော်ယာဉ်ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်း စသည်တို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားနေကြသည်။ နွေအခါ နေ့နေ့ညညသတိပြုရမည်မှာ မီးဘေးအန္တရာယ်ကြီးပင်ဖြစ်သည်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားပါက ငြိမ်းသတ်ရေးလုပ်ငန်းများတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်းက တာဝန်သိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်သည်။ မီးဘေးကြိုတင်ကာကွယ်ရန်အတွက် ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို အားလုံးက လိုက်နာကြရမည်ဖြစ်သည်။

ကျေးရွာ၊ ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများချထားရာတွင် ကူညီခြင်း၊ မီးသတ်တပ်ဖွဲ့က မီးဘေးလုံခြုံရေးအတွက် လာရောက်စစ်ဆေးသည့်အခါ ပါဝင်ကူညီခြင်းနှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ မိမိအိမ်မှစ၍ မီးမလောင်စေရေးအတွက် ကြိုတင်ကာကွယ်ရေး အစီအစဉ်များအဖြစ် အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများကို အသင့်ထားရှိခြင်း၊ မီးလောင်ကြောင်း အချက်ပေးနိုင်ရေးအတွက် သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်းအစရှိသည့်ပစ္စည်းများထားရှိခြင်း၊ ပူပြင်းသောအချိန်များတွင် မြေစိုက်မီးဖိုများ ပြုလုပ်သုံးစွဲခြင်း၊ အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားရှိခြင်း၊ မီးသတ်ယာဉ်များ အစဉ်ကောင်းမွန်စေရေးအတွက် လှူဒါန်းပံ့ပိုးခြင်းတို့ ပါဝင်ဆောင်ရွက်ကြရန်ဖြစ်သည်။

မိမိအနီးအနား မီးလောင်မှုဖြစ်ပွားပါကလည်း အနီးဆုံးမီးသတ်စခန်းများသို့ အမြန်ဆုံးအကြောင်းကြားရန်၊ မီးသတ်ယာဉ်များ မရောက်မီ ရေပုံးများ၊ ရရာပစ္စည်းများဖြင့် မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ကြရန်၊ မီးလောင်ပြင်သို့ လာရောက်ကြသော မီးသတ်ယာဉ်များအား ဝင်လမ်း၊ ထွက်လမ်းများပိတ်ဆို့မှုမရှိစေရေး ကူညီဆောင်ရွက်ကြရန်၊ မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကို ရေဖြင့် သေချာစွာ ပက်ဖျန်းငြိမ်းသတ်ရန်။

မီးလောင်မှုကို ဝိုင်းအုံကြည့်မနေဘဲ ကူညီငြိမ်းသတ်ပေးရန်နှင့် နှောင့်ယှက်သူများ၏ အန္တရာယ်မှ ကူညီကာကွယ်ကြရန်၊ မိမိအိမ်၊ မိမိလမ်းသို့ မီးမကူးစေရေးအတွက် မီးသတ်ကားများကို အတ္တဆန်ဆန် ခေါ်ဆောင်ခြင်းမပြုကြရန် လိုသည်။

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်း ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကို အရေးတယူဆောင်ရွက်ရမည့် အချိန်ကျရောက်နေပြီ ဖြစ်သည်။

မီးဘေးအန္တရာယ်ကို တစ်ဦးချင်း၊ တစ်မိသားစုချင်းမှစ၍ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက်၊ မြို့အလိုက် စုပေါင်းအသိဖြင့် သတိရှိရှိကာကွယ်တားဆီးရန်လိုအပ်လှပေရာ သက်ဆိုင်ရာဌာနများအနေဖြင့် လူမှုရေးအဖွဲ့အစည်းများ၏ စုစည်းမှုအားကိုယူလျက် မီးငြိမ်းသတ်နည်းသရုပ်ပြခြင်း၊ လေ့ကျင့်ခြင်း၊ အခြေခံ မီးသတ်သင်တန်းပေးခြင်းနှင့် ယနေ့ မီးဘေးကို ကြိုတင်ကာကွယ်ခြင်းသည် မနက်ဖြန် မီးဘေးလုံခြုံရေးအတွက် ဖြစ်ပါကြောင်း အသိပေးရေးသားတင်ပြအပ်ပါသည်။

ဦးမောင်(သဲကုန်း)

ရွှေကျင်မြို့၌ မီးသဂြိုဟ်စက် လှူဒါန်း

ရွှေကျင် မတ် ၁၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ကွဲတဲရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြန်မာသုသာန်တွင် လိုအပ်နေသည့် မီးသဂြိုဟ်စက်နှင့် ဆက်စပ်အဆောက်အအုံများ လှူဒါန်းပွဲအခမ်းအနားကို မတ် ၁၄ ရက် နံနက် ၁၁ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ အလှူရှင် ဦးလှဝင်း-ဒေါ်ခင်စန်းလွင်က မီးသဂြိုဟ်စက်ကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က လက်ခံရယူသည်။ ယခုလွှဲပြောင်းပေးအပ်သည့် မီးသဂြိုဟ်စက်သည် ဒီဇယ်လောင်စာဆီ အသုံးပြုမည်ဖြစ်ပြီး စုစုပေါင်း ကျပ်သိန်း ၂၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

မြို့နယ် (ပြန်/ဆက်)

ဘုရားကျောင်းကန် ခြွင်းမချန် မီးရန်သတိထားပါ

အထူးကျေးဇူးတင်လွှာ

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်စီစဉ်မှုဖြင့် (၁၄)ကြိမ်မြောက်ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူတော်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့ရှိ လူနာပေါင်း (၈၁၄၁) ဦး တို့အား ၂၀၁၃ခုနှစ် မတ်လ ၈ရက်မှ ၁၁ ရက်နေ့ထိ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ပေးခဲ့ရာတွင်ပါဝင်ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းကျန်းမာရေးဦးစီးမှူး၊ ဟုမ္မလင်းမြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဆေးရုံအုပ်ကြီး နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် ဝန်ထမ်းများ၊ ပရိယတ္တိဘုန်းတော်ကြီးကျောင်း နှင့် ရပ်ရွာဘုန်းတော်ကြီးကျောင်း များအားလုံး၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ရုမ်းစာပေ နှင့် ယဉ်ကျေးမှုအဖွဲ့၊ ပညာရေးဝန်ထမ်းများ၊ Merlin NGO၊ ကြက်ခြေနီ၊ ပါရမီလူမှုရေးအသင်း၊ Lucky Time ၊ ဓမ္မစကြာဝတ် အသင်းအဖွဲ့များ၊ ဟုမ္မလင်းလူငယ် ၊ နောင်ပကျစ်လူငယ်၊ နိပ်ပဲဝ ဝေယျာဝစ္စအဖွဲ့များ၊ ရှမ်းတောင်တန်း နှင့် ရွှေနန်းကမ္ဘာမော်တော်ယာဉ်အသင်း၊ မေတ္တာဖြင့်တည်းခိုခွင့်ပေးသောရတီဟိုတယ်နှင့် ၊ မြို့ခံရပ်မိရပ်ဖများ၊ ခရီးစဉ်အသွား/အပြန် ကမ္ဘောဇလေကြောင်းလိုင်းဖြင့် လေယာဉ်စင်းလုံးလှူဒါန်းပေးသော ကမ္ဘောဇဘဏ် ဥက္ကဋ္ဌဦးအောင်ကိုဝင်း၊ ဇနီးသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းခမ်းသန်းထွေးနှင့် အလှူရှင်များအားလုံး၊ ရိုက်ကူးမှတ်တမ်းတင်ပေးသောMRTV-4၊ Sky Netအဖွဲ့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုအထူးပင် လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း။

ဆရာတော် နှင့် အလုပ်အမှုဆောင်အဖွဲ့
ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်အပိုင်း(၁/၂)အတွင်းပါဝင်သော လယ်မြေများအား ကရဏာကြေးပေးအပ်လျက်ရှိရာ မူလကျောင်းကုန်းကျေးရွာ၊ ကွင်းအမှတ် ၅၅၅(ခ)၊ ဦးပိုင်အမှတ် ၅၀ ရှိ ဦးချစ်မောင်အမည်ပေါက် လယ်ခွန်ပြေစာထွက်ရှိထားသည့် လယ်ဧက ၅ ဧကအား ဦးချစ်မောင်မှ အစဉ်အဆက်လုပ်ကိုင်ခဲ့သူဖြစ်ကြောင်းနှင့် ဦးချစ်မောင်ကွယ်လွန်ချိန်တွင် ဦးချစ်မောင်၏ အမွေဆက်ခံခွင့်ရှိပြီး တူတော်စပ်သူ ဦးတင်ဝင်း ၁၂/ရပသ(နိုင်)၀၂၄၅၀၄က ကရဏာကြေးပေးအပ်ရန် တင်ပြလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသည့်အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကရဏာကြေးပေးအပ်ခြင်းအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မာလွင် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
အမှတ် ၂၂၂၊ စပါယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်အပိုင်း(၁/၂)အတွင်းပါဝင်သော လယ်မြေများအား ကရဏာကြေးပေးအပ်လျက်ရှိရာ ယခင်သာစုကန်ကျေးရွာ၊ ကွင်းအမှတ် ၅၅၃၊ ဦးပိုင်အမှတ် ၄၀ ရှိ ဦးစိန်မောင်အမည်ပေါက် လယ်ခွန်ပြေစာထွက်ရှိထားသည့် လယ်ဧက ၈ ဒသမ ၈၂ ဧကအား ဦးစိန်မောင်မှ အစဉ်အဆက်လုပ်ကိုင်ခဲ့သူဖြစ်ကြောင်းနှင့် ဦးစိန်မောင်ကွယ်လွန်ချိန်တွင် အမွေဆက်ခံခွင့်ရှိသော သားသမီးများဖြစ်သည့် ဦးကျော်ဦး၊ ဦးဝင်းနိုင်၊ ဦးကြည်စိုး၊ ဦးခင်ထွန်း၊ ဦးညွန့်ဝင်း၊ ဦးအေးမင်း၊ ဒေါ်ခင်မျိုးသန္တာ၊ ဒေါ်ခင်မျိုးမာလာ၊ ဒေါ်ခင်မျိုးသူဇာတို့ ကျန်ရှိခဲ့ပြီး ၎င်းတို့ကိုယ်စား ဦးကျော်ဦး ၁၂/ရပသ(နိုင်)၀၀၈၈၄၆က ကရဏာကြေးပေးအပ်ရန် တင်ပြလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကရဏာကြေးပေးအပ်ခြင်းအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မာလွင် LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
အမှတ် ၂၂၂၊ စပါယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ လူနေရပ်ကွက်အမှတ် ၂၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ် ၈၃၊ အကျယ်ပေ(၆၈×၈၀)ရှိ ဦးရဲရင့်ထွန်း အမည်ပေါက် နှစ် ၆၀ ဂရန်ထွက်ရှိထားသောမြေကွက်နှင့် လူနေအိမ်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးဇော်ထွန်း ၁၄/မမက(နိုင်)၁၁၄၃၅၂နှင့် ဒေါ်တူးတူးမာ ၁၂/ဗဟန(နိုင်)၀၈၇၇၅၅တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မာလွင် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)
အမှတ် ၂၂၂၊ စပါယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

တရားစီရင်မှုနှင့် မှုခင်းသတင်း

ကာမကိုလိမ်လည်ရယူကာ သစ္စာမဲ့သူအား ပြစ်ဒဏ်ချမှတ်

သားမှတ်မှတ် မယားမှတ်မှတ် အတည်တကျ ရိုးမြေကျ လက်ထပ်ပေါင်းသင်းပါမည်ဟု ကတိတွေပေး၊ ယုံကြည်အောင် စာချုပ်ချုပ်ဆို ကာမကို အကြိမ်ကြိမ်ရယူပြီးခါမှ တစ်ချိုကွယ် တစ်မယ်မေ့ နောက်တစ်ယောက်တွေ့ လက်ထပ်သွားသူ ကာမကို လိမ်လည်ရယူသူ သစ္စာမဲ့သူတစ်ဦးအား မြင်းခြံမြို့နယ် တရားရုံးတော်က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့နယ် ရွာရှည်ကျေးရွာနေ မ----နှင့်တစ်ရွာတည်းနေ မောင်မြိုင်တို့သည် တစ်ဦးကိုတစ်ဦး ချစ်ကြိုက်ခဲ့သည်မှာ နှစ်နှစ်ခန့်ကြာခဲ့သည်ဟုသိရသည်။ သမီးရည်းစားသဘာဝ မကြာခဏ ချိန်းတွေ့ဖြစ်သည်။ ချိန်းတွေ့သည့်အခါ သားမှတ်မှတ် မယားမှတ်မှတ် ရိုးမြေကျ လက်ထပ်ပေါင်းသင်းသွားမည်ဟု မ----ယုံကြည်အောင်ပြောသည်။ ထို့ပြင် မောင်မြိုင်က ၎င်းအပေါ် မ---ပို၍ ယုံကြည်စေရန် ၉-၄-၂၀၁၀ ရက်နေ့တွင် ၎င်း၏ညာဘက်လက်မလက်ဗွေနှိပ်ထားသောစာချုပ်ကို မ----ကို ပေးအပ်ပြီး ယုံကြည်မှုကို ပိုမိုရယူသည်။ ထို့နောက် ချိန်းတွေ့သည့်အခါတိုင်း ကာမကို ယုံမှတ်ပေးအပ်ခဲ့ရသည်ဟုဆိုသည်။

သို့သော် တစ်ချိုကွယ် တစ်မယ်မေ့သူ မောင်မြိုင်သည် ကျေးရွာမူလတန်းပြ ဆရာမ မ----နှင့် ၁၀-၅-၂၀၁၀ ရက်နေ့တွင် စေ့စပ်ကြောင်းလမ်းခဲ့ပြီး ၂၀၁၂ ခုနှစ် မေလတွင် လက်ထပ်သွားကြောင်း ကြားသိရသဖြင့် ကာမကို လိမ်လည်ရယူသူ မောင်မြိုင်အား တရားဥပဒေအရ အရေးယူပေးပါရန် မြင်းခြံမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားရာ တရားရုံးက ပြစ်မှုကြီးအမှတ် ၁၂၆၇ ဖြင့် လက်ခံရေးဖွင့်ကြားနာစစ်ဆေးခဲ့သည်။ အမှုနှင့်ပတ်သက်၍ တရားခံအနေဖြင့် တရားလိုအား သွေးဆောင်၍ ကာမကို လိမ်လည်လှည့်ဖြားရယူခဲ့ခြင်းရှိမရှိ တရားလို၊ တရားခံနှင့် သက်သေများ၏ ထွက်ဆိုချက်များ၊ တင်ပြသော သက်သေခံ အထောက်အထားများအရ တရားခံ မောင်မြိုင်သည် မ----အား အတည်တကျ လက်ထပ်ပေါင်းသင်းမည်ဟု သွေးဆောင်ပြီး ကာမကိုရယူခဲ့ကြောင်း ထင်ရှားသည်။ ကာမကို ရယူခဲ့ခြင်းကြောင့် မ-----တွင် ကိုယ်ဝန်မရှိခဲ့သော်လည်း မောင်မြိုင်၏ ပြုလုပ်မှုကြောင့် မ-----၏ ကိုယ်၊ စိတ်၊ ဂုဏ်သရေကို ထိခိုက်နစ်နာစေမှုမှာ ထင်ရှားသည်။ ဥပဒေနှင့်မညီသည့် ပြုလုပ်မှု၊ ပျက်ကွက်မှုတိုင်းသည် နစ်နာစေခြင်းဖြစ်ပြီး ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ နစ်နာခြင်း လေးမျိုးရှိကြောင်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄ တွင်ပြဌာန်းထားသည်။ လက်ထပ်မည်ဟုလှည့်ဖြားသဖြင့် ယုံကြည်ပြီး ကာမကိုပေးအပ်ခဲ့သည့် အမျိုးသမီးတစ်ဦးအနေဖြင့် ကိုယ်ဝန်ရရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ်၊ စိတ်၊ ဂုဏ်သရေ နစ်နာခြင်းခံရသည်မှာ ယုံမှားဖွယ်မရှိကြောင်း မောင်သန်းထွန်းနှင့် မခင်နှင်းရီ ၁၉၇၂ မတစ ၂၃ တွင် ထုံးပြုထားသည်ကို တွေ့ရသည်။

ထို့ပြင်နှစ်ဦးသဘောတူ လက်ထပ်ကြောင်း စာချုပ်ကို လက်မှတ်ရေးထိုးကြပြီးနောက် ဘာသာမတူ၊ လက်ထပ်၍မရနိုင်သဖြင့် လင်မယားအဖြစ် အတူပေါင်းသင်းနေထိုင်ဖို့ရန် ငြင်းဆန်ခြင်းသည်လည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ကို ကျူးလွန်ရာရောက်ကြောင်း ၁၉၉၆ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုမြသန်း ၁၃၆ တွင်ထုံးပြုထားသည်ကို လေ့လာသိရှိရသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၅ ပြဌာန်းချက်တွင်လည်း မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား လှည့်ဖြားခြင်းဖြင့် ထိုသို့လှည့်ဖြားခံရသူကား သူတစ်ပါးအား ပစ္စည်းတစ်ခုခုကို ပေးအပ်စေရန်ဖြစ်စေ၊ သူတစ်ပါးထံတွင် ပစ္စည်းတစ်ခုခု ဆက်လက်ထားရှိသည်ကို သဘောတူစေရန်ဖြစ်စေ၊ ထိုသို့လှည့်ဖြားခြင်းခံရသူအား လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်သော်လည်းကောင်း သွေးဆောင်လျှင် (သို့) တစ်ဦးတစ်ယောက်သူအား လှည့်ဖြားခြင်းဖြင့် ထိုသို့လှည့်ဖြားခြင်းခံရသောသူက အကယ်၍ လှည့်ဖြားခြင်းမခံခဲ့ရသော် မိမိပြုမည်မဟုတ်သော (သို့) မိမိပျက်ကွက်မည်မဟုတ်သောအရာကို ပြုစေရန်သော်လည်းကောင်း၊ မပြုဘဲပျက်ကွက်စေရန်သော်လည်းကောင်း၊ ထိုသို့လှည့်ဖြားခြင်းခံရသောသူအား တမင်သွေးဆောင်လျှင်၊ ထို့ပြင် ထိုပြုလုပ်မှုက (သို့) ထိုပျက်ကွက်မှုက ထိုသူ၏ ကိုယ်ကိုဖြစ်စေ၊ စိတ်ကိုဖြစ်စေ၊ ဂုဏ်သရေကိုဖြစ်စေ၊ ပစ္စည်းကို ဖြစ်စေ ပျက်စီးနစ်နာစေခြင်းသော်လည်းကောင်း၊ အန္တရာယ်သော်လည်းကောင်း ဖြစ်စေလျှင် (သို့) ထိုသို့ဖြစ်စေတန်ရာလျှင် ထိုသူသည် လိမ်လည်သည်မည်၏ဟု ပြဌာန်းထားရှိသည်။

ယခုဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူ မောင်မြိုင်သည် မ----အား အတည်တကျ လက်ထပ်ပေါင်းသင်းပါမည်ဟု သွေးဆောင်၍ကာမကိုယ် ရယူပေးအပ်ခဲ့ရသဖြင့် မ. . . တွင် ကိုယ်၊ စိတ်၊ ဂုဏ်သရေညှိုးနွမ်းခဲ့ရကြောင်း ထင်ရှားသည်။

သို့ဖြစ်၍ ပြစ်မှုကျူးလွန်သူ တရားခံမောင်မြိုင် (၂၅ နှစ်) ရွာရှည်ကျေးရွာ ကာတောအုပ်စု မြင်းခြံမြို့နယ်နေသူအား ဖေဖော်ဝါရီ ၁၃ ရက်တွင် မြင်းခြံမြို့နယ် တရားရုံးတော်မှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်အမိန့်ချမှတ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **ငြိမ်းချမ်း(ပြည်)**

ကျိုက်ထိုမြို့တွင် ယာဉ်တိုက်မှုဖြစ်ပွား

မော်လမြိုင် မတ် ၁၉

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဇေယျာမွန်ရပ်ကွက် ကင်မွန်းချောင်း-ကျိုက်ထိုကားလမ်း မိုင်တိုင်အမှတ်၁/၀ နှင့် ၁/၁ အကြားတွင် မတ် ၆ ရက် မွန်းလွဲ ၁ နာရီက ကင်မွန်းချောင်းမှ ကျိုက်ထိုဘက်သို့ အောင်အောင် ၂၅နှစ် မောင်းနှင်သည့် ရိုးရိုးလေးခရီးသည်တင်မှန်လုံယာဉ် အမှတ် ၈ဆ/. . . နှင့် ချစ်စက်တင်ဘာစောဝင်း ၂၀ နှစ် မောင်းနှင်ပြီး နောက်မှ မင်းမင်းစိုး၊ ခင်ဇော်၊ ကိုကိုမောင်တို့ လိုက်ပါလာသည့် ဆိုင်ကယ်(လိုင်စင်အမျိုးအစားစိစစ်ဆဲ)တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ချစ်စက်တင်ဘာစောဝင်း၊ ကိုကိုမောင်၊ မင်းမင်းစိုးနှင့် ခင်ဇော်တို့မှာ ဒဏ်ရာပြင်းထန်သဖြင့် ကျိုက်ထိုဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းများဖြစ်ကြသည့် ချစ်စက်တင်ဘာစောဝင်းနှင့် အောင်အောင်တို့ နှစ်ဦးအပေါ် ကျိုက်ထိုရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။ **တင်ထွဋ်(မော်လမြိုင်)**

တစ်ရွာတည်းသားချင်းအကြောင်းမဲ့ရိုက်နှက်မှုဖြစ်ပွား

ကျိုက်လတ် မတ် ၁၉

ကျိုက်လတ်မြို့နယ် သမန်းစုကျေးရွာနေ ဦးလှငွေ ၅၁ နှစ်သည် မတ် ၄ ရက် ညနေ ၄ နာရီက နေအိမ်သို့ ရွာလမ်းအတိုင်းပြန်လာစဉ် ရွာလမ်းဘေးရှိ ချုံထဲတွင် မြေတူးနေသော တစ်ရွာတည်းနေ သန်းစိန် ၄၆ နှစ်က တူးရွင်းဖြင့် ပြေးရိုက်သဖြင့် လက်ဖြင့်ကာလိုက်ရာ ဝဲတံတောင်ဆစ်ဖူးရောင် ညိုမည်းဒဏ်ရာရရှိခဲ့သည်။ ထိုစဉ် သန်းစိန်နှင့်အတူ မြေတူးနေသော ရှိုင်းကို ၁၆ နှစ်ကလည်း ဝင်ရောက်လုံးထွေးသတ်ပုတ်သဖြင့် ဒဏ်ရာများရရှိသွားသည်။ ထို့ကြောင့် မတ် ၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ဦးလှငွေ၏ တိုင်တန်းချက်အရ ကျိုက်လတ်ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ပုသိမ်လှကြည်)**

ဆိုင်ကယ်တိုက်ပြေးသွားသူ စုံစမ်းရှာဖွေလျက်ရှိ

ပုသိမ် မတ် ၁၉

ဖြစ်စဉ်မှာ မတ် ၅ ရက် ည ၉ နာရီ ၁၅ မိနစ်က ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက် အနော်ရထာလမ်း ဥမ္မာဒန္တီလက်ဖက်ရည်ဆိုင်ရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်သိန်းအေးနှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ တက္ကသိုလ်ဂိတ်ပေါက်မှ အနော်ရထာလမ်းအတိုင်း ရုပ်တုအဝိုင်းဘက်သို့ ယာဉ်မောင်း(အမည်၊ အသက်၊ အဖအမည်)စိစစ်ဆဲ မောင်းနှင်ပြီး နောက်မှ မသန်းသန်းစိုး ၂၃ နှစ် သခွတ်ကွင်း ကျေးရွာနေသူ လိုက်ပါလာသည့် နံပါတ်မရှိ ကန်ဘို 110 အနက်ရောင် ဆိုင်ကယ်သည် နောက်မှဝင်တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် မသန်းသန်းစိုး စိုးရိမ်ဒဏ်ရာရရှိသဖြင့် ပုသိမ်ဆေးရုံသို့ တင်ပို့ကုသထားပြီး ဆိုင်ကယ်မောင်းသူ ထွက်ပြေးတိမ်းရှောင်သွား၍ ပုသိမ်အမှတ်(၂)ရဲစခန်းက စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ပုသိမ်လှကြည်)**

မော်တော်ယာဉ် မီးလောင်မှုသတိပြု

မော်တော်ယာဉ်များ အသုံးပြုရာတွင် ယာဉ်မောင်းနေစဉ်အတွင်း ကားဂက်(စ်)အိုးအပါအဝင် ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ်ဆီထည့်ခြင်း၊ ကာပရိုက်တာဆီလျှံခြင်း၊ ကားခေါင်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန် ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့် ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်အလက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန် မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder) အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်-၂၅၈၊ မြေ၊ အဆောက်အအုံနှင့်ပတ်သက်၍ အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နန်းဝေ ၁၄/မအပ(နိုင်)၂၀၃၀၇၁အမည်ပေါက်မြေနှင့်အဆောက်အအုံဖြစ်သော အမှတ် ၂၅၈၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ (ယခင်ရတနာပုံရုပ်ရှင်ရုံ)ကို လက်ဝယ်ရှိသော ပုဂ္ဂိုလ်များအနေဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ အောက်ဖော်ပြပါဖုန်းနံပါတ်သို့ဖြစ်စေ ဆက်သွယ်အကြောင်းကြားဆောင်ရွက်ပါရန်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါမြေ၊ အဆောက်အအုံနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ ဆက်လက်ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးနွယ်ဦး
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၂၀)
အခန်း ၀၀၄(ဘီ)၊ တိုက်အမှတ် ၉/၁၁၊
(၃၆)လမ်း၊ လမ်းတို (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၆၃၄၄၄၃၊ ၀၉-၇၃၁၃၅၄၅၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် ၃၊ မြေကွက်အမှတ် ၅၀၄-ခ၊ မာန်ပြေ ၁၂လမ်း၊ အိမ်အမှတ် ၅၀၄-ခ ဟုခေါ်တွင်သော (အလျားပေ ၂၀ × အနံပေ ၆၀)၊ ဧရိယာ ၀ ဒသမ ၀၂၇ဧကအကျယ်ရှိ ဦးသူတော်အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးသူတော်ကွယ်လွန်ပြီးနောက် တရားဝင်သားသမီးများဖြစ်ကြသော (၁) ဒေါ်အေးအေးမော် ၁၂/သကတ(နိုင်)၀၃၃၉၄၉၊ (၂) ဦးမြတ်စိုး ၁၂/သကတ(နိုင်)၁၀၈၆၀၆၊ (၃) ဒေါ်မြတ်မြတ်မော် ၁၂/သကတ(နိုင်)၁၀၈၇၉၃၊ (၄) ဦးအောင်စိုး ၁၂/သကတ(နိုင်)၁၀၈၂၉၂၊ (၅) ဒေါ်ရီရီတင် ၁၂/သကတ(နိုင်)၀၈၃၀၉၁တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းနွယ် LL.B
တရားလွှတ်တော်ရှေ့နေ
(စဉ်-၈၃၂၈)

ဒေါ်ခင်မာမာ
B.Econ, H.G.P, R.L1, D.B.L, D.L 101 WIPO (Geneva)
စီးပွားရေးနှင့် ဥပဒေဆိုင်ရာအတိုင်ပင်ခံရှေ့နေ

အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၁၂၅၇၁၊ ၀၉-၇၃၀၃၅၆၅၈

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးကောင်းမြတ်သန်း+၁	၁၂/ပဇတ(ပြု)၀၀၀၁၉၄	ဒေါပုံ	၇	၂၀၉	ဦးခင်မောင်အေး	၂၀၉၊ ဆိပ်ကမ်းသာလမ်း၊ ပုသိမ်မြေရပ်ကွက်	အမည်ပြောင်း
၂။	ဦးလှဦး+၁	၁၂/ဒလန(နိုင်)၀၁၆၈၀၈	ဒဂုံအရှေ့	၆	၁၁၄၁	ဦးကျင်ငွေး	၁၁၄၁၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၃။	ဒေါ်ခင်စီ	၁၂/သဃက(နိုင်)၀၆၁၃၉၈၃	သဃ်န်းကျွန်း	ရန်ကုန်သစ်	၁၅၇	ဦးရန်နိုင်	၃၅၇၊ အောင်ဇေယျ(၆)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်	မြေပုံကူး
၄။	ဒေါ် မြတ်ဆုကြည်	၁၂/ဥကတ(နိုင်)၀၀၉၀၅၄	တောင်ဥက္ကလာ	၆	၂၆၆/ခ	ဦးချစ်ငွေ	၂၆၆/ခ၊ အင်းဝ(၃)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၅။	ဒေါ်လင့်ရီ(ခ)ရီရီထွန်း	၁/မကတ(နိုင်)၀၇၀၄၂၈	မြောက်ဥက္ကလာ	၁၃/ရွှေပေါက်ကံ	၁၃၇	ဦးသန်းထွန်းဦး	၁၃၇၊ မိုးကုတ်လမ်း၊ ၁၃/ရွှေပေါက်ကံ	အမည်ပြောင်း
၆။	ဒေါ်ခင်စောယုဝင်း	၁၂/သဃက(နိုင်)၀၄၅၅၆၇	မရမ်းကုန်း	၂၇(သမိုင်း)	၂/က ၁/၄·A	ဦးကျော်သန်းစိုး+၁	၂၇၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်း	အမည်ပြောင်း
၇။	ဒေါ်ထွေးသိန်း	၁၂/ဥကတ(နိုင်)၀၃၇၀၅၈	ဒဂုံအရှေ့	၄	၁၂၁၅	ဒေါ်မြင့်မြင့်	၁၂၁၅၊ ယောမင်းကြီး(၂)လမ်း၊ (၄)ရပ်ကွက်၊ ဒဂုံအရှေ့	အမည်ပြောင်း
၈။	ဦးဇော်ဝင်း+၁	၁၂/သဃက(နိုင်)၀၅၈၉၄၄	သဃ်န်းကျွန်း	ကြီးပွားရေး(မြောက်)	၃၂၃/ခ	ဦးဇော်ဝင်း	၃၂၃/ခ၊ ရှင်စောပုလမ်း၊ သဃ်န်းကျွန်း	ဂရန်သစ်
၉။	ဒေါ်အေးမြယမုံ	၇/ညလပ(နိုင်)၁၃၇၇၃၅၂	ဒေါပုံ	၈	၃၅၁	ဒေါ်ငွေးကြည်	၆၁၊ မဏ္ဍိုင်လမ်း၊ ဝါးဆိုရပ်ကွက်	အမည်ပြောင်း
၁၀။	ဦးကြင်စိန်(ခ)ချန်စုကွီ	၁၂/ဒဂတ(နိုင်)၀၂၇၅၇၇	ဒဂုံတောင်	၅၇	၁၅၄၇	ဦးကျင်စိန်	၁၅၄၇၊ လှော်ကားလမ်း၊ (၅၇)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၁၁။	ဘီးလစ်-ဒေါ်ထုံ	၁၂/လမန(နိုင်)၀၂၉၆၃၃	ရွှေပြည်သာ	၁၅	၉၀	ဒေါ်ခင်ဦးမြင့်	၁၉၃၂၊ မဟာဗန္ဓုလလမ်း၊ (ဏ/၁၄)ရပ်ကွက်၊ ရွှေပြည်သာ	မြေပုံကူး
၁၂။	ဦးမင်းမော်ဦး+၁	၈/မဘန(နိုင်)၀၀၀၂၁၇	သဃ်န်းကျွန်း	ဇဝန	၂၈၀	ဦးခါဂျာသော(စ်)	၂၊ သီရိဇေယျာလမ်း၊ သဃ်န်းကျွန်း	ဂရန်သစ်
၁၃။	ဒေါ်နန်းခမ်းစိန်	၁/ကမန(နိုင်)၀၁၅၅၀၅	ဒဂုံမြောက်	၄၂	၃၂၉	ဦးတင်မြင့်	၃၂၉၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၄။	ဒေါ်ယဉ်ဝင်းသွယ်+၁	၁၀/သထန(နိုင်)၀၀၀၀၉၃	တောင်ဥက္ကလာ	၄	၇၂၃/ခ	ဦးအောင်လွင်	၇၂၃/ခ၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၅။	ဒေါ်အေးအေးမြင့်	၁၂/ဥကတ(နိုင်)၀၃၀၅၃၄	တောင်ဥက္ကလာ	၁၃	၂၉၆	ဦးဖေကြည်	၂၉၆၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၆။	ဒေါ်မြင့်မြင့်သန်း	၁၂/ဥကတ(နိုင်)၁၀၃၁၆၅	ဒဂုံအရှေ့	၁၃၇	၁၂ ၆၁-၉၁/A	ဒေါ် မြင့်မြင့်သန်း	၁၂၊ (၁၃၇)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၇။	ဒေါ်ခင်ကြည်+၂	၁၂/ကမရ(နိုင်)၀၃၃၀၉၄	ရန်ကင်း	၃၃/ကံဘဲ့		ဦးသာဒင်+၁	၄၂၃၊ အောင်ဇေယျလမ်း၊ (၁၃)ရပ်ကွက်	အမည်ပြောင်း
၁၈။	ဒေါ်နွယ်နွယ်ဝင်း	၉/မနမ(နိုင်)၀၀၁၅၀၉	ဒဂုံမြောက်	၄၄	၃၆၉	ဦးထွန်း	၃၆၉၊ (၄၄)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၁၉။	ဒေါ်ကြည်ကြည်လှ	၁၂/ရကန(နိုင်)၀၀၅၆၈၀	ဒဂုံအရှေ့	၅	၁၀၅၇	ဦးသိန်းလွင်	၁၀၅၇၊ (၅)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၂၀။	ဦးစံအောင်	၁၂/လမန(နိုင်)၀၂၈၀၆၂	လှိုင်	၂၀/က+ခ	၅၇၆	ဦးဘုန်းကျော်	၈၇၊ မာလာမြိုင်(၄)လမ်း၊ လှိုင်	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

20-3-2013 (B).pmd 1 3/18/2013, 9:00 PM

ကြော်ငြာ

MAHATHARAPHU PRIVATE SCHOOL MTPS since1985 ၅တန်းမှ၁၀တန်းထိ

အထူးသက်သာသောဈေးနှုန်း အကောင်းဆုံးပညာရေးဝန်ဆောင်မှုတွေနဲ့ ဒဂုံမြို့သစ်မြောက်ပိုင်း ၏

မဟာသရဖူ

အတတ်သင်ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် တန်းမြင့်ဘော်ဒါ

ဆရာကြီးဦးကျော်ဟိုး (ညွှန်ကြားရေးမှူး–ပညာ)(ငြိမ်း) ဦးစီးနာယကကြီးအဖြစ်တာဝန်ယူ၍ ဆရာကြီး ဒေါက်တာစောလှမြင့် (အငြိမ်းစား ဓာတုဗေဒပါမောက္ခ) နှင့် ဦးမျိုးဆန်းမြင့် (သချာ်) တို့...ကြီးကြပ်အုပ်ချုပ်ပြီး Ph.D, M.A, M.Sc, M.Ed, B.Ed, UFL ဘွဲ့ရ ဝါရင့်ပညာရှင် ဆရာ/ဆရာမများဖြင့် စနစ်တကျ ဖွဲ့စည်းသင်ကြားသည့် **စာသင်ကျောင်း**

ဆရာမကြီးဒေါ်လှနွယ်(ပညာရေးမှူး–ငြိမ်း) နှင့် ဒေါ်ခင်ခင်ဖြူအောင် (မဟာဝိဇ္ဇာ–မြန်မာစာ) တို့က စည်းစနစ်ကြီးစွာဖြင့် မိန်းကလေး ဘော်ဒါဆောင်ကို အနီးကပ်ကြီးကြပ်အုပ်ချုပ်သည်။

စုံစမ်းအပ်နှံနိုင်ပြီ။ တစ်တန်းလျှင်(၃၀)ဦးစီသာလက်ခံမည်။ ကျောင်းကားရှိသည်။

အမှတ်(၆)(A/B)၊ ပင်လုံလမ်းမကြီး၊(၂၉)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။(မန္တလေးလမ်းမှတ်တိုင်အနီး) 09-450030091 09-420136388

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၃၄၊ ဧရိယာ ၀ ဒသမ ၀၉၈ ဧကရှိ ဦးတင်မြင့်အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်ဖြူဖြူအေး ၉/ပမန(နိုင်)၁၈၃၂၃၄ (ဘ)ဦးသိန်းလွင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

FAME **BeePollen**
Nutritional supplement
ပျားဝတ်မှုန်ဆေး
0213 Y 010182
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၃)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **SawPalmetto**
5α-reductase inhibitor
ဆီးကျိတ်ရောဂါဆေး
TMR 007343 (1213)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇ဘီ၊ မြေကွက်အမှတ် ၁၄၃၊ မြေကွက်တည်နေရာအမှတ် ၂၅၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးမောင်ငွေ၊ ဦးဝင်းမြင့်၊ ဒေါ်မော်မော်ဦးအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမောင်ငွေနှင့် ၎င်း၏ဇနီးဒေါ်ကြည် ကွယ်လွန်သဖြင့် (၁)ဦးမြင့်ဆွေ ၁၂/မဂတ(နိုင်)၀၀၄၅၃၂၊ (၂)ဒေါ်အေးအေးဝင်း ၁၂/မဂတ(နိုင်)၀၀၅၅၂၈၊ (၃)ဒေါ်လှလှဝင်း ၁၂/မဂတ(နိုင်)၀၃၈၉၆၁၊ (၄)ဒေါ်တင်မျိုးသူ ၁၂/မဂတ(နိုင်)၀၀၀၀၉၀တို့မှလည်းကောင်း၊ အမည်ပေါက်တစ်ဦး ဒေါ်မော်မော်ဦးကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦး ဦးဝင်းမြင့် ၁၂/သခန(နိုင်)၀၄၅၈၅၄မှလည်းကောင်း သားသမီးများနှင့်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သနိုးစင်ပြီး/အရောက်ပို့
ပွဲတော်အုပ်
ဖျာပုံပေါ်ဆန်းမွှေး - 26000 Ks
ပုသိမ်ပေါ်ဆန်းမွှေး - 28000 Ks
ဆင်းသွယ်(အဟောင်း) - 22000 Ks
01512443
0973017656

ဖခင်အမည်မှန်

သိန်းနီမြို့နယ်၊ ကောင်းကော်ကျေးရွာ အုပ်စု မနန်းရွှေဟန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်အရ ဦးအိုက်ထွန်းဖြစ်ပါသည်။

ဦးအိုက်ထွန်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၄၃၃၊ ဧရိယာ ပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၁၄၃၃ ဟုခေါ်တွင်သည့်မြေကွက်နှင့် နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးတင်ဌေး ISN-၀၆၃၁၀၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအောင်ဘော် (လိုင်စင်–၄၀၃၅)
LL.B, DBL, DML, DIL, DLP,WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်–၅၈၂၇)
B.Sc, Hon(IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉–၅၀၁၇၀၄၄၊ ၀၉–၇၃၁၀၇၀၉၄

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆(ဒီ)၊ မြေကွက်အမှတ် (၈၈အီး/၁)နှင့် မြေတိုင်းရပ်ကွက် ၃၆(အီး)၊ မြေကွက်အမှတ် (၈၇/ဘီ)တို့၏ တစ်စိတ်တစ်ဒေသ၊ မြေကွက် တည်နေရာအမှတ် (၉၇/A)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ် ဦးလူဖေဝင်းအမည်ပေါက်(မြေပိုင်) မြေအား အမည်ပေါက်ဦးလူဖေဝင်း၏သားသမီးများဖြစ်သော ဒေါက်တာခင်မြဝင်း၊ ဒေါ်တင်တင်အေး(ခ)ဒေါ်တင်တင်ဝင်းတို့က ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၂၄၅/၁၉၉၈ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွက်ဟဒီကရီရရှိခဲ့ပြီးဖြစ်၍ ဒေါက်တာခင်မြဝင်းထံမှ အထူးကိုယ်စားလှယ်လွှဲစာ ၁၁၉၃/(၄–၇–၂၀၁၂)ဖြင့်ရရှိသူ ဒေါ်မြင့်မြင့်သန်း ၁၂/ပဘတ(နိုင်) ၀၂၁၉၉၃ နှင့် ဒေါ်တင်တင်ဝင်း(ခ)တင်တင်အေး ၁၂/လသန(နိုင်)၀၀၉၂၀၉တို့မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၁၈၆/၂၀၁၂ ဖြင့် ပြေငြိမ်းဒီကရီတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၇၇၊ မြေကွက်တည်နေရာ အမှတ် ၁၇၇၊ ၂လမ်း၊ ယမုံနာ (၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်စိန်ရင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်စိန်ရင်(မိခင်)၊ ဦးတင်အေး(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးတင်အုန်း ၁၂/ဒပန(နိုင်)၀၁၇၀၄၁၊ ဒေါ်ခင်ကျွေကျွေ ၁၂/ဒပန(နိုင်)၀၁၇၀၄၀၊ ဦးသန်းဌေး ၁၂/ဒပန(နိုင်) ၀၁၇၂၃၉၊ ဒေါ်မေဇင်ဖြိုးငြိမ်း ၁၂/ဒပန(နိုင်)၀၅၄၉၆၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ ၎င်းတို့ထံမှ G.P ၁၉၇၀၆ နှင့် ၁၉၇၀၇ ရရှိသူ ဦးအီစွပ် ၁၂/မဂတ(နိုင်)၁၀၃၃၂၃ က ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်အပိုင်း(၁/၂)အတွင်းပါဝင်သော လယ်မြေများအား ကရဏာကြေးပေးအပ်လျက်ရှိရာ ယခင်သာစုကန်ကျေးရွာ၊ ကွင်းအမှတ် ၅၅၃၊ ဦးပိုင်အမှတ် ၂၄ရှိ ဦးအေးမောင်အမည်ပေါက် လယ်ခွန်ပြေစာ ထွက်ရှိထားသည့် လယ်ဧက ၈ ဒသမ ၈၄ ဧကအား ဦးအေးမောင်မှအစဉ်အဆက်လုပ်ကိုင်ခဲ့သူဖြစ်ကြောင်းနှင့် ဦးအေးမောင်ကွယ်လွန်ချိန် တွင် ဦးအေးမောင်၏အမွေဆက်ခံခွင့်ရှိသော တူမတော်စပ်သူ ဒေါ်အေးမေ ၁၂/ရပသ(နိုင်) ၀၁၉၀၈၁ နှင့် မြေးတော်စပ်သူ ဒေါ်ယဉ်လှ ၁၂/ရပသ(နိုင်)၀၁၁၂၀၃တို့မှ ကရဏာကြေး ပေးအပ်ရန် တင်ပြလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကရဏာကြေးပေးအပ်ခြင်းအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မာလွင် LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၅၂)
အမှတ် ၂၂၂၊ စပါယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ဖုန်း–၀၉–၅၁၈၉၆၈၉၊ ၀၉–၇၃၀၆၂၀၈၇

အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ပတ်တန်းကြီးကျေးရွာနေ ဦးမျိုးမြင့်(ခ)အကောက် ၇/မလန(နိုင်)၀၀၅၄၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမြင့်သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ဦးအောင်မင်းလမ်းသွယ်၊ အမှတ် ၆၀နေ ကွယ်လွန်သူ ဦးတင်ရွှေ၏ တစ်ဦးတည်း သောသားဖြစ်ပါသည်။ ဦးမျိုးမြင့်သည် ကွယ်လွန်သူ ဦးတင်ရွှေနှင့် ပထမဇနီး ဒေါ်ရွှေမှန်တို့က မွေးဖွားခဲ့သည့်သားဖြစ်ပါသည်။ ဦးတင်ရွှေသည် ဒေါ်ရွှေမှန်နှင့် ပေါင်းသင်းနေစဉ် ၁၉၅၀ခုနှစ် ခန့်က ရန်ကုန်မြို့သို့ စီးပွားရေးအရ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ စီးပွားရေးအခြေတကျဖြစ်လာ သည့်အခါ သားဖြစ်သူ မောင်မျိုးမြင့်နှင့် ဇနီးဒေါ်ရွှေမှန်တို့အား ရန်ကုန်သို့ပြောင်းရွှေ့ရန် စီစဉ်ခဲ့သော်လည်း ဒေါ်ရွှေမှန်က မင်းလှမြို့နယ်၊ ဇာတိရွာဖြစ်သော ပတ်တန်းကြီးကျေးရွာ၌ မိဘရိုးရာ လယ်ယာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရင်း နေထိုင်ခဲ့၍ သားဖြစ်သူ မောင်မျိုးမြင့်က ဖခင်ဖြစ်သူ ဦးတင်ရွှေနေထိုင်ရာ မရမ်းကုန်းမြို့နယ်၊ သမိုင်းကရင်ခြံသို့လိုက်ပါလာပြီး ဖခင်နှင့် အတူတကွ နေထိုင်လာခဲ့ပါသည်။ ဦးတင်ရွှေ၏ပထမဇနီး ဒေါ်ရွှေမှန်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းကရင်ခြံနှင့် မင်းလှမြို့နယ်၊ ပတ်တန်းကြီးကျေးရွာ (ဇာတိရွာ)တို့ကို သွားချီလာလှည့်လုပ်၍ ဇာတိရွာတွင် မိသားစုစီးပွားရေးများဖြင့် နေထိုင်လာခဲ့ပါ သည်။ ထိုသို့နေထိုင်ရင်း ဦးတင်ရွှေသည် ဒုတိယဇနီး ဒေါ်ခင်စန်းဆိုသူနှင့် လက်ထပ်ပေါင်းသင်း ခဲ့ပါသည်။ ဦးတင်ရွှေနှင့် ဒုတိယဇနီး ဒေါ်ခင်စန်းတို့ပေါင်းသင်းလာခဲ့စဉ်တွင် သားသမီးတစ်ဦးမျှ မထွန်းကားခဲ့ပါ။ ဦးတင်ရွှေ၏ပထမဇနီး ဒေါ်ရွှေမှန်သည် ၁၉၈၉ ခုနှစ်တွင်ကွယ်လွန်ခဲ့၍ ဒုတိယဇနီးဒေါ်ခင်စန်းသည် ၁၉၈၇ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ ထို့နောက် ဦးတင်ရွှေသည် တတိယဇနီးဒေါ်ခင်ရွှေနှင့် ထပ်မံ၍လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ထိုသို့ တတိယဇနီးဒေါ်ခင်ရွှေ နှင့် ပေါင်းသင်းနေထိုင်လာခဲ့စဉ် ဇနီးဘက်မှ သားသမီးသုံးဦး ပါလာခဲ့ပါသည်။ ဦးတင်ရွှေနှင့် တတိယဇနီးတို့ပေါင်းသင်းခဲ့စဉ် သားသမီးတစ်ဦးမျှ ထွန်းကားခဲ့ခြင်းမရှိပါ။

ဦးတင်ရွှေသည် ၁၁–၂–၂၀၁၃ရက်က ကွယ်လွန်ခဲ့ပါသည်။ ဦးတင်ရွှေကွယ်လွန်ချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးအောင်မင်းလမ်းသွယ်၊ အမှတ် ၆၀ဟုခေါ်တွင်သောနေအိမ်အဆောက်အအုံနှင့် တစ်ရပ်တည်း ဦးဘအိုလမ်း၊ အမှတ် ၁၂ ဟု ခေါ်တွင်သော သစ်စက်ခြံဝင်းမြေနှင့် မြေပေါ်ရှိ ဂိုဒေါင်တန်းလျားအဆောက်အအုံများ ကျန်ရစ် ပါသည်။ ယင်းပစ္စည်းရပ်များသည် ဦးတင်ရွှေ၏ အထက်အိမ်ထောင်များလက်ထက်က ပါရှိလာ သည့် အထက်ပါပစ္စည်းများဖြစ်ပါသည်။ သို့ဖြစ်၍ ကွယ်လွန်သူ ဦးတင်ရွှေကျန်ရစ်ခဲ့သော ဖော်ပြပါပစ္စည်းများသည် ကျွန်ုပ်မိတ်ဆွေ ဦးမျိုးမြင့်နှင့် ကွယ်လွန်သူ ဦးတင်ရွှေ၏တတိယဇနီး ဒေါ်ခင်ရွှေတို့က အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် ပစ္စည်းရပ်များဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပစ္စည်းရပ်များကို ကျွန်ုပ်အမှုသည် ဦးမျိုးမြင့်၏ သဘောတူခွင့်ပြုချက် မရရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်း နှင့် အခြားနည်းလွှဲပြောင်းရောင်းချခြင်းတို့ လုံးဝမပြုလုပ်ရန် အများသိစေရန် သတိပေးတားမြစ် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးစိုးမောင် (မရမ်းကုန်း)
B.A., H.G.P., R.L., D.B.L., D.M.L., D.I.L., D.A.Psy.
တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၁၄)

ဦးဇော်အောင်စိုး	**ဦးအောင်ကျော်မြင့်**	**ဦးအောင်သူစိုး**
LL.B., C.B.L., D.B.L.,D.I.L	**B.Sc Engg (EC), LL.B**	**B.Sc Engg (EC), LL.B**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်–၃၁၅၂၀)	**(စဉ်–၃၈၃၇၁)**	**(စဉ်–၃၉၂၇၁)**

သင်္ဂဟ (အထွေထွေအကျိုးဆောင်)
အမှတ် ၁၆(ခ)၊ ပထမထပ် A-1၊ အထက်ဗဟိုလမ်း (ယခင်ဦးဘဟန်လမ်း)၊
(၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း–၆၆၆၉၃၄၊ ၀၉–၇၃၂၀၄၈၃၄၊ ၀၉–၅၄၀၃၁၈၃၊ ၀၉–၄၂၀၁၀၅၁၈၁၊ ၀၉–၇၃၁၈၆၈၁၄

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ၁၅၀ ရပ်ကွက်၊ မြေကွက်အမှတ် ၁၁၂၆၊ မြေပေ(၄၀×၆၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တရားဝင်ပိုင်ရောင်းချခွင့်ရှိသူ ဦးတင်ဦး TRY –၀၃၈၄၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်ဝင်း ၁၂/ဥကတ(နိုင်)၁၃၅၁၉၉ က ဝယ်ယူရန် အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက် အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ကျွန်ုပ်နို့တစ်စာထုတ်သည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်း အဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဇော်မျိုးထက် LL.B
အထက်တန်းရှေ့နေ (စဉ်–၂၉၁၉၁)
အမှတ် ၄၀၅/ခ၊ အောင်သိဒ္ဓိ(၄)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဖုန်း–၀၉–၄၂၀၀၈၇၁၇၇

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူလေးခင်(ခ)ဒေါ်ခင်လှဌေး ၁၂/ကမတ(နိုင်)၀၃၄၈၇၄၏ လွှဲအပ် ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လှိုင်သီရိ ၁လမ်း၊ လူနေရပ်ကွက် အမှတ် ၃၁၊ မြေကွက်အမှတ် ၇၃၂၊ အကျယ်အဝန်းပေ (၄၂×၆၀)ရှိ အိမ်နှင့်မြေအား အမည်ပေါက် ပိုင်ရှင် ဒေါ်သီတာကျော် ၇/ကဝန(နိုင်)၀၉၂၂၃၁ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးလင်းဘုန်းမြတ်
အထက်တန်းရှေ့နေ (စဉ်–၃၇၈၀၅)
ဖုန်း–၀၉–၄၂၈၁၆၃၀၂၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန် ၂၊ M(1) C(9) နှင့် C (10) ကြားလမ်းပေါ်ရှိ အကွက်အမှတ် ၅၁၈နှင့် ၄၅၂ဟုခေါ်တွင်သော (၂)ယူနစ်မြေကွက် အား မူလပိုင်ရှင် ဦးလှ ၁၂/တမန(နိုင်)၀၁၁၇၁၈ထံမှ ကျွန်မဒေါ်ဝင်းမြင့် ၁၃/နခန(နိုင်)၀၃၃၁၈၆ သည် ၂၀၀၅ခုနှစ် ဇွန် ၁၁ရက်တွင် အပြီးအပိုင် လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါသည်။ ယခု အခါ မူလပိုင်ရှင်ဦးလှအမည်မှ ဒေါ်ဝင်းမြင့်အမည်သို့ပြောင်းလဲလျှောက်ထားရန် သက်ဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ဤကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းမြင့်
၁၃/နခန(နိုင်)၀၃၃၁၈၆
အမှတ် ၁၁၂၆၊ ဇောတိက ၁ လမ်း၊ (၁၆/၄)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ဖုန်း–၀၉–၄၃၁၇၅၂၂၂

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာများနှင့် ဌာနမှယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းအား မူလနေထိုင်သူ ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးတင်မောင်ဝင်း(C-L-၀၃) တော်ဝင်မြန်မာဆောက်လုပ်ရေး(မှ) ဦးရင်မြင့်မောင် ၉/မရမ(နိုင်)၀၄၆၅၄၄ ဒေါ်ရင်မြင့်မော် ၉/မရမ(နိုင်)၀၅၃၇၇၉ ဒေါ်ရင်မြင့်လေး ၉/မရမ(နိုင်)၀၅၃၈၃၃ ဦးရင်မြင့်ဇော် ၉/မရမ(နိုင်)၀၅၈၄၉၄ ဒေါ်ရင်မြင့်ထွေး ၉/မရမ(နိုင်)၀၅၃၇၃၀(မှ)	ဒေါ်သီဂီလင်း ၁၂/ဗဟန(နိုင်)၀၈၆၉၈၀	အမှတ်(၂၆၀/၂၆၂)၊ အခန်း(၁) မြေညီ၊ လမ်း၄၀၊ ကျောက်တံတား
၂။	ဦးတင်မောင်ဝင်း(C-L-၀၃) တော်ဝင်မြန်မာဆောက်လုပ်ရေး(မှ) ဦးစိုးလှိုင် ၁၀/သထန(နိုင်)၀၉၉၄၆၅(မှ)	ဒေါ်ဆွေဆွေဝင်း ၁၂/ကတတ(ပြု)၀၀၀၁၀၂	အမှတ်၁၀၈/၁၁၀၊ အခန်းလေးလွှာ၊ ယာ၊ ၃၇လမ်း၊ကျောက်တံတား
၃။	ဒေါ်မြင့်မြင့်ခင် ၁၂/မဂတ(နိုင်)၀၆၃၅၀၂(မှ) ဒေါ်အေးအေးမော် KLO - ၀၇၅၇၉၁(မှ)	ဒေါ်စန်းမြင့် ၁၂/ကမတ(နိုင်)၀၅၁၀၃၂ ဒေါ်ဝင်းနီလာ ၁၂/ကမတ(နိုင်)၀၀၁၈၉၉	တိုက်အခန်းအမှတ် ၇-အေ၊ တတိယထပ်၊ အနော်ရထာအိမ်ရာ၊ ကမာရွတ်။
၄။	ကန်ထရိုက်တာဦးစံနီသွင် ဒေါ်လှမြင့် ၁၂/လမတ(နိုင်)၀၀၅၂၅၁ ပင်လုံထိပ်ထားဆောက်လုပ်ရေး(မှ) ဦးသက်နိုင်ဝင်း ၁၂/ကတတ(နိုင်)၀၂၂၂၉၃(မှ)	ဒေါ်စန်းစန်းဝင်း ၁၂/သကတ(နိုင်)၀၃၃၁၄၄	အမှတ် ၉၇/၁၀၃၊ အခန်း၈၀၈ ရှစ်လွှာ၊ အနော်ရထာလမ်း၊ ပုဇွန်တောင်
၅။	ဦးလှခင်(မူလနေထိုင်သူ) MDW-၂၄၇၄၅၅(မှ) ဒိလ်မာမတ် MDW-၀၃၇၇၈၁(မှ)	ဒေါ်စန်းမြင့် ၁၂/ပဘတ(နိုင်)၀၀၀၈၃၆	အမှတ် ၁၂၈/၁၃၀၊ပထမထပ်(ယာ) မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်
၆။	ကန်ထရိုက်တာဦးဘခင် ၁၂/မဂတ(နိုင်)၀၇၉၉၅၄(မှ) ဒေါ်ဟာလီမာဘီ ၁၂/ပဇတ(နိုင်)၀၁၆၁၁၆(မှ)	ဦးမူဂူကား ၁၀/မလမ(နိုင်)၂၃၅၅၇၉	အမှတ် ၁၂၁/၁၂၃၊ ဂုလ္လာဘီ(ယာ) ဗညားဒလလမ်း၊မင်္ဂလာတောင်ညွန့်
၇။	ဦးချစ်(မူလနေထိုင်သူ) ၁၂/လသန(ညှော်)၀၀၁၁၇၆(မှ)	ဦးဇော်ဝင်းသန်း(ခ)ယိုကင်ဝ့က် ၁၂/လသန(နိုင်)၀၁၆၄၃၂	အမှတ်၁၁၀/၁၁၈၊ အခန်း(၂)မြေညီ ၂၂လမ်း၊ လသာ။
၈။	ဦးစန်းမောင်(LC-၁၁၃) ၁၂/ပဇတ(နိုင်)၀၁၂၅၉၄(မှ)	ဦးထွန်းထွန်းဦး ၁၄/ပသန(နိုင်)၀၀၆၃၄၉	အမှတ်(၁၁၀/၁၁၈)၊အခန်းဂုလ္လာ ယာ(အစွန်)၊ ၂၂လမ်း၊ လသာ
၉။	ကန်ထရိုက်တာဦးထူးအောင် (ဝင်းထူးအောင်ဆောက်လုပ်ရေး)(မှ)	ဦးမောင်အေး ၁၂/တတန(နိုင်)၀၀၃၇၈၆	အမှတ် ၁၉၊ အခန်း ၈/H ၅၅လမ်း၊ ပုဇွန်တောင်
၁၀။	ဦးမျိုးသိန်း ၁၂/ပဘတ(နိုင်)၀၂၄၈၃(မှ)	ဦးဝင်းမော်လွင် ၁၄/ပသန(နိုင်)၀၀၀၈၅၉	အမှတ်၁၇၃/၁၇၉၊ အခန်း၁၆ ၃၈လမ်း၊ ကျောက်တံတား
၁၁။	ဒေါ်ကေသီဝင်း ၁၂/ကမတ(နိုင်)၀၃၇၈၆၅(မှ) ဦးဝင်းထွန်း ၇/ရတန(နိုင်)၀၁၅၈၃၃(မှ)	ဒေါ်မေထူးအောင် ၇/ရတန(နိုင်)၁၀၄၀၇၄	အမှတ် ၁၃၊ အခန်းအမှတ် ၂၀၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကြော်ငြာ

ရွှေမိမာန်
အားတိုးဆေး

ကျားမတို့၏သဘာဝအား
ကိုတိုးပွားစေပြီးစားကောင်း
အိပ်ပျော်လျက်ပိန်သူဝစေ
၍၊ဝသူများအတွက်သွေး
တိုး၊လေငန်းရောဂါများ
ကိုကာကွယ်စေပါသည်။
ဆေးဆိုင်တိုင်းမှာ မေးဝယ်ပါ။
0311 YR 003633

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၅/က၊ မြေကွက်တည်နေရာအမှတ် ၅/က၊ လမ်းသစ်လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဦးမောင်စိန် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်စိန် (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်စန်းအေး ၁၂/သကတ(နိုင်)၁၁၈၀၄၅က သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၃-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(ဃ) ကန့်ကွက်ရန်ကြော်ငြာ၌ ကျောက်တန်းမြို့နယ်၊ မြင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၃၈၆) အမည်ပေါက် ဒေါ်မြင့်သန်း၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးသန်းထွန်း ၁၂/လသန (နိုင်)၀၇၀၈၆၁ အစား ၁၂/လသန (နိုင်)၀၀၇၆၂၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာအုပ်စာပေ လူ့မိတ်ဆွေ

အားသစ်

နေ့စားလပေးမူလတန်းပြဆရာ၊ဆရာမ
ဓာတ်ခွဲကျွမ်းကျင်(၃)ဝင်ခွင့်များ
မတ်လ၂၃ရက်(စနေနေ့)စမည်။
တန်းခွဲ(A)Daily 7:30(am) မှ 9:00(am) ထိ
တန်းခွဲ(B)Daily 9:00(am) မှ12:00(am) ထိ
စာအုပ်ထွက်ပြီ
၁၄၈(၄လွှာ) ဆိပ်ကမ်းသာလမ်း(အောက်)၊ ပန်းဆိုးတန်းမှတ်တိုင်
09 500 1599, 09 8632973, 09 450017415

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်(C)၊ အခန်း၁၀၀၁ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ငွေငွေကြည်ထံမှ စာချုပ်စာတမ်းများဖြင့်ဝယ်ယူထားသူ ဒေါ်သင်းသင်းခိုင် ၆/သရခ(နိုင်)၀၁၈၈၃၁က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်၂၁၊ ရှမ်းစုလှိုင်၊ ဦးပိုင်အမှတ် ၁၄၊ ဧရိယာ ၀.၁၁မ၁၄၅ဧကရှိ ဘိုးဘပိုင် ဂရန်အမှတ် F No. 469 D/24-8-63 မြေကွက်အနက် မြေပုံပေါ်တွင် (A)အမှတ်ပြ ဧရိယာ ၀.၁၁မ၀၇၂ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အပါအဝင် မော်လမြိုင်မြို့၊ မှတ်ပုံတင်စာချုပ်အမှတ် ၂၀/၂၀၀၄ အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅/၂၀၁၀ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညို ၁၀/မလမ(နိုင်)၀၇၁၃၈၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်သူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြင့်မြင့်မော် (LL.B) ဒေါ်ဖြိုးစုဝေ(LL.B)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
စဉ်-၄၄၃၈(၁၃-၁-၈၈) စဉ်-၈၀၅၅(၆-၃-၂၀၁၂)

အမှတ်(၆)၊ကျိုက်ဖနဲဘုရားအနီး၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့၊
ဖုန်း-၀၅၇-၂၆၃၀၉၊ ၀၉-၄၂၅၂၉၄၆၉၅

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးသာဦး	၁၂/မရက (နိုင်) ၀၁၈၃၂၃	၄/၁၁၈၊ အောင်မင်္ဂလာကျောင်းလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဦးမိုးသီး + ၁	၁၂/သကတ(နိုင်) ၁၀၇၈၆၉	၁၂၉၅၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဒေါ်ဥမ္မာ	၁၂/လမန (နိုင်) ၀၉၈၉၃၇	၃၄၂၊ ၂-လမ်းတောင်လမ်း၊ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်	၂-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဦးစောအောင်ဝင်း	၁၄/ဒဒရ (နိုင်) ၀၇၉၅၂၃	၇၆/၇၇၊ ဗိုလ်ချိန် (၈)လမ်း၊ (၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)	၂-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဦးမောင်မောင်တင့်	၁၃/ရစန (နိုင်) ၀၁၁၁၈၅	၅၄၀၊ ဥယျာဉ်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဦးရဲမြင့်နိုင် (ခ) ဦးရဲမြင့်	၅/စကန (နိုင်) ၀၂၆၇၆၄	၇/၃၃၄၊ ဝင်းသော်တာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဒေါ်အေးအေးသောင်း + ၂	၁၂/ကတတ(နိုင်) ၀၁၁၁၉၂	၆၆/၆၇၊ မေတ္တာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဦးသန်းအုန်း	၁၂/လမန (နိုင်) ၀၄၃၂၁၄	၂၂၅၊ အောင်မေတ္တာ ၄-လမ်း၊ (၁)ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဒေါ်ပပဝင်း	၁၂/မရက (နိုင်) ၁၁၇၁၃၈	၁၉၊ ဦးဟိန်စွန်းလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်-(အရှေ့ပိုင်း)	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဒေါ်ပြုံးရီ + ဒေါ်ဝင်းဝင်းမာ	၁၂/စခန (နိုင်) ၀၃၉၃၂၆	၁၅၊ ရန်ကင်းလမ်း၊ မုန့်/မြောက်ရပ်ကွက်၊ စမ်းချောင်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဦးခင်သောင်းစိုး	၁၂/လမန (နိုင်) ၁၁၇၈၉၀	၅၀၊ သီရိမြိုင် ၈-လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဒေါ်မြင့်မြင့်ဝေ	၁၂/ရပသ (နိုင်) ၀၁၇၆၅၂	၁၇၈/ခ၊ ဘုရင့်နောင်လမ်း၊ (၆)ရပ်ကွက်၊ ရွှေပြည်သာ	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဦးဝင်းကြည်	၁၂/လမန (နိုင်) ၀၂၂၃၁၈	၁၃၊ သီရိမြိုင် ၇-လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဒေါ်ဒေလီယာဒေဝီ (ခ) ခင်အေးမြင့်	၁၂/အစန (ပြု) ၀၀၀၀၉၆	၇၇၊ မင်္ဂလာလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဒေါ်ခင်ခင်ငြိမ်း	၉/မရမ (နိုင်) ၀၅၀၄၂၆	၃၂၆၊ ဇီဇဝါလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပြည်သာ	၁-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဦးသိန်းအောင်ကျော်	၁၂/ရကန (နိုင်) ၀၀၈၁၅၇	၄၀၆/ခ၊ ဗိုလ်စောဦး ၁-လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာ	၁-ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၁၇	ဦးစိုးသိန်း	၁၂/အစန (နိုင်) ၁၁၄၄၉၇	၄၄၊ အောင်မင်္ဂလာ ၂-လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်	၂-ထပ်တိုက် ဆောက်လုပ်ရန်
၁၈	ဒေါ်တင်တင်	၁၂/စခန (နိုင်) ၀၀၉၈၆၅	၂၅၊ ရွှေလောင်းလမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်း	၃-ထပ်တိုက် ဆောက်လုပ်ရန်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	ဦးဇော်မင်း	၁၂/တမန(နိုင်)၀၀၁၁၆၇	ဒဂုံတောင်	၁၀၇	၂၇၁/ခ	ဦးစိုးမြင့်	၂၇၁/ခ၊ ဥက္ကာ(၂)လမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၂။	ဦးဇော်မင်း	၁၂/တမန(နိုင်)၀၀၁၁၆၇	ဒဂုံတောင်	၁၀၇	၂၇၂/ခ	ဦးမျိုးခိုင်	၂၇၂/ခ၊ ဥက္ကာ(၂)လမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၃။	ဦးဇော်မင်း	၁၂/တမန(နိုင်)၀၀၁၁၆၇	ဒဂုံတောင်	၁၀၇	၂၇၅/က	ဒေါ်သန်းစိန်	၂၇၅/က၊ ဥက္ကာ(၂)လမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၄။	ဦးဇော်မင်း	၁၂/တမန(နိုင်)၀၀၁၁၆၇	ဒဂုံတောင်	၁၀၇	၂၇၅/ခ	ဦးလှအောင်	၂၇၅/ခ၊ ဥက္ကာ(၂)လမ်း၊ (၁၀၇)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၅။	ဦးသိန်းဝင်း	၁၂/မဂဒ(နိုင်)၀၀၉၉၄၅	မြောက်ဥက္ကလာ	၂၀/ရွှေပေါက်ကံ	၆၄	ဗိုလ်မှူးခင်မောင်အေး	၆၄၊ မဟာဗန္ဓုလလမ်း၊ (၂၀/ရွှေပေါက်ကံ)	ဂရန်သစ်
၆။	ဦးသိန်းဝင်း	၁၂/မဂဒ(နိုင်)၀၀၉၉၄၅	မြောက်ဥက္ကလာ	၁၇/ရွှေပေါက်ကံ	၈၉	ဗိုလ်ကြီးဘိုဝင်း	၈၉၊ တမ္ဗဝတီလမ်း၊ (၁၇/ရွှေပေါက်ကံ)	ဂရန်သစ်
၇။	ဒေါ်မွန်ရည်အေး(ဘီးလစ်)	၁၀/မလမ(နိုင်)၁၃၈၉၄၀	ဗဟန်း	၃၅ H	၇၄၉	ဦးသောင်းရွှေ+၁	၄၆၊ ပတ္တမြားလမ်း	မြေပုံကူး
၈။	ဦးဝင်းမြင့်+၁	၉/ဝတန(နိုင်)၀၉၇၅၄၅	သဃ်န်းကျွန်း	ထိုးရိပ်	၂၃၃	ဒေါ်ချစ်ငွေ	၂၃၃၊ (၈)လမ်း၊ ထိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း	ဂရန်သစ်
၉။	ဦးကျော်ဝင်းနိုင်	၁၂/ဥကမ(နိုင်)၀၇၀၀၂၁	ဒဂုံမြောက်	၄၁ တိုးချဲ့	I 4	တော်ဝင်ကုမ္ပဏီ	I-4၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၁၀။	ဦးမြင့်ဦး+၁	၈/တတက(နိုင်)၀၀၀၀၅၈	ဒဂုံအရှေ့	၁၅	၁၈၈	ဦးစိုးပိုင်ဦး	၁၈၈၊ (၁၅)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၁။	ဒေါ်လင်ကျွင်	၁၃/လရန(နိုင်)၁၁၁၀၅၉	ဒဂုံဆိပ်ကမ်း	၈၀	၃၈၉	ဦးတင်စိန်	၃၈၉၊ (၈၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၂။	ဒေါ်လင်ကျွင်	၁၃/လရန(နိုင်)၁၁၁၀၅၉	ဒဂုံဆိပ်ကမ်း	၈၀	၁၆၅	ဦးကြည်အေး	၁၆၅၊ (၈၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၃။	ဒေါ်သွယ်သွယ်မိုး	၁၁/စတန(နိုင်)၀၆၅၀၀၅	ဒဂုံမြောက်	၃၇	၁၄၄	ဗိုလ်ကြီးဇော်လွင်ထွန်း	၁၄၄၊ (၃၇)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၁၄။	ဦးသိန်းထွန်းဦး	၁၂/အလန(နိုင်)၀၂၄၂၈၅	ဒဂုံဆိပ်ကမ်း	၁၃၂ ဇုန်(၃)	၃၀	ဦးလင်းဟုန်ကြိုင်	၃၀၊ ၁၃၂ဇုန်(၃)ရပ်ကွက်၊ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၅။	ဒေါ်ဝင်းဝင်းမိုး	၁၂/မရက(နိုင်)၁၁၈၉၀၂	ဒဂုံအရှေ့	၁၁၈	၂၅၀	ဦးတင်ဝင်း	၂၅၀၊ (၁၁၈)ရပ်ကွက်၊ဒဂုံအရှေ့	ဂရန်သစ်
၁၆။	ဦးအောင်ဇေယျမျိုး	၁၃/လရန(နိုင်)၀၇၉၉၈၉	ဒဂုံမြောက်	၂၉	၂၇၅	ဦးမောင်ရွှေ	၂၇၅၊ (၂၉)ရပ်ကွက်၊ဒဂုံမြောက်	မြေပုံကူး
၁၇။	ဦးကျော်မြင့်	၁၂/သဃက(နိုင်)၀၄၇၉၈၂	ဒဂုံအရှေ့	၁၂၄	၂၇၂	ဦးမြင့်စိုး	၂၇၂၊ (၁၂၄)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၁၈။	ဦးခင်မောင်ကြည်	၁၂/ဒဂန(နိုင်)၀၀၅၁၃၅	ဒဂုံဆိပ်ကမ်း	၆၈	၁၄၉	ဒေါ် ပုကြည်	၁၄၉၊ ၊ (၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၉။	ဦးအောင်ဇော်ထွန်း	၁၂/ဥကတ(နိုင်)၀၁၄၁၁၇	ဒဂုံတောင်	၆၄	၁၀၆	ဒေါ်အေးအေးမြ	၁၀၆၊ ပန်းလောင်(၃)လမ်း၊ (၆၄)ရပ်ကွက်၊ စက်မှုဇုန်(၂)	အမည်ပြောင်း
၂၀။	မသန့်သီရိ(ကိုယ်စား)အုပ်ထိန်းသူဒေါ်မော်မော်	၁၂/မရက(နိုင်)၁၀၂၂၂၀	လှိုင်	၃၀	ဒီ ၅-၂	ဦးကျင်တိ	ဒီ.၆.ဘီ၊ လှိုင်ရတနာအိမ်ရာဝင်း	ဂရန်ခွဲ

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁။	ဒေါ်စမ်းယုသွယ်	၁၁/သတန(နိုင်)၀၆၁၃၆၀	ဒဂုံမြောက်	၃၇	၆၆၈	ဦးဖေသန်း	၆၆၈၊ (၃၇)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၂။	ဦးတင်ဝင်း	၁၂/သဃက(နိုင်)၀၂၄၁၅၆	ဒဂုံမြောက်	၄၆ သစ်ထည်	၆၆+၆၇	ဦးဟန်ကြည်	၆၆/၄၆၊ သစ်ထည်ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၃။	ဦးကျော်အေး	၁၃/သပန(နိုင်)၁၂၃၂၈၅	ဒဂုံအရှေ့	၁၃၄	၁၀၁၄	ဦးမြသင်း	၁၀၁၄၊ (၁၃၄)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၄။	ဦးကျော်ဇေယျ	၁၁/ဂမန(နိုင်)၀၂၉၇၄၀	ရွှေပြည်သာ	၃၆	၃၉၀	ဦးသာဇံ	၃၉၀၊ နေမျိုးစည်သူလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာ	အမည်ပြောင်း
၅။	ဒေါ်နော်သလေးဖော	၁၂/ဗတထ(နိုင်)၀၁၄၇၅၇	ဒဂုံမြောက်	၃၀	၄၉၂	ဒေါ်နော်တင်ကြည်	၂၅၊ ဗိုလ်ဇင်ယော်(၃)လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၆။	ဦးကျော်အေး	၁၃/သပန(နိုင်)၁၂၃၂၈၅	ဒဂုံအရှေ့	၁၃၄	၇၄၉	ဦးတင်ဝင်း	၇၄၉၊ (၁၃၄)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၇။	ဦးမောင်မောင်တင်+၁	၁၂/လသန(နိုင်)၀၀၆၂၄၄	ရွှေပြည်သာ	၆၄ (စက်မှုဇုံ)	၈၂	ဦးဇေယျာဦး+၁	၈၂၊ ပန်းတဉ်းဝင်းဦးရွှေဘင်လမ်း	အမည်ပြောင်း
၈။	ဦးမောင်ညွန့်+၁	၁၂/ဒဂန(နိုင်)၀၁၁၈၂၅	သဃ်န်းကျွန်း	ထိုးရိပ်	၁၇၆	ဦးသန်းရွှေ	၁၇၆၊ (၈)လမ်း၊ သဃ်န်းကျွန်း	ဂရန်သစ်
၉။	ဦးအဝေ+၁	၁၂/သဃက(နိုင်)၀၅၅၀၅၉	သဃ်န်းကျွန်း	စံပြ	၂၅၅	ဦးကြင်စိန်	၂၅၅၊ စံပြ(၃)လမ်း၊ သဃ်န်းကျွန်း	ဂရန်သစ်
၁၀။	ဦးခင်ညို	၁၂/လမန(နိုင်)၀၁၆၀၄၆	လှိုင်	၂၀/က+ခ	၆၆၁	ဦးထွန်းကြည်	၁၀၆၊ မာလာမြိုင်(၄)လမ်း၊ လှိုင်	ဂရန်သစ်
၁၁။	ဒေါ်သန်းမြင့်	၁၂/တမန(နိုင်)၀၅၈၈၀၇	မင်္ဂလာတောင်ညွန့်	၄ B	၃၀	ဒေါ်တင်သိန်း	၃၀၊ ပုသိမ်ညွန့်(၁)လမ်း	အမည်ပြောင်း
၁၂။	ဒေါ်မူ	၁၂/ကမရ(နိုင်)၀၃၇၀၁၁	ကမာရွတ်	၇၂	၈၇၄	ဒေါ်မူ	၂၈၊ ဘုရင့်နောင်လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်	ဂရန်သစ်
၁၃။	ဒေါ်တင်ကြည်	၁၂/ဥကတ(နိုင်)၁၄၄၄၉၇	တောင်ဥက္ကလာ	၉	၈၇၀/ခ	ဦးတင်စိန်၊ ဒေါ်တင်ကြည်	၈၇၀/ခ၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာ	ဂရန်ခွဲ
၁၄။	ဒေါ်ဝင်းမင်းသန်း	၁၂/ဥကတ(နိုင်)၁၃၄၉၉၆	တောင်ဥက္ကလာ	၉	၈၇၀/က	ဦးတင်စိန်၊ ဒေါ်တင်ကြည်	၈၇၀/က၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာ	ဂရန်ခွဲ
၁၅။	ဒေါ်သိမ့်စန္ဒာအောင်	၇/ရတရ(နိုင်)၀၀၀၀၁၁	မရမ်းကုန်း	၄၀	၃/၉ က	ဗိုလ်မှူးကြီးမြင့်အောင်၊ ဒေါ်အေးအေးသွင်	၃/၉၊ တော်ဝင်လမ်း၊ (၄)ရပ်ကွက်	အမည်ပြောင်း
၁၆။	ဒေါ်တင်တင်နွဲ့+၂	၇/ဖမန(နိုင်)၀၉၉၄၅၀	လှိုင်	၃၂	၁/ဆ ၂	ဦးပန်းစိန်	၁၀၀၊ မွှေးရုံလမ်း၊ (၁၁)ရပ်ကွက်	မြေပုံကူး
၁၇။	ဦးသန်းလွင်	၉/တကန(နိုင်)၁၅၆၁၈၁	လှိုင်	၂၀(က+ခ)	၅၂၆	ဒေါ်သန်းအေး	၂၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်	အမည်ပြောင်း
၁၈။	ဦးအိုက်ထွေး	၁၃/တကန(နိုင်)၀၆၈၃၈၆	မရမ်းကုန်း	၂၇ သမိုင်း	၈/ဃ 6-B	ဒေါ်စန်းမြင့်	၉/က၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်(၁)လမ်း၊ (၆)ရပ်ကွက်	အမည်ပြောင်း
၁၉။	ဦးစိန်ဝင်းဝေ	၉/ခအဇ(နိုင်)၀၀၀၅၆၉	မရမ်းကုန်း	၁၃ ကံဘဲ့	၇/၅ ၁	ဒေါ်သန်းသန်း(ခ)ဒေါ်အေးအေးထား	၉/က၊ ကမ္ဘာအေးစေတီလမ်း၊ (၈)ရပ်ကွက်	အမည်ပြောင်း
၂၀။	ဦးခင်မောင်ငွေ+၁	၅/ဒပယ(နိုင်)၀၆၄၃၆၃	မင်္ဂလာဒုံ	၅၃၂ B	၄	ဒေါ်မြင့်မြင့်	၄၊ ဂန္ဓမာလမ်း နှင့် ခိုင်ရွှေဝါလမ်းထောင့်	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဦးကွာစွန်မြိုင်(ခ)ဦးပျို့ဝါ(ကျောက်တန်း)
အသက်(၉၅)နှစ်
(နာယက)
New Strength Company Limited
Lin Distribution Group

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၃၄)နေ (ဦးစံညွန့်)-ဒေါ်ကျင်ရွှေတို့၏ သားသမက်၊ ဒေါ်ရတီ(ခ)ဒေါ်ခင်လှ၏ခင်ပွန်း၊ ဒေါ်ကျင်သန်း၊ ဒေါ်နွဲ့တို့၏ခဲအို၊ ဒေါ်သန်းသန်းမြင့်၊ ဦးစုဝေ(MD-New Strength Co., Ltd.၊ LDG)-ဒေါ်သီသီလှ၊ ဦးငွေးမြင့်-ဒေါ်ကျင်စော၊ ဦးကျော်ဦး-ဒေါ်မြင့်မြင့်လွင်၊ ဒေါ်မာမာတင်၊ ဒေါ်ပြုံးပြုံးသန်း၊ ဦးကျော်ကျော်လွင်-ဒေါက်တာရီရီမြင့်တို့၏ဖခင်၊ မအေးမြမြ (MBA, New Strength Co., Ltd.)၊ မထူးထက်ထက်ကျော်(ဆေး-၁၊ ရန်ကုန်၊ နောက်ဆုံးနှစ်၊ အပိုင်း-က)၊ မဝင့်ဇာနည်လင်း (အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ဒုတိယနှစ်)၊ မောင်ရဲအောင်ထက်(BA-English)၊ မောင်ငြိမ်းချမ်းထက်၊ မအိရွှေစင်ထက်၊ မောင်ဝေယံမြင့်၊ မမို့မို့မြင့်ကျော်၊ မသန့်ရွှေရည်ထက်၊ မောင်အောင်ကျော်ကျော်တို့၏အဘိုးသည် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားလုံး အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအေးဟန် (ပန်းတနော်၊ မင်းဆယ်ရွာ)
အသက်(၈၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မင်းဆယ်ရွာနေ(ဦးကျန်-ဒေါ်ဖွားမြင့်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဇ္ဇနာ ၉လမ်း၊ အမှတ် ၃နေ(ဒေါ်သောင်းတင်)၏ခင်ပွန်း၊ ဒေါ်စောရှင်၏မောင်၊ (ဦးသိန်းငွေး)၊ ဦးထွန်းမင်း(ခ)ဦးဒီယော-ဒေါ်နီလာဟန်၊ ဦးမိုးကျော်ဟန်(ခ)ဦးမင်းဇော်-ဒေါ်ဖြူဖြူအောင်၊ ဦးမျိုးမြင့်ဆွေ-ဒေါ်နီနီဟန်၊ ဦးဇော်နိုင်ထွန်း-ဒေါ်ခင်ကြေးမှုံဟန်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၉း၅၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၀-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးလှကြွယ်
(ဆင်ဖြူတော်ဆေးတိုက်၊ ဈေးတန်းရပ်၊ နမ့်ခမ်းမြို့)
အသက်(၈၇)နှစ်

ဦးသိန်းထွေး-ဒေါ်နန်းညွန့်တင်(ညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊စက်မှုဝန်ကြီးဌာန)တို့၏ဖခင် ဦးလှကြွယ် အသက်(၈၇)နှစ်သည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်
စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းရင် (တမိုက်သာရွာ၊ တောင်သာမြို့နယ်)
အသက်(၈၃)နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁) လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ဦးမောင်မောင်ချို-ဒေါ်နီနီမာအေးတို့၏မိခင် ဒေါ်သန်းရင် အသက်(၈၃)နှစ်သည် ၁၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
စက်မှုတိုင်း(၁)၊ ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းရင် (တမိုက်သာရွာ၊ တောင်သာမြို့နယ်)
အသက်(၈၃)နှစ်

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁) လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ဦးမောင်မောင်ချို-ဒေါ်နီနီမာအေးတို့၏မိခင် ဒေါ်သန်းရင် အသက်(၈၃)နှစ်သည် ၁၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူး(၂)နှင့်ဝန်ထမ်းများ
စက်မှုအလုပ်ရုံအဆင့်(ခ)၊ စက်မှုတိုင်း(၄)၊ မိတ္ထီလာမြို့

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးစိုးဝင်း
(ရွှေပြည့်ဖြိုး အုတ်ထုံးသဲကျောက်ရောင်းဝယ်ရေး)
အသက်(၅၆)နှစ်

တံတားဦးမြို့နယ်၊ပေါက်တောရွာနေ(ဦးညွန့်ရှင်-ဒေါ်တင်ကြည်)တို့၏သား၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်နေ (ဦးချစ်သန်း-ဒေါ်ထွေးကြည်)တို့၏သားသမက်၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အိမ်အမှတ် ၁၁၃/၁၀နေ ကိုမောင်မောင်-မဇာဇာစိုး၊ မအေးမင်းစိုး၊ ဒေါက်တာပြည့်ဖြိုးအောင်တို့၏ဖခင်၊ မောင်သက်ထက်စံ၏အဘိုး၊ ဒေါ်ညိုညို၏ခင်ပွန်းသည် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမ ရှဒန်နန်အောင်
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် ၆ (လေးလွှာ)နေ သင်းထောက် ဦးလယောက်အောင်ဖန်း၏ဇနီးသည် ၁၈-၃-၂၀၁၃ရက် နံနက် ၂း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုပြီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ [စမ်းချောင်း၊ ရွှေပြည်အေးလမ်းရှိ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်းရှေ့နှင့် အမှတ် ၆(လေးလွှာ)၊မြဝတီလမ်း၊ မြေနီကုန်းမြောက်၊ စမ်းချောင်းမြို့နယ်နေအိမ်တို့မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဦးထွန်းငွေ အသက်(၉၅)နှစ်

ဒေါက်တာခင်စမ်းခိုင်(ခွဲစိပ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏ဖခင် ဆရာကြီး ဦးထွန်းငွေသည် ၁၃-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခွဲစိပ်ကုပညာအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုန်းကြည် (ဟင်္သာတမြို့)
အသက်(၉၀)

ဟင်္သာတမြို့နေ (ဦးစွန်းနား-ဒေါ်မယ်ဝန်)တို့၏သမီးကြီး၊ (ဦးဟုတ်ကျောင်)၏ဇနီး၊ (ဦးရွှေ)-ဒေါ်ပြုံး၊ (ဦးလှကြိုင်)-ဒေါ်တင်ဝင်းတို့၏အစ်မကြီး၊ မန္တလေးမြို့နေ ဒေါ်ညွန့်ညွန့်၊ ဗိုလ်ချုပ်ကျော်သန်း(ငြိမ်း)-ဒေါ်စိန်စိန်၊ ဒေါက်တာသိန်းငွေး-ဒေါ်သန်းသန်းဆင့်၊ ဦးဝင်းကြည်-ဒေါ်အေးအေးရီ၊ ဦးအောင်မင်း-ဒေါ်မြမြစိန်တို့၏မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အမှတ် ၄၀၊ ဂန္ဓမာလမ်းနေအိမ်၌ ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မြကြည် (ရက်ကန်းဆရာမဟောင်း)
အသက်(၈၁)နှစ်

နောင်ချိုမြို့နယ်၊ ကံကြီးအုပ်စု၊ ညောင်ပင်သာရွာနေ (ဦးကြွယ်-ဒေါ်မြ)တို့၏သမီး၊ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်နေ (ဦးဦးကျော်ဖြူ-ဒေါ်ပု)တို့၏ချွေးမ၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ဗုဒ္ဓဂယာကျောင်းလမ်း၊ အမှတ် ၉၆နေ ဦးကျော်အေး(အရာခံဗိုလ်/ပညာရေးနည်းပြ၊ငြိမ်း)၏ဇနီး၊ ဒေါ်ခင်သန်းဦး(အလပြ၊ အထက-၄၊ ပြင်ဦးလွင်)၊ ဦးလှညွန့်(လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းဦးစီးမှူး၊ စက်မှု/သီးနှံဌာန၊ မကွေးတိုင်းဒေသကြီး)-ဒေါ်အေးအေးခိုင်(အလပြ၊ ငြိမ်း)၊ တကကစိုးမြင့်(ပဲခူးမြို့)-ဒေါ်သီတာအေး၊ သန်လျင်မြို့နေ ဦးဆန်းမြင့်-ဒေါ်သီတာ၊ ရဲအုပ်ထွေးမြင့် (ကယားပြည်နယ်၊ ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ခင်စောယု (လက်ထောက် လဝကမှူး၊ ပြင်ဦးလွင်)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၄-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကုန်းဘောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာဒေါ်တင်ရီရီ (Nina) (မိုးကုတ်ယောဂီ)
တာဝန်ခံဆရာဝန်(ငြိမ်း)၊ ဗဟန်းမြို့နယ်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ကွန်ဒို(A)၊ အခန်း ၁၂၀၂နေ (ဦးဘာဘာ-ဒေါ်စောတင်)တို့၏သမီး၊ (ဦးစဝ်ထီး-ဒေါ်ရွှေမြ)တို့၏သမီးချွေးမ၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးစဝ်စိုင်းလုံ၏ဇနီး၊ မအေးအေးသန်း၊ စိုင်းလင်းကြည်-မိခင်ဦးမော်၊ စိုင်းအောင်ကျော်-မသွဲ့နိုင်ဦး(Y.C.D.C)တို့၏မိခင်၊ မင်းခွဲစစ်ပိုင်လင်းကြည်၊ မောင်သုခဟိန်း၊ မောင်ညဏစွမ်းတို့၏အဘွားသည် ၁၉-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာဒေါ်တင်ရီရီ
တာဝန်ခံဆရာဝန်(ငြိမ်း)၊ ဗဟန်းမြို့နယ်
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ကွန်ဒို(A)၊ အခန်း ၁၂၀၂နေ (ဦးဘာဘာ-ဒေါ်စောတင်)တို့၏သမီး၊ (ဦးဝင်းမောင်-ဒေါ်ဖွားသန့်)၊ ဦးဝင်းဖေ-(ဒေါ်ညွန့်ညွန့်ဝင်း)တို့၏ညီမ၊(ဦးမောင်မောင်)-ဒေါ်ရီစီ၊ဦးမြတ်စံဦး-ဒေါ်သန့်သန့်အေး၊ဦးသိန်းဇော်-ဒေါ်သောင်းသောင်းငွေး၊(ဦးပါပီး)-ဒေါ်အေးမြင့်တို့၏အစ်မ၊ (ဦးစဝ်ထီး-ဒေါ်ရွှေမြ)တို့၏သမီးချွေးမ၊ (ဦးစဝ်ကျော်ဇံ-ဒေါ်ခင်တင့်)၊(ဗိုလ်မှူးစိုင်းအောင်ဝင်း)-ဒေါ်ခင်ဝင်းဖြူတို့၏ညီမ၊ ဦးမျိုးမြင့်-ဒေါ်စဝ်မြဝတီ၊ ဦးစဝ်ယွန်းပိုင်-(ဒေါ်ရွှေရွှေ)၊ ဦးစဝ်ထွန်းနိုင်-ဒေါ်တင်နွဲ့ရီ၊ (ဦးစိုင်းမျိုးသန့်)-ဒေါ်စဝ်သီတာထွေးတို့၏အစ်မ၊ စိတ်ရောဂါအထူးကု ပါမောက္ခ ဒေါက်တာဦးစဝ်စိုင်းလုံ၏ဇနီးသည် ၁၉-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအောင်ငွေ (မြိတ်)
ဒုတိယတပ်ရင်းမှူး၊ တပ်ရင်း(၃)၊ အရန်မီးသတ်တပ်ဖွဲ့
အသက်(၆၆)နှစ်

မြိတ်မြို့၊ မြို့သစ်(၇)ရပ်ကွက်၊ ပြည်သာယာလမ်းနေ (ဦးစံသိန်း-ဒေါ်မာ)တို့၏သား၊ ဒေါ်ခင်သန်းတင့်(ခ)ဒေါ်လှလှ၏ခင်ပွန်း၊ ကိုတင်ထွန်းလင်း-မအိအိမ်သူ(ခ)မမော်၊ ဗိုလ်မှူးခင်မောင်လွင်(ကျောင်းအုပ်ကြီး၊ အမှတ်-၆၊ ပညာရေးကျောင်း)-ဒေါ်နှင်းနွယ်နီလင်း၊ ဒုတိယဗိုလ်မှူးကြီးသိန်းစိုး(ငြိမ်း) (မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြိတ်)-ဒေါ်စပယ်ဖြူလင်းအောင်၊ ဗိုလ်ကြီးဇော်ဝင်း(ငြိမ်း) (ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ တာချီလိတ်)-ဒေါ်စပယ်ခိုင်လင်း၊ ကိုစည်သူလင်း-မခင်သူဇာထွန်း၊ မောင်ဇေယျာလင်းတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၇-၃-၂၀၁၃ရက် နံနက် ၂း၅၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ကျော်နိုင် (ပ-၃၉၃၈)
ထွေ/အုပ် အမှတ်စဉ်(၁၅) (၁၉၉၆)
ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး
မုဒုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွန်ပြည်နယ်
အသက်(၄၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်နေ ဦးတင်ဦး-ဒေါ်ခင်ထွေးတို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ အမှတ် ၉၊ တရုတ်ကျောင်းလမ်းနေ ဦးဟန်ညွန့်-ဒေါ်အေးမြင့်တို့၏သားသမက်၊ ဒေါ်နွယ်နွယ်ဝင်း၏ခင်ပွန်း၊ မဂျူမီမီကျော်၊ မစုဖွေးဖွေးကျော်တို့၏ဖခင်သည် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

တောင်ကြီးအသင်း(ရန်ကုန်)
ဒေါက်တာဒေါ်တင်ရီရီ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ Condo-A၊ အခန်း ၁၂၀၂နေ တောင်ကြီးအသင်း၏ အကြံပေးပုဂ္ဂိုလ် စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစဝ်စိုင်းလုံ၏ဇနီး၊ တောင်ကြီးအသင်း အတွင်းရေးမှူး ဒေါ်စဝ်သီတာထွေး၏အစ်မသည် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈း၅၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသား အသင်းသူများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တိုးတင်
အလပြ(ငြိမ်း)အထက(ဇီးကုန်း)
အသက်(၅၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နေ (ဦးခင်-ဒေါ်ခင်သိန်း)တို့၏သမီး၊ ရွာမလမ်းနေ ဦးသောင်း-ဒေါ်ခင်သန်းတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၆၈၆၊ ငွေပုလဲလမ်း၊(၃၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးခင်မောင်ကြည်)၏ဇနီး၊ ကိုနေမျိုး-မခင်စုစုလွင်တို့၏မိခင်၊ မစံနဒီနေမျိုး၏အဘွားသည် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အမှတ် ၆၈၆၊ ငွေပုလဲလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးအောင်ဆန်း
747 အုတ်လုပ်ငန်း
(ဆားတလင်း)
အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ဆားတလင်းကျေးရွာနေ(ဦးချစ်စိန်-ဒေါ်ခင်ရီ)တို့၏သား၊ဦးညွန့်ရွှေ-ဒေါ်နှင်းရီတို့၏သားသမက်၊ ဦးတင်ဝင်း-ဒေါ်သန်းသန်းနွဲ့၊ ဦးအောင်သန်းတို့၏ညီ၊မောင်၊ ဦးအောင်ဇော်-ဒေါ်မြမြမိုး၊ ဦးဆန်းထွန်းဝင်း-ဒေါ်သန်းသန်းစိုး၊ (ဦးဇော်လင်း)-ဒေါ်အိအိခိုင်၊ ဦးမင်းသူ-ဒေါ်သန်းသန်းဝေတို့၏အစ်ကို၊ မမြတ်သဇင်အောင်၊ မောင်ဝင်းသူရ၊ မောင်အောင်မြင့်မြတ်တို့၏ဖခင်၊ ဒေါ်နွယ်နီဝင်း၏ခင်ပွန်းသည် ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ဆားတလင်းကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြတ်စိုးငြိမ်း
Assistant IT Manager
ELEVEN MEDIA GROUP
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် ၁၂နေ ဦးကျော်ငြိမ်း(ဦးစီးအရာရှိ၊ ငြိမ်း၊ပြည်တွင်းအခွန်များဦးစီးဌာန)၊ဒေါ်စမ်းစမ်းအေး (လက်ထောက်မန်နေဂျာ၊ ငြိမ်း)တို့၏သား၊ မောင်အောင်ဖြိုးငြိမ်း (Y Talk)၊မဖြူစင်ငြိမ်း(Final Part -B ဆေး-၁)တို့၏အစ်ကိုသည် ၁၈-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးစိုးမြင့် (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငြိမ်း)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၁လမ်း၊ အမှတ် ၄၂၀(က)နေ (ဦးဖိုးကျော့-ဒေါ်မယ်စိန်)တို့၏သား၊ ဒေါ်မြသိန်း၏ခင်ပွန်း၊ ဦးတင်ငွေး-ဒေါ်ရီရီလှိုင်၊ ဦးမြင့်လွင်-ဒေါ်စိန်စိန်မြင့်၊ ဦးဇော်တင့်(E/E PCL Shipping) -ဒေါ်ခင်မျိုးမြင့်၊ ဦးသိန်းဇော်(ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့)-ဒေါ်ခင်အေးမြင့်၊ ဦးကိုကိုဦး-ဒေါ်ခင်ငွေးမြင့်(လ/ထညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးမင်းသူရလင်း (Carnival Cruise Line)-ဒေါ်ခင်ထားမြင့်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁၈-၃-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၆း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာတင်မြင့်
(သွားဘက်ဆရာဝန်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂၃-ဒီ၊ သုခဝတီလမ်းနေ (ဦးဘတင်-ဒေါ်စိန်ဆင်)တို့၏သား၊ (ဦးစိန်-ဒေါ်ညိမ်းရင်)တို့၏သားသမက်၊ (ဒေါ်မြသောင်း)၏ခင်ပွန်း၊ (ဦးတင်အောင်)-ဒေါ်ခင်လှ၊ (ဦးမောင်မောင်-ဒေါ်တင်နု)၊ (ဦးအုန်းကြွယ်-ဒေါ်သန်းမြ)၊ (ဦးကြီးမြင့်-ဒေါ်ကြည်ကြည်)တို့၏ညီ/မောင်၊ ဦးဉာဏ်မြင့်၊ ဒေါ်ဝေဝေမြင့်-ဦးဝင်းလှသော်၊ ဒေါ်ယုယုမြင့်၊ ဦးမင်းမြင့်-ဒေါ်ချိုချိုသွင်တို့၏ဖခင်၊ မောင်ဉာဏ်ထွန်းမြင့်၊ မောင်ချမ်းဝေသော်၊ မစုဝေသော်၊ မောင်ယုယမြင့်တို့၏အဘိုးသည် ၁၉-၃-၂၀၁၃ရက်(အင်္ဂါနေ့)နံနက်၇း၄၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးအောင်စိုး (ငြိမ်း)
အသက်(၇၇)နှစ်

(ဦးဘမောင်-ဒေါ်စံယု)တို့၏သား၊ ဒေါ်တင်မေ၏မောင်၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းရပ်ကွက်၊ အမှတ် ၄လမ်းမ၊ အမှတ် ၃၆နေ ဒေါ်မြသွယ်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါ်မီမီခိုင်၊ ဦးကျော်ကျော်စိုး-ဒေါ်နီနီအောင်၊ (ဒေါ်ဖြူဖြူအောင်)၊ ဒေါ်ဝါဝါအောင်တို့၏ဖခင်၊ မောင်အောင်ကောင်း၊ မောင်ဉာဏ်လှိုင်ဘွား၊ မပွင့်ဖြူသန့်တို့၏အဘိုးသည် ၁၉-၃-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၃ရက်(တနင်္လာနေ့) နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ကြည်မြင့် (ကစလ၊ ငြိမ်း)
အသက်(၅၈)နှစ်

ဒေါ်ယွန်းစန္ဒီ(ခ)ဒေါ်ယဉ်ယဉ်ဝင်းကို၏ခင်ပွန်း၊ မယွန်းကြည်နူး၊ မောင်ဝင်းကြည်ထူးတို့၏ဖခင် ဦးအောင်ကြည်မြင့်သည် ၁၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်သန်းတင်၊ ဦးတင်ထွန်း၊ ဒေါ်တင့်တင့်
မောင်ကျော်လင်းထိုက်၊ မသန်းသန်းဝင်း
မနှင်းနွယ်ဝင်း၊ မသဇင်လင်းထိုက်

ဝမ်းနည်းကြေကွဲခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ ရှမ်းပြည်နယ်နမ့်စန်(တောင်) မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်စိုး(ဦးစီးအရာရှိ) အသက်(၅၅)နှစ်သည် ၁၈-၃-၂၀၁၃ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်နယ်အခွန်ဦးစီးဌာနမှူးနှင့်
ဝန်ထမ်းများ
ပြည်တွင်းအခွန်များဦးစီးဌာန၊ ရှမ်းပြည်နယ်

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးအာမက်အောဘိုလတ်
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊ အမှတ် ၆၉-အီးနေ (ဦးအက်စ်ကာဟူစိန်ဘိုလတ်)-ဒေါ်စိန်စိန်ရီတို့၏သား၊ ဒေါ်မာရီယမ်ဘီဘီ၊ ဒေါ်ဟာဇရာဘီဘီတို့၏တူ၊ ဦးဟာမစ်အောဘိုလတ်-ဒေါ်စိုးစန္ဒာထွန်း၊ ဒေါ်အာစီယာအောဘိုလတ်၊ ဒေါ်ဆွေဆွေဝင်းတို့၏ညီ/မောင်၊ ဆူလေမန်အောဘိုလတ်၊ အိုက်ရှာအောဘိုလတ်၊ နေမင်းပြည့်စုံ၊ သူရိန်၊ အာကာတို့၏ဦးလေး၊ ဆိုနီယာအောဘိုလတ်၏ဖခင်သည် ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၃-၂၀၁၃ရက်တွင် ရေဝေးကဘာရ်စတန်ဥယျာဉ်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

မကေဟောမာမာလာ(ခ) ပါးပါး
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် ၂၂ (ပ-ထပ်)နေ Mr. & Mrs. K.S.N မူရသီးတို့၏တစ်ဦးတည်းသောသမီး၊ Mr. Ravi Sankar-ဒေါ်ချိုမာ၊ Gerald Murthi (ခ)ဦးတယ်မီ၊ Paul Murthi (ခ)ဦးမြသိန်း-ဒေါ်ခင်ခင်ချိုတို့၏ညီမ၊ မဆွိတီ၊ မဖြူတီ၊ ဒေါက်တာထွန်းထွန်းဝင်း၊ ကိုကြည်သာ၊ မခင်စန္ဒာတို့၏အဒေါ်သည် ၁၉-၃-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၃ရက်မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် မတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှဗီယက်နမ်နိုင်ငံသို့ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော Mr. Pham Thanh Dung နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့မာတိကာ

လောကဝတ်အကြောင်းကို ကောင်းစွာသိရေးအတွက် ယဉ်ကျေးမှုသင်တန်းက အထောက်အပံ့များစွာ ဖြစ်စေနိုင် — ခေါင်းကြီး — စာမျက်နှာ-၂

ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ — ဆောင်းပါး — စာမျက်နှာ-၆

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

စင်ကာပူနိုင်ငံတကာ ရေကူးအားကစားပြိုင်ပွဲ မြန်မာလူငယ်များ ဆုတံဆိပ်များ သိမ်းကျုံးယူ

➤ တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး ➤ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၉

စင်ကာပူနိုင်ငံ၌ကျင်းပသည့် (၄၄)ကြိမ်မြောက် SINGAPORE NATIONAL AGE GROUP SWIMMINE CHAMPIONSHIP 2013 ရေကူးပြိုင်ပွဲတွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ လူငယ်ရေကူးအားကစားမောင်မယ်များသည် ဂျူနီယာတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်း ရွှေတံဆိပ် ၁၁ခု၊ ငွေတံဆိပ် ၁၄ခုနှင့် ကြေးတံဆိပ် လေးခု ဆွတ်ခူးနိုင်ခဲ့ရာ မြန်မာ့အလင်းသတင်းအဖွဲ့က မြန်မာနိုင်ငံသို့အောင်ပွဲဆုများနှင့်အတူ ပြန်လည်ရောက်ရှိလာသည့် မြန်မာရေကူးအားကစားမောင်မယ်များနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်မေးမြန်းခဲ့ပါသည်။

ဦးမောင်မောင်စိန် (ရေကူးနည်းပြနှင့် အသင်းခေါင်းဆောင်)

ကျွန်တော်တို့ ဒီပြိုင်ပွဲက အသက် ၈နှစ်ကနေ ၁၂နှစ်အထိ ပြိုင်တဲ့ပွဲပါ၊ ဒီပြိုင်ပွဲမှာ ရေကူးထိပ်သီးနိုင်ငံတွေဖြစ်တဲ့ စင်ကာပူ၊ သြစတြေးလျနဲ့ အိန္ဒိယနိုင်ငံတွေအပါအဝင် အသင်းပေါင်း ၂၂သင်း ပြိုင်ခဲ့ပါတယ်။ နိုင်ငံအရပြောရင် အာရှ၊ အာဆီယံနိုင်ငံပေါင်း ၁၀နိုင်ငံ ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီဂျူနီယာပြိုင်ပွဲမှာ အိမ်ရှင်စင်ကာပူထက် အောင်မြင်မှုပိုရခဲ့ပါတယ်။ အသင်းပေါင်း ၂၂သင်းပြိုင်ရာမှာ မြန်မာက ရမှတ်ပေါင်း ၂၅၄မှတ်နဲ့ အဆင့် ၇ ရရှိခဲ့ပါတယ်။ ကလေးတွေကို ပြိုင်ပွဲမဝင်မီကတည်းက အပြင်းအထန်လေ့ကျင့်ပေးနိုင်ခဲ့တဲ့အတွက် ဒီလောက်အောင်မြင်ခဲ့တယ်လို့ ထင်ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၃ ✻

ရေကူးအားကစားပြိုင်ပွဲ၌ ဆုရသူများအား တွေ့ရစဉ်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

အရေးပေါ်ဖြစ်စေ၊ သာမန်လူနာဖြစ်စေ အချိန်နှင့်တစ်ပြေးညီ လိုအပ်သည့်ကုသမှုများ ဆောင်ရွက်ပေး

နေပြည်တော် မတ် ၁၉

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ သယံဇာတနယ်မြေ မဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ထိုင်းနိုင်ငံ အကျဉ်းထောင်များ၌ အကျဉ်းကျနေသည့် မြန်မာနိုင်ငံသားအကျဉ်းသားများ လွတ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် ထိုင်းနိုင်ငံတွင် အကျဉ်းကျနေကြသည့် မြန်မာနိုင်ငံသားအကျဉ်းသားများ လွတ်မြောက်ရေး၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့်ရရှိရေးနှင့်ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခွင့်များရရှိရေးတို့အတွက် ထိုင်းနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် သံတမန်နည်းလမ်းများအရပါ စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

အမျိုးသားလွှတ်တော်အစည်းအဝေး

ရွှေများကို ကုမ္ပဏီနှင့်လုပ်ငန်းရှင်များ ပေးသွင်းခြင်းမရှိသည့်အတွက် နိုင်ငံ့ဘဏ္ဍာ နစ်နာဆုံးရှုံးလျက်ရှိ

နေပြည်တော် မတ် ၁၉

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို ယနေ့ကျင်းပရာ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဖင်သာဘိတ်က သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းမှ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုစနစ်ဖြင့် ရွှေသတ္တုထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေများကို ကုမ္ပဏီနှင့်လုပ်ငန်းရှင်များစွာတို့က ပေးသွင်းခြင်းမရှိကြသည့်အတွက် နိုင်ငံ့ဘဏ္ဍာဆုံးရှုံးနစ်နာလျက်ရှိသည်ကို သိရှိရပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ထိရောက်သော အစီအမံများချမှတ်ကာ အလေးအနက်ထား ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သင့်သည်ဟု အကြံပြုဆွေးနွေးလိုကြောင်း။

စာမျက်နှာ ၈ ကော်လံ ၅ ❁

မြန်မာယူ-၁၄ ဘောလုံးအသင်း ထိုင်းနှင့်ခြေစမ်းမည်

ရန်ကုန် မတ် ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် အေအက်ဖ်စီ ယူ-၁၄ ချန်ပီယံရှစ် ၂၀၁၄ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲများတွင် အောင်မြင်မှုရရှိရန် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အသက် ၁၄ နှစ်အောက်မြန်မာလူငယ်ဘောလုံးအသင်း ထိုင်းနိုင်ငံတွင်သွားရောက်ကာ ခြေစမ်းပွဲကစားရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မတ် ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)ယူ-၁၄ ချန်ပီယံရှစ် ၂၀၁၄ ခြေစစ်ပွဲများကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နေပြည်တော်ဇဗ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌လာမည့် မေ ၂၈ ရက်မှဇွန် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အသက် ၁၄ နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းသည် ခြေစမ်းပွဲအဖြစ် ထိုင်းနိုင်ငံသို့ လာမည့် မေလ ပထမသီတင်းပတ်၌ သွားရောက်ကစားရန် စီစဉ်ထားသည်။ အဆိုပါ မြန်မာလူငယ်ဘောလုံးအသင်းအား လာမည့်ဧပြီလ ဒုတိယသီတင်းပတ်တွင် ရန်ကုန်၌ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားရန်လည်း စီစဉ်ထားသည်။ အသက် ၁၄နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းသည် အေအက်ဖ်စီ ယူ-၁၄ ချန်ပီယံရှစ် ၂၀၁၄ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် အုပ်စု (C)၌ ပါဝင်သည်။ အုပ်စု(C)တွင် မြန်မာ၊ ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အရှေ့တီမောအသင်းတို့ပါဝင်လျက်ရှိသည်။

အသက် ၁၄ နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းသည် လောလောဆယ်တွင်အောင်မြင်မှုများ ရရှိရန်အတွက် ဂျပန်နည်းပြချုပ်တစ်ဦးနှင့် ပြည်တွင်းမှ နည်းပြသုံးဦးတို့နှင့်အတူ လေ့ကျင့်မှုများပြုလုပ်လျက် ရှိသည်။ (မြန်မာ့အလင်း)

မောင်ဇင်လင်း